
မိတ်ဆွေစာပေ
ဆင်တော်မှလှူသည်
ဓမ္မရသစာစုများ
ဆလိုင်းရွှေလင်း

**ပုံနှိပ်မှတ်တမ်း**

ပထမအကြိမ်၊ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ

**အုပ်ရေ - ၅၀၀**

**တန်ဖိုး - ၈၀၀**

**မျက်နှာဖုံးဒီဇိုင်း**

ချယ်ရီမေ (အင်းစိန်)

**ကွန်ပျူတာစာစီ**

ချယ်ရီမေ (အင်းစိန်)

**ထုတ်ဝေသူ**

ဦးချစ်ညွန့် (၀၄၀၀၄)၊ ဇင်ရတနာစာစောင်၊

၂၀၅၊ က/၄-လမ်း၊ မြို့သစ်၊ (က+ခ)ရပ်ကွက်၊ အင်းစိန်။

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ**

ဦးကျော်မင်းစိုး(၀ရ၃၄၆) စိုးမေတ္တာပုံနှိပ်တိုက်

အမှတ်(၁၇)၊ ၅၆-လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**"ထုတ်ဝေသည့်စာအုပ်ကတ်တလောက်အညွှန်း" (CIP)**

၃၉၀.၂

ဆလိုင်းရွှေလင်း

ဆင်တတ်မှလှသည် / ဆလိုင်းရွှေလင်း။ ရန်ကုန်၊

ဇင်ရတနာစာစောင်၊ ပထမအကြိမ်၊ ၂၀၁၄။

၁၃၈ - စာ၊ ၁၂ × ၁၈ စင်တီ

(၁) ဆင်တတ်မှလှသည်

# ဆင်တတ်မှလှသည်

## ဆလိုင်း ရွှေလင်း

# အမှာစာ

ဓမ္မရံသီ၊ ဓမ္မရတနာ၊ ရတနာ့တံခွန်၊ ချင်းရောင်ခြည်၊ တော်ဝင်ပန်း စသော ပြည်တွင်းထုတ်မဂ္ဂဇင်းဂျာနယ်များတွင်လည်းကောင်း၊ စင်္ကာပူနိုင်ငံထုတ် သဇင်မဂ္ဂဇင်းတွင်လည်းကောင်း၊ အမေရိကန်နိုင်ငံအခြေစိုက် မိုးမခဝက်ဆိုက်တွင် လည်းကောင်း၊ ဆလိုင်းရွှေလင်း၊ ဝိသေသ၊ သေရှောင်ချင်း၊ နေလင်းညီ စသော ကလောင်ခွဲများဖြင့် ရေးသားခဲ့သော ဓမ္မရေးရာ စာမူများကို စုစည်းဖော်ပြလိုက်ပါသည်။

သာသနာပြုဖော်မြူဖက် မိတ်ဆွေစာပေ ဂျုံမွှသိန်းက စီစဉ်ပေးသော ဒုတိယမြောက်စာအုပ်ဖြစ်ပါသည်။ ယခုကို မြင်၍ ကြည်လင်ကြပါစေ။ ဓမ္မရေးဖူးနိုး၍ လန်းဆန်းကြပါစေ။ ဓမ္မအသိဖြင့် ပီတိဖြာကြပါစေ။

ဆလိုင်းရွှေလင်း

၁၀-၇-၁၄



# အသံတွေ...အသံတွေ

## အပိုင်း(၁)

ဒကာရွှေရေ. . . အကြားအာရုံချို့တဲ့ ထိခိုက်စေတဲ့ အကြောင်းရင်းများကို မှတ်သားမိသလောက် ပြောပါဦး။

မှတ်မိသလောက် ဘယ်ဟုတ်မလဲဘုရား၊ တိတိကျကျကို ဖတ်ပြနိုင်ပါတယ်၊ ပြည်တွင်းထုတ် ကျန်းမာရေးဂျာနယ်စာစောင်မှာ အကြားအာရုံချို့တဲ့စေတဲ့ အကြောင်းရင်း ၉ ချက်ကို ဖော်ပြခဲ့ပါတယ်။

၁။ ဆူညံသောလုပ်ငန်းခွင်၌ အလုပ်လုပ်ရခြင်း
၂။ ပေါက်ကွဲသံတစ်ခုခုနှင့် ကြုံတွေ့ရခြင်း
၃။ အသံလှိုင်းတစ်ခုခု ကြုံရခြင်း
၄။ ပြင်းထန်စွာထိခိုက်မိခြင်း

မိတ်ဆွေစာပေ

# မာတိကာ


၁။ အသဲတွေ . . . အသဲတွေ(၁) ၆

၂။ အသဲတွေ . . . အသဲတွေ(၂) ၁၃

၃။ အသဲတွေ . . . အသဲတွေ(၃) ၂၅

၄။ မိဿကကံကို အသုံးချခြင်း ၃၈

၅။ ဆင်နှင်းခံရသူများ ၄၇

၆။ အမှောင်ထဲက အမှား ၅၄

၇။ ဆူးလှည်းမောင်းသူ (၁) ၆၂

၈။ ဆူးလှည်းမောင်းသူ (၂) ၇၀

၉။ ဆူးလှည်းမောင်းသူ (၃) ၇၉

၁၀။ ဆင်တက်မှ လှသည် ၈၅

၁၁။ လှပခြင်း၏ အခြားစာမျက်နှာ ၉၅

၁၂။ အတွင်းစည်းနှင့် အပြင်စည်း ၁၀၆

၁၃။ နောက်လိုက် တိုးပွားရေး ဩဇာအာဏာဖြန့်ကျက်ရေးသို့ ၁၁၇

၁၄။ စည်းစိမ်ဥစ္စာ၏ လာရာနှင့် လားရာ ၁၂၂

၁၅။ ဆရာကြီး ဦးလေးမြိုင်၏ ဩဝါဒ ၁၃၇

၁၆။ ၁၈ နှစ်ကြာ HIV ပိုးရှိသူ A မကိုက်သေး ၁၄၁

၁၇။ လွန်ခဲ့သော နှစ်ပေါင်း ၆၀ ကျော်က
မြန်မာရဟန်းတော်၏ Win - Win သီအိုရီ ၁၅၁

၁၈။ ပရိယတ္တိမှ ပဋိပတ္တိသို့ ကူးခဲ့သော် ၁၅၈

၁၉။ စနေမောင်မောင်နှင့် ဘိုးတော်ပြိုင်ပွဲ ၁၆၇

၂၀။ အရှိချင်း ဓမ္မပဒဘာသာပြန် ကုသိုလ်တော် ၁၇၆

၂၁။ ပါရမီဖြည့်ကြရာဝယ် ၁၈၄

၂၂။ စည်းစိမ်ဥစ္စာများ ပေးလှူနေသော ၁၉၄
၂၃။ ကောင်းစွာ အသုံးချဖို့ သတိရနိုင်ပါစေ ၂၀၈
၂၄။ ဗဟုယဉ်ကျေးမှု ထွန်းကားသော် ၂၂၁



၅။ ဆေးဝါးသုံးစွဲရာ၌ နားကိုထိခိုက်ခြင်း
၆။ ကလေးငယ်များတွင် နားတွင်း၌ရောဂါပိုးဝင်ခြင်း
၇။ မွေးရာပါ နားမကြားခြင်း
၈။ အသက်အရွယ်ကြီးရင့်သဖြင့် နားလေးခြင်း
၉။ နာတာရှည်ရောဂါ တစ်ခုခုကြောင့်ဖြစ်ခြင်း

၉ ချက်ဆိုပေမယ့် တူရာတူရာစုလိုက်မယ်ဆိုရင် နံပါတ် ၁၊ ၂၊ ၃ တို့က အသံအုပ်စု တစ်ခုတည်းပါလား။

မှန်ပါတယ်ဘုရား။ ဆေးတက္ကသိုလ်နောက်ဆုံးနှစ်သင်ရိုးထဲမှာ ကျန်းမာရေးဆိုင်ရာ ညစ်ညမ်းမှုတွေ ပါပါတယ်။ လေထုညစ်ညမ်းမှု၊ အသံညစ်ညမ်းမှု-စသဖြင့်ပေါ့။ ဒါတင်ဘယ်ကမလဲ၊ အမေရိကန်မှာ အကြားအာရုံချို့တဲ့သူရဲ့ ၅၀ရာခိုင်နှုန်းလောက်ဟာ ဆူညံသောလုပ်ငန်းခွင်များကြောင့်ဖြစ်ပြီး၊ ၁၇ ရာခိုင်နှုန်းလောက်ဟာ ပေါက်ကွဲသံကြောင့်ဖြစ်တယ်လို့ ဆိုပါတယ်၊ ဒါကြောင့် အသံနဲ့ပတ်သက်ပြီး အကြားအာရုံချို့တဲ့သူက ၇၀ ရာခိုင်နှုန်းကျော်ဖြစ်ပါတယ်။

အဲဒီ ၃ ချက်ကို နည်းနည်းရှင်းပြဦးကွ။

ဆူညံသော လုပ်ငန်းခွင်၌ အလုပ်လုပ်ရသူထဲမှာ လေယာဉ်ကွင်းဝန်ထမ်းတွေ၊ စက်မောင်းအလုပ်သမားတွေ၊ ထုရိုက်သံပေါ်

ထွက်တဲ့ စက်ရုံကအလုပ်သမားတွေ ပါဝင်ပါတယ်။ သူတို့က နားဆို့ကိရိယာ(Ear Plug) စတဲ့ အကာအကွယ် ကိရိယာတွေကို သေသေချာချာ စနစ်တကျ အသုံးပြုဖို့လိုပါတယ်။ ပေါက်ကွဲသံ တစ်ခုခုဆိုတာ ဗုံးပေါက်သံ၊ Gasပေါက်သံတို့ပေါ့၊ အသံလှိုင်း တစ်ခုခုဆိုတာ Ear Phone နဲ့ အသံနားထောင်ခြင်းအပါအဝင် လက်ကိုင်ဖုန်း၊ ကြိုးဖုန်း၊ အသံချဲ့စက်၊ T.V စသဖြင့် အသံမျိုးစုံ ပေါ့ဘုရား။

အသံဆိုတာလဲ မီးလိုပဲ၊ သုံးတတ်ရင်မိတ်ဆွေ၊ မသုံးတတ်ရင် ရန်သူပေါ့။ အင်း. . . အသံကိုအကြောင်းပြုပြီး သေတာတောင်ဖြစ် တယ်နော်။

တပည့်တော်သိတာက အသံနှုန်း ဒက်ဆီဘယ်(Decibel) ၉၀-ကျော်ရင် အကြားအာရုံ ပျက်စီးနိုင်တယ်။ ဂျက်လေယာဉ်ရဲ့ အသံနှုန်းက ၁၀၀-ဒက်ဆီဘယ်လို့ ဆိုပါတယ်။ ၁၆၅-ဒက်ဆီဘယ် ဆိုရင် လူတောင်သေနိုင်တယ်တဲ့ ဘုရား။

ဒကာရွှေပြောတဲ့ သေခြင်းက အသံဆူညံမှုကြောင့် တိုက် ရိုက်အားဖြင့် သေခြင်းပဲ။ ကျုပ်ပြောချင်တဲ့ သေခြင်းက အသံဆူညံ ကြောင့် သွယ်ဝိုက်သောအားဖြင့် သေခြင်းပဲ။

အဆန်းပါလား ဘုရား။





ဒီလိုကွ. . .၊ တို့မြန်မာမှာ ဆိုရိုးရှိပါရဲ့။ ကျောပူတာကို ခံနိုင်တယ်၊ နားပူတာကို မခံနိုင်ဘူးဆိုတာလေ။ အသံရဲ့ အနှောက် အယှက်ဟာ ဘယ်လောက်စိတ်ရှုတ်ထွေးစေသလဲ ဆိုတာပေါ်လွင် တယ်။ အာရုံကို နှောက်သွားတာပဲ၊ ခေါင်းကိုကိုက်သွားတာပဲလို့ ပြောကြတာ။ သတင်းစာထဲမှာပါတဲ့ သတင်းတစ်ပုဒ်ပြောပြမယ်။ ၂၀-၁၂-၂၀၁၁ နေ့ ည ၉- နာရီလောက်မှာ မရမ်းကုန်းမြို့နယ်၊ ၁-ရပ်ကွက်၊ မြို့သစ် ၁- လမ်းမှာပေါ့။ T.V အသံကျယ်တဲ့ ကိစ္စ ပြောကြတာ တစ်ယောက်တစ်ခွန်း စကားများကြရာက ဝိုင်းဝန်း ရိုက်နှက်မှုတွေဖြစ်ပြီး လူတစ်ယောက် ဓါးဒဏ်ရာရတယ်။ မြောက် ဥက္ကလာပဆေးရုံမှာ အတွင်းလူနာအဖြစ် ကုသနေတုန်း သေဆုံးသွား သတဲ့ကွ။ ဆူညံသံဟာ ဘယ်လောက် နောက်ဆက်တွဲဆိုးကျိုး တွေဖြစ်ပေါ်စေသလဲဆိုတာ သိသာတယ်နော်။ ဆူညံသံကတစ်ဆင့် အငြင်းပွား၊ အချင်းများကြပြီး ဒေါသမီး၊ မောဟမီးလောင်ပြီး တစ်ဦးကသေဆုံး၊ နောက်တစ်ဦးကထောင်ကျ၊ မိသားစုတွေဒုက္ခ ရောက်. . . ဩော်သံဝေဂ ရစရာကြီးပါလား။

တပည့်တော် ၁၁-၁၂-၂၀၁၁ နေ့မှာ တိုက်ကြီးမြို့၊ ပြည်သဒ္ဓမ္မဇောတိကာရုံစာသင်တိုက်ကို ရောက်ခဲ့ပါတယ်။ ဦးစီးပဓါန ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊

နိုင်ငံတော်သြဝါဒစရိယ ဘဒ္ဒန္တဉာဏဝံသကို ဖူးခဲ့တယ်။ ဆရာတော်ကြီးက ၁၆-၁၂-၂၀၁၁မှာ သက်တော် ၉၀- ပြည့်ခဲ့ပြီ။ ဒါပေမယ့် မျက်စိ၊ နား၊ သတိ. . . ကောင်းနေတုန်းပဲ၊ ဆရာတော်ကြီးကို ဓမ္မရေးရာများ ဆွေးနွေးလျှောက်ထားနေစဉ် ရပ်ကွက်မင်္ဂလာဆောင်ကဖွင့်တဲ့ အသံချဲ့စက်အသံက နားထဲကို တအုန်းအုန်းဝင်လာတယ်။ ဆရာတော်ကြီးက ဒီလိုမှတ်ချက်ချမိန့်ကြားပါတယ်ဘုရား။(ဆူညံလွန်းတယ်ကွာ၊ သင့်တော့်ရုံလောက်ဆိုကောင်းပါတယ်။ လွန်ကဲရင်တော့ ဘယ်ဟာမှမကောင်းဘူး။)

သာသနာတော်မှာ အသံနဲ့ပတ်သက်ပြီး နည်းမှန်၊ လမ်းမှန်၊ စည်းတမ်းဗျာကျသုံးရင် သာသနာပြုလုပ်ငန်းထိရောက်တယ်။ စည်းမဲ့ကမ်းမဲ့ ထင်ရာမြင်ရာသုံးရင်တော့ အကျိုးမရှိရုံမက သာသနာပြုလုပ်ငန်းကိုပါ ထိခိုက်တယ်ကွ။

တပည့်တော်ကတော့ အသံချဲ့စက်၊ ဆောင်းဘောက်နဲ့ ပတ်သက်ရင် ပြောလည်းအပြောချင်ဆုံးပါ။ ဒါပေမယ့် ပြောလည်းလုံးဝ မပြောချင်ပါဘူးဘုရား။

ဘာ့ကြောင့်တုန်း။

သာသနာတော်အရေးကို မျှော်တွေးလိုက်ရင် အပြောချင်ဆုံးပါဘုရား။ လူမုန်းများမှာစိုးလို့ မပြောချင်ဆုံးပါဘုရား။





ဒီလောက်တောင် လူမုန်းမခံချင်ရင် ဓမ္မစာပေမရေးနဲ့တော့။ ဒကာရွှေကို သာသနာပြုဘက်လို့ ကျုပ်ကအသိအမှတ်ပြုထားတာကို အားနာဦး။ ကျုပ်တို့ဆွေးနွေးဖူးတဲ့ သပ္ပုရိသဒါန ၅-မျိုးထဲမှာ အနုပဃာတဒါနဆိုတာ တစ်မျိုးနော်။ မိမိ၊ သူတစ်ပါး နှစ်ဦးသားကို မထိပါး မစွန်းငြိစေဘဲ လှူခြင်းတဲ့ကွ။ ကောင်းမှုပြုသူနဲ့ အခြားသူတို့ကို ပင်မထားပြီး အကုသိုလ်ရမှုကိုစဉ်းစားတော့ ၄-မျိုးဖြစ်လာတယ်။

၁။ ကောင်းမှုပြုသူလည်း ကုသိုလ်ရပြီး အခြားသူတွေလည်း ကုသိုလ်ရခြင်း။ ဥပမာ- လူတစ်ယောက် ရေအလှူကုသိုလ်ပြုတဲ့အခါ အခြားသူတွေလည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြတယ်။ နှစ်ဦးနှစ်ဘက် ကုသိုလ်ရကြတာပေါ့။

၂။ ကောင်းမှုပြုသူလည်း အကုသိုလ်ရပြီး အခြားသူတွေလည်း အကုသိုလ်ရခြင်း။ ဥပမာ-သေရည်သေရက်ကို ပေးလှူတယ်။ လှူတဲ့လူက ကောင်းမှုထင်ပေမယ့် အကုသိုလ်ဖြစ်နေတယ်။ အလှူခံတွေလည်း သောက်စားမူးရူးပြီး အကုသိုလ်ဖြစ်ကြတယ်။ အရက်သမားတွေ ဆူညံနှောင့်ယှက်မှုကြောင့် အခြားသူတွေလည်း စိတ်ညစ်ပြီး အကုသိုလ်ဖြစ်ကြရတယ်။

၃။ ကောင်းမှုပြုသူတွေကတော့ ကုသိုလ်ရပြီး အခြားသူတွေက

ကုသိုလ်မရတဲ့အပြင် အကုသိုလ်ဖြစ်ရခြင်း။ ဥပမာ-လူတစ်ယောက် ကုသိုလ်ပြုတဲ့အခါ အခြားသူတွေက သူ့အပေါ် ဣဿာမစ္ဆရိယ (မနာလိုဝန်တိုစိတ်)တွေ ဝင်လာပြီး ကဲ့ရဲ့ရှုတ်ချ ကြတယ်။ အဲဒါက ပုံစံတစ်မျိုးပေါ့။ အခြားပုံစံက ကောင်းမှုပြုတယ်ဆိုပြီး အသံ ချဲ့စက်ကို စည်းမဲ့ကမ်းမဲ့ သုံးတယ်။ ကြားရသူတွေ စိတ်ဆင်းရဲပြီး အကုသိုလ်ဖြစ်ကြတာ။

ကောင်းမှုပြုသူက အကုသိုလ်ရပြီး အခြားသူတို့က ကုသိုလ်ရခြင်း၊ ပေးလှူသူက သောက်စားမူးရူးစေလိုတဲ့ စေတနာနဲ့ သေရည်သေရက်ကို ပေးလှူတော့ အကုသိုလ် ဖြစ်တာပေါ့။ ဒါပေမယ့် အလှူခံတွေက မသောက်မစား၊ မမူးရူးဘဲ သေရက် သေရက်ကို ဆေးဝါးဖော်စပ်ရာမှာ သုံးပြီး ဇီဝိတဒါနပြုကြလို့ ကုသိုလ်ရကြတာပေါ့။

မေ့ရတနာ၊ ဧပြီ ၂၀၁၃



# အသံတွေ . . . အသံတွေ ၊၂၊

"ဒကာရွှေရေ၊ ဒီစာကလေး ဖတ်ပါဦး။ ကျုပ်ဆီ ရေးထား တဲ့စာပါ"

"တင်ပါ။ ဦးအေးကျော်က အရှင်ဘုရားထံ မေးထားတာ ပဲ"

ဦးအေးကျော်၏စာ

တပည့်တော် အိမ်ထောင်ကျခါစ . . . မြို့နယ် . . . . . ရပ်ကွက်မှ အိမ်ငှားဘဝနဲ့ နေခဲ့ပါတယ်။ အိမ်ရှေ့မလှမ်းမကမ်းက ဓမ္မရုံရဲ့ အသံချဲ့စက်ကြောင့် ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲ ခြင်း အကြီးအကျယ်ဖြစ်ခဲ့ရဖူးပါတယ်။

အသံချဲ့စက်က နံနက် ခြောက်နာရီကနေ ည ကိုးနာရီအထိ ဖွင့်တော့တာပါပဲ။ အလှူခံနှိုးဆော်မှုကလေး အော်လိုက်၊ အလှူရှင်အမည်တွေ ရွတ်လိုက်၊ ဆုပေးလိုက်၊ ပြီးရင် သီချင်းဖွင့်လိုက်နဲ့ အသံမစဲ ဆူညံပွဲကို ကျင်းပတော့တာပါပဲဘုရား။

ည ကိုးနာရီမှာ သိမ်းတယ်ဆိုပေမယ့် တစ်ခါတလေမှာ ငွေဘယ်လောက်ပြည့်ဖို့ ဘယ်လောက်ပဲလိုပါတော့တယ်။ သာသနာရေးမို့ ခေတ္တသည်းခံပါဆိုပြီး ဆက်အော်လိုက်တာ ည ၁၀ နာရီ ကျော်သွားပါရော။

ဆွမ်းလောင်းတဲ့ နံနက်ပိုင်းမှာတော့ နံနက် သုံးနာရီခွဲလောက်ကတည်းက စပြီးဖွင့်တော့တာပဲ။ တိတ်ဆိတ်နေတဲ့ အချိန်ဆိုတော့ အတိတ်တလန့် ရင်တုန်ပန်းတုန် နိုးလာတော့တယ်။ အဲဒီမှာ တက္ကသိုလ် ပထမနှစ်တုန်းက သူငယ်ချင်းဇော်ဦး လက်ဆောင်ပေးခဲ့တဲ့စာအုပ်ကို သတိရလာတယ်။ မောင်ပေါ်ထွန်းဘာသာပြန်တဲ့ "ယက်ဝ်တူရှင်ကို"သို့မဟုတ် "တိုက်ပွဲဝင်ကဗျာဆရာ" စာအုပ်ပေ့ါ။

အဲဒီမှာ "စနစ်အတွက် လူတွေကိုစတေးမှာလား။ လူတွေကောင်းကျိုးအတွက် စနစ်ကိုအသုံးချမှာလား"ဆိုတဲ့ စာသားပါ။ ဆိုဗီယက်ခေတ်တုန်းက ကွန်မြူနစ်စနစ်နဲ့ ဘုံစီးပွားရေးကို ဝေဖန်





တဲ့ ကဗျာဆရာပေ့ါ။ သူ့ကို လိုက်ဖမ်းလို့ဆိုလား၊ ပြည်ပကို ထွက်ပြေးခဲ့ရတယ်။ ဒါပေမယ့် အပြုသဘောဆောင်တဲ့ ကဗျာတွေပဲဆိုပြီး ခေါင်းဆောင်ပိုင်းက ပြန်ခေါ်လို့ သူ့နိုင်ငံကို ပြန်လာခွင့်ရခဲ့တယ်တဲ့။

တပည့်တော်ကလည်း "သာသနာအတွက် လူတွေက အဆင်းရဲ အနှိပ်စက်ခံရမှာလား၊ လူတွေရဲ့ ချမ်းသာစီးပွားအလို့ငှာ သာသနာကို ဗုဒ္ဓအလိုကျ လေးစားကျင့်ကြံ အသုံးချရမှာလား" ဆိုပြီး စဉ်းစားမိပါတယ်။

ဒါကို မေးမြန်းဆွေးနွေးလိုခဲ့ပါတယ်။ အပြောင်းအရွှေ့ဖြစ်တော့ အလှူခံအသံချဲ့စက်ရဲ့ နှိပ်စက်မှုကို မခံရတော့တာကြောင့် မေ့မေ့ပျောက်ပျောက် ဖြစ်သွားခဲ့ပါတယ်။

ယခု ၂၀၁၁ ခုနှစ် နှစ်ဆန်းပိုင်းမှာ တပည့်တော်နေတဲ့ တိုက်ခန်းတွဲရဲ့ ရှေ့မျက်စောင်းထိုးမှာ ဆွမ်းလောင်းမဏ္ဍပ်ရုံ တစ်ရုံ ပေါ်လာပါတယ်။ ကုသိုလ်ရေးကိစ္စတွေ လုပ်နိုင်ကြတော့မှာမို့ လမ်းသူလမ်းသားတွေ ဝမ်းမြောက်တက်ကြွနေခဲ့ပါတယ်။ ဒါပေမယ့် တပည့်တော်ကတော့ မဏ္ဍပ်ရုံလို့ ကြားလိုက်တာနဲ့ (ဗုဒ္ဓဘာသာဝင်ပီပီ ဝမ်းမြောက်ဝမ်းသာ ဖြစ်သင့်ပါလျက်) ခဲမှန်ဖူးတဲ့စာသူငယ်လို ကြောက်ရွံ့နေမိပါတယ်။

ထင်တဲ့အတိုင်းပါပဲဘုရား။ ယခင်နေတဲ့ အိမ်ကမှ ဓမ္မာရုံနဲ့ အလှမ်းဝေးပါသေးတယ်။ ခုတော့ ဓမ္မာရုံဘေးက သစ်ပင်ရဲ့ထိပ်မှာ ဟိုဘက်ဒီဘက် အသံချဲ့စက်(လော်)တွေ တပ်ပြီး အော်လိုက်ကြတာ ဘာပြောကောင်းမလဲ ဘုရား။ တိုက်ခန်းထဲမှာ တီဗွီကြည့်လို့လည်း သတင်းကြေငြာတာကို သဲသဲကွဲကွဲ မကြားရတော့ဘူး။ အိမ်သားအချင်းချင်း စကားပြောလို့လည်း သဲသဲကွဲကွဲ မကြားရတော့ဘူး။ နားထိုင်းတို့ရွာမှာ ဆိုသလို။ ပြောချင်ရင် နားနားကပ်၊ လက်ဝါးအုပ်ပြီး ပြောရတယ်။ အိမ်နောက်ဖေး သွားပြောလည်း ပဲ့တင်ထပ်အသံကြီး ကြားရတာပဲ။

အရုဏ်ဆွမ်းလောင်းတဲ့နေ့များဆိုရင် နံနက် ၃ နာရီ မိနစ် ၄၀ လောက်ကတည်းက "အလှူရှင်များ စုရုံးလာကြပါခင်ဗျာ" ဘာညာနဲ့ အကျယ်ကြီးအော်တယ်။ သံဃာတော်အရှင်သူမြတ်များ ကြွလာပါပြီဆိုပြီးလည်း အော်တယ်။ ဆွမ်းလောင်းလှူတာ အင်မတန်သဒ္ဓါဖြစ်စရာ ကောင်းပါတယ်ဆိုပြီးလည်း အော်တယ်။ ဘောလုံးပွဲ ကြေငြာသူလိုပဲ။ အပြုအမူတွေကို သရုပ်ဖော်နေတာ။

တပည့်တော်တို့လည်း ရတနာ သုံးပါး ဆည်းကပ်ကြသူများပါပဲ။ ဒါပေမယ့် တိုက်ခန်းတွဲမှာတော့ ရှစ်နာရီခြားတစ်ခါ။ နေ့ညာ၊ ညနေ စသဖြင့် အလုပ်ဆင်းရတဲ့ ဆရာဝန်တွေ၊ သူနာပြုတွေ





ဟိုတယ်ဝန်ထမ်းတွေ ရှိတယ်။ တပည့်တော်ဆိုရင်လည်း အရေးကြီးတဲ့ စာရင်းဇယားတွေကို ညဉ့်နက်သန်းခေါင်တိုင်အောင် အပြီးသတ်လုပ်ရတဲ့အခါ ရှိတယ်။ စာရေးဆရာတစ်ယောက်ဆိုရင်လည်း ညဉ့်နက်တဲ့အထိ စာရေးလေ့ရှိတယ်။ အဲဒီတော့ နံနက် လေးနာရီလောက် အသံချဲ့စက်သုံးတဲ့အတွက် အချိန်မတော် လန့်နိုးလာပြီး ပြန်အိပ်မရတော့ဘူး။ တချို့ဆိုလုပ်ငန်းခွင်ထဲသာ ရောက်သွားတာ။ အိပ်ရေးမဝလို့ စိတ်မကြည်လင်ကြဘူး။

ဒါကြောင့် ဒီလိုဘာသာရေးကိစ္စမှာ အသံချဲ့စက်သုံးတာနဲ့ ပတ်သက်ပြီး အရှင်ဘုရားရဲ့ အမြင်ကို ရေးသားချီးမြှင့်ဖို့ လျှောက်ထားအပ်ပါတယ် ဘုရားတဲ့။

* * * * *

"ဒကာရွှေကကော ဘယ်လိုမြင်တုန်း"

"အသံချဲ့စက်တွေသုံးမှ အလှူခံတွေမှန်း သိမှာပေ့ါ။ မသုံးရင် မသိဘူး။ မသိတော့ ဘဒ္ဒါပေါက်ပြီး လာရောက်လှူဒါန်းသူ ဘယ်ရှိမှာလဲ။ အသံချဲ့စက် လုံးဝမသုံးရင် အလှူရှင်တွေရဲ့ အကျိုးစီးပွား(ဝါ)ဒါန ပြုခွင့်ကို တားဆီးပိတ်ပင်သလို ဖြစ်မနေဘူးလားဘုရား"

"ဒကာရွှေက ခမ္မာရုံဂေါပကတွေနဲ့ ရင်းနှီးနေတော့ သူတို့ကိုယ်စား လျှောက်ထားပေးနေသလိုပဲနော်။ ကဲ. . . ထားပါတော့။ လှူချင်သူတွေက ကိုယ့်ဟာကို နှီးစက်ပေးပြီး နိုးထလှူဒါန်းကြလို့ မရဘူးလား။ လူ အယောက် ၂၀ ကို အော်နှိုးတာ လူ ၂၀၀ ကျော်လောက် လန့်နိုးပြီး အိပ်ရေးပျက်သင့်သလား။

"ကျုပ်ကလည်း ဆရာကြီး ဦးဖိုးကျားရဲ့ ဘုရားဖူးသွားခြင်းဆောင်းပါးကို သတိရတယ်။ ပန်းရောင်းသူတွေက ဝယ်ပါ။ လှူပါနဲ့ တစာစာလုပ်နေကြတော့ စာရေးဆရာက အမြင်ကတ်လာပြီးသူတို့ဆီက မဝယ်ဘူး။ ဣန္ဒြေရရနဲ့ထိုင်ရောင်းနေတဲ့ ဆိုင်ကပဲဝယ်ခဲ့သတဲ့။ အော်တိုင်းလှူကြတယ်လို့တော့ မထင်လေနဲ့ ဒကာရွှေ။

ဒကာမကြီးတစ်ယောက်ကလည်း လျှောက်ဖူးတယ်။ တီဗွီထဲမှာ အလွန့်အလွန် မဟားတရားကြီး ကြိမ်ဖန်များစွာ ကြော်ငြာတဲ့ ကုန်ပစ္စည်းတစ်ခုရှိသတဲ့။ အဲဒါနဲ့ ဒကာမကြီးက အဲဒီတံဆိပ်ပါတဲ့ ကုန်ပစ္စည်းကို အသေအချာ မှတ်ထားသတဲ့"

"အဲဒါကိုပဲ အမြဲဝယ်ယူအားပေးရောလား ဘုရား"

"ဘယ်တော့မှကို မဝယ်ဘူးတဲ့ဗျာ။ တီဗွီကြည့် ပရိသတ်ကို ဒီလောက်တောင် အနှောင့်အယှက်ပေးရကောင်းလားဆိုပြီးဝယ်ကိုမဝယ်တာ။ များများကြော်ငြာတိုင်း များများရောင်းရမယ်





လို့ မထင်နဲ့နော်။ အခုလည်း ဘေးပတ်ဝန်းကျင်ကို နှောင့်ယှက်လွန်းတဲ့ အလှူခံအသံချဲ့စက်တွေကြောင့် လှူချင်စိတ်ရှိခဲ့သူတွေတောင်အမြင်ကတ်ပြီး မလှူတော့တာမျိုး ရှိနိုင်တယ်ကွဲ့"

"သံဃာတော်တွေ ကြွလာပါပြီ စသဖြင့် ပြောပေးပြီး အကျယ်ကြီး အမျှဝေပေးတာ သာဓုခေါ်ပေးတာ ကြားရသူအဖို့ကုသိုလ်ဖြစ်စရာ မဟုတ်ဘူးလား ဘုရား"

"သိပ်ဟုတ်တာပေါ့ ဒကာရွှေ. . .။ ဒါပေမယ့် ထမင်းကျွေးအလှူကြီးလုပ်ရုံနဲ့ ကုသိုလ်ရသွားရိုးလားကွ။ စားမယ့်အလှူခံတွေကလည်း ဆာလောင်နေခိုက် ဖြစ်ဦးမှ။ သူတို့ကျန်းမာရေးနဲ့တည့်တဲ့ အစားအသောက်လည်း ဖြစ်ဦးမှ။ သူတို့နှစ်သက်တဲ့အစာလည်းဖြစ်ဦးမှ၊ စားရကျိုးနပ်မှာနော်။

"စားပြီးသားလူကို ကျွေးကြည့်၊ ဟန်ဆောင်ပန်ဆောင်ပဲစားမှာ။ လေလွင့်ရုံပဲ ရှိတယ်။ ရောဂါနဲ့ မတည့်တဲ့ အစာများကျွေးလို့ကတော့ လူသတ်နေတာလားလို့တောင် ကွယ်ရာမှာ ပြောကြလိမ့်ဦးမယ်။ မနှစ်သက်တဲ့ မြိန်မြိန်ရှက်ရှက်မဖြစ်တဲ့ အစာကိုကျွေးရင်ကော အားရပါးရစားပါ့မလား။ စဉ်းစားစရာလေးတွေပြောပါတယ်။

"အကျယ်ကြီးအမျှဝေတဲ့အခါ စိတ်ပါလက်ပါဝမ်းမြောက်

ဝမ်းသာနဲ့ သာဓုခေါ်တဲ့သူဟာ လူတစ်ရာမှာ ဘယ်နှယောက်ရှိမလဲ။ ခင်ဗျားကိုယ်တိုင်ရော"

"အင်း. . . အဲ. . . ဒါကတော့ဘုရား"

"မဖြေနိုင်ရင်လည်း နေပါလေ။ ကျုပ်အတင်းမမေးပါဘူး။ ပြောချင်တာက အသံချဲ့စက်သုံးတဲ့ အကျိုးကြောင့် လူအများစုအဖို့ ကုသိုလ်ဖြစ်လာမယ်ဆိုရင် သုံးသင့်တာပေါ့။ သုံးသင့်တဲ့အချိန်မှာ သုံးသင့်သလောက်ကလေး သုံးရမှာ။

"ဟင်းတိုင်းမှာ ဆားမပါလို့ မဖြစ်ဘူး။ ဒါပေမယ့် ဆားငန်သွားရင်လည်း ဟင်းကပျက်စီးသွားရော။ သာသနာရေးကိစ္စမှာလည်း အသံချဲ့စက်က မပါမပြီးပေါ့ကွာ။ အသံချဲ့စက်မသုံးဘဲ ကျုပ်တရားဟောရင် လူသူပရိသတ်အများကြီးကို ကြားလောက်အောင် ဘယ်အော်နိုင်မှာတုန်း။ ဒါပေမယ့် တရားနာပရိသတ်ကြည်ကြည်လင်လင်ကြားရရုံကို သုံးသင့်တဲ့အချိန်မှာ သုံးရမယ်။ မနက်လေးနာရီလောက် ထအော်တော့ အလန့်တကြားနိုးကြပြီး သာဓုခေါ်သူထက် စိတ်ညစ်သူများနိုင်တယ်"

"သူတို့က ကုသိုလ်ရေးကို ကုသိုလ်ရေးမှန်း မသိလို့ သာဓုမခေါ်ကြတာပါဘုရား။ မယူတတ်လို့ မရကြတာပါ"

"ဒါဆိုရင်. . . ဘုရားခေတ်က ဇာတ်လမ်းကို ပြောပြရ





တော့မှာပေါ့။ နွားကျောင်းသားတစ်ယောက် နွားပျောက်ရှာရင်း ဆာဆာလောင်လောင် မောမောပန်းပန်းနဲ့ ဘုရားရှင်သီတင်းသုံးရာ ကျောင်းအနားကို ရောက်လာတယ်။ ဒီအချိန်မှာ တရားဟောရင် တရားရမယ်ဆိုတာ ဘုရားရှင်မြင်တော်မူတယ်။

"ဒါပေမယ့် ဒီတိုင်းဟောလို့ကတော့ မရဘူး။ နွားကျောင်းသားကို ထမင်းကျွေးခိုင်းပြီး အမောပြေစေတယ်။ ဆာလောင်မောပန်းမှုတွေ ပျောက်တော့ စိတ်က ကြည်လင်လာတယ်။ အဲဒီအချိန် တရားဟောတော့ အရိယာဖြစ်သွားရော. . .။

"ခုလည်း အသံချဲ့စက်ရဲ့ နိုးဆော်သံ၊ အမျှဝေသံကို ကြားရတဲ့အခါ အိပ်ရေးဝဝနဲ့ နိုးလာပြီး ကြည်လင်တဲ့စိတ်ရှိမှသာ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်နိုင်မှာပေါ့။ သာဓုခေါ်တယ်ဆိုတာတ လည်း စိတ်ထဲက ဝမ်းမြောက်နိုင်တယ်။ တရားမဖွစာအုပ်တွေဖတ် ပြီးလည်း ဝမ်းမြောက်နိုင့်တယ်လေ။ တစ်ဆင့်ကြားစကားနဲ့လည်း ဝမ်းမြောက်နိုင်တာပဲ"

"အဲဒါကတော့ တပည့်တော်ကိုယ်တွေ့ပဲ။ လှိုင်သာယာတ ရပ်ကွက်အချို့မှာ ပိုင်းလတ်ကားနဲ့ ထမင်းဟင်းတွေ လိုက်ရောင်းနေ တဲ့သူတစ်ဦးကို တစ်ဆင့်ကြားနဲ့ ကြားရတာတောင် သာဓုခေါ်မိ တယ်။ အသံချဲ့စက်နဲ့ အော်တာမဟုတ်ဘူး"

"သူဟာသူ ရောင်းဝယ်နေတဲ့ကိစ္စ၊ ဝမ်းသာစရာလား"

"ဒီလိုပါဘုရား။ တော်တော်ဆင်းရဲတဲ့ ရပ်ကွက်တွေမှာ ထမင်းနဲ့ဟင်း လိုက်ရောင်းတာ။ ရောင်းတာဆိုပေမယ့် အရင်းငွေ တစ်ရာလောက်ကို ငါးဆယ်နဲ့ ရောင်းတာမျိုးပဲဘုရား။ ထမင်းဟင်းဆိုတာ အလေအလွင့် အပုပ်အသိုး စသဖြင့် ရှိတတ်တယ်။ ဆိုင်ခန်းငှားခ၊ ဝန်ထမ်းစရိတ်၊ အခြားအသုံးစရိတ်တွေ ရှိတယ်။ ဒါကြောင့် သုံးဆလောက် ရောင်းဈေးသတ်မှတ်ကြတယ်လို့ ကြားဖူးပါတယ်ဘုရား။ ခုဟာက အရင်းငွေရဲ့ ထက်ဝက်ကို အရှုံးခံတာ။

"အလကားပေးတာဆိုရင် လိုသူရော၊ မလိုသူရော တတ်နိုင်သူရော၊ မတတ်နိုင်သူပါ တရုန်းရုန်းနဲ့ လာယူကြပြီး ပြိုက်ခနဲ ကုန်သွားမှာ။ အရှုံးခံရောင်းပေးတော့ ထိရောက်တဲ့ လှူတာမျိုး ဖြစ်သွားတယ်။ အလှူရှင်ရဲ့အသံမကြားရ၊ သူ့ရုပ်ကို မမြင်ရပေမယ့် အကြိမ်ကြိမ် သာဓုခေါ်မိတယ်။

"ကိလေသာထူပြောတဲ့ လူသာမန်တွေအဖို့ တိတ်ဆိတ်တာကို ပျင်းစရာကြီးပဲလို့ ထင်တတ်ကြတယ်။ ဘုရားအစရှိသော သူတော်ကောင်းများကတော့ တိတ်ဆိတ်တာကို အေးချမ်းမှုလို့ မြင်တယ်။ အခြေအနေတစ်ခုတည်းကို ရှုမြင်သုံးသပ်ပုံ မတူကြဘူးကွ။





"ကျုပ်တို့ကလည်း ကိလေသာထူပြောတဲ့ လူသာမန်တို့ရဲ့ လမ်းစဉ်ကို လိုက်မလား၊ သီလ၊ သမာဓိ၊ ပညာပြည့်စုံတဲ့ သူတော်ကောင်းတို့ရဲ့ လမ်းစဉ်ကို လိုက်မလား. . . စသဖြင့် ရွေးချယ်ဖို့ သင့်ပါတယ်"

"သာသနာပြုတယ်ဆိုရင် သူများကို ကုသိုလ်စိတ်ဖြစ်အောင် လုပ်ရမှာလေ။ သူများတွေ အိပ်ရေးပျက်၊ နားဆူ၊ စိတ်ရှုပ်၊ စိတ်ညစ်ပြီး အကုသိုလ်ဖြစ်စေမယ်ဆိုရင် ကုသိုလ်လုပ်နေတာလား၊ အကုသိုလ်လုပ်နေတာလားလို့ မစဉ်းစားသင့်ပေဘူးလား"

"လောကုတ္တရာကိစ္စကတော့ ဟုတ်ပါတယ်။ ဒါပေမယ့် လောကီလူ့ဘောင်မှာတော့ အသံချဲ့စက်ကို မသုံးဘဲနဲ့ ခရီးမတွင်ပါဘူး ဘုရား"

"ကျုပ်ကလည်း မသုံးဖို့ပြောတာ မဟုတ်ပါဘူး။ သူများကို မထိခိုက်စေဘဲ စည်းနဲ့ကမ်းနဲ့ သုံးဖို့ပြောတာပါ။ လောကီကိစ္စဆိုလို့ ဖတ်ဖူးတဲ့သတင်းတစ်ပုဒ် ပြောပြဦးမယ်။ အမေရိကန်သမ္မတ တစ်ဦးဆိုရင် သူ့အစည်းအဝေးမှာ လက်ကိုင်ဖုန်းမြည်လာရင် အရမ်းစိတ်ဆိုးသတဲ့။ ဒါကြောင့် လက်ကိုင်ဖုန်းမှန်သမျှကို ပိတ်ထားကြရတယ်။ ယနေ့ခေတ်မှာ ဆွေးနွေးပွဲတွေ၊ ဟောပြောပွဲတွေ အစည်းအဝေးတွေမှာ လက်ကိုင်ဖုန်းတွေ မြည်သံကြောင့် စိတ်

အနှောင့်အယှက်ဖြစ်ကြတယ်ကွ"

"သမာဓိထူထောင်တဲ့အခါ အသံရဲ့ အနှောင့်အယှက်ဟာ အဆိုးရွားဆုံးပဲလို့ တောရဆောက်တည်တဲ့ ဆရာတော်တစ်ပါးက ဟောခဲ့ဖူးတယ်။ မမြင်ချင်ရင် မျက်စိမှိတ်လိုက်ရုံပဲ။ အသံကိုတော့ မကြားချင်လည်း ကြားနေရတယ်။ မကြားရအောင် ခလုတ်ပိတ်လိုက်သလိုမျိုး ပိတ်လို့မရဘူးတဲ့"

"ဟုတ်တယ် တောရဆောက်တည်ခြင်းရဲ့ အကျိုးကျေးဇူးကလည်း ဆိတ်ငြိမ်မှုပဲ ဒကာရွှေ။ နာမည်ကျော်မွေ့ကထိက ဆရာတော်တစ်ပါးကို ရပ်ကွက်တစ်ခုရဲ့ ဆွမ်းကြီးလောင်းပွဲမှာ ပင့်ခဲ့ဖူးတယ်ဆို. . .။ ဘာတွေ ဖြစ်သွားကြလဲ"

မွေ့ရတနာ မေ ၂၀၁၃



# အသံတွေ . . . အသံတွေ ၊၃၊

အဲဒီဆရာတော်က အပတ်စဉ်တရားပွဲမှာ ပြောတယ်။ "အဲဒီလောက်တောင် ဆူညံနေတာ. . . အဲဒီလိုဆူညံနေသခိုက် လှူဒါန်းသူတွေရဲ့ စိတ်ထဲမှာ ကြည်လင်မှု ရှိပါ့မလား။ နိဗ္ဗာန်ကို ရည်မှန်းဖို့ လွယ်ပါ့မလား။ အဲဒါစဉ်းစားကြ။ ဆူညံပွက်လောရိုက်တာကို ဆက်လုပ်နေကြဦးမယ်ဆိုရင် နောက်နှစ် ကျွပ်ကို မပင့်နဲ့တော့တဲ့"

"အဲဒါနဲ့ ဆူညံတာ ရပ်သွားရောလား"

"ရပ်တော့ရပ်သွားတယ်။ ဆူညံတာ ရပ်သွားတာတော့ မဟုတ်ဘူး။ ဆရာတော်ကိုပင့်တာ ရပ်သွားတယ်"

"အရှင်ဘုရားလည်း ပြောသာပြော၊ ဟောသာဟောပေ

မယ့် ဟောရင်းသာ ပျံလွန်တော်မူသွားမယ်၊ ဆန်ဖြူဖြူတစ်ခွက်ရဖို့ မမြင်တဲ့ ဖိုးသူတော်လို ဖြစ်နေဦးမယ်"

"ပျံလွန်တော်မူကာမှ ပျံတော်မူပေ့စေ၊ ဆိုရေးရှိက ဆိုအပ်လှတဲ့ ဒကာရွှေ။ ကျုပ်တို့ရဟန်းတွေရဲ့ တာဝန်ကိုက ဓမ္မနဲ့ပတ်သက်ရင် လွဲချော်နေတာကို တည့်မတ်ပေးရမှာလေ။ အားလုံးကိုတော့ မမျှော်လင့်ပါဘူး။ ပြောတာကို သဘောပေါက်သွားသူတွေ တစ်ဦးစ နှစ်ဦးစ ရှိပါစေဦး။ အဲဒီတစ်ဦးတစ်ယောက်သည်ပင်လျှင် ဥစ္စာ၊ အာဏာ၊ ဩဇာ တစ်ခုခုမှာ စွမ်းအားရှိခဲ့သော် သာသနာရေးအတွက် အင်မတန် အကျိုးများပါလိမ့်မယ်"

"ဥပမာပြောရရင် ကိုလိုနီခေတ်က အောက်မြန်မာပြည် ဒေသတစ်ခုမှာ သီလဝန္တရဟန်းတွေ နည်းနေတယ်။ ကျမ်းတတ်ပေတတ် ဆရာတော်တစ်ပါး ပြန်ကြွလာပြီး ဝိနည်းနဲ့အညီ နေထိုင်ပြီး ဟောပြောတယ်။ လူအများစုက သဘောမပေါက်ဘူး။ အစပိုင်းမှာတော့ စိတ်ဓာတ်ကျစရာလို ဖြစ်နေတာပေါ့။ ဒါပေမယ့် သူဌေးတစ်ယောက်က ဆရာတော်ရဲ့ ဟောပြောကျင့်ကြံမှုကို တန်ဖိုးထားနိုင်တဲ့ ဉာဏ်ပညာရရှိသွားတယ်။ အဲဒီနောက်ပိုင်း တော်တော်ကလေးပဲ သာသနာ့အရေး အားရစရာကောင်းလာတယ်"

"ဘုရားရှင်က ဆူညံတာကို လိုလားတော်မမူဘူးဆိုတာ





အထောက်အထားရှိပါသလားဘုရား"

"ရှိပါသော်ကော ဒကာရွှေ၊ အခါတစ်ပါးမှာ အမျိုးသမီးတစ်စုဟာ ဘုရားရှင်ရဲ့ ကျောင်းတော်အနီးမှာ လျှုဖွယ်ပစ္စည်းတွေကို စီမံရင်း ဆူညံ ဆူညံဖြစ်နေကြတယ်။ ဘုရားရှင်က ဘယ်သူတွေ ဘာကြောင့် ဆူညံနေသလဲလို့ မေးတော့ ညီတော်အာနန္ဒာက အကြောင်းရင်းကို ဖြေတယ်။ ဘုရားရှင်က အဲဒီလိုဆူညံတာကို မလိုလားကြောင်း၊ ထိုအမျိုးသမီးများကို အဝေးသို့ ထွက်သွားစေလိုကြောင်း မိန့်ကြားတော်မူတယ် ဒကာရွှေ။ ခုခေတ်မှာလိုများ အသံချဲ့စက်နဲ့ ဆူညံနေရင် ဘုရားရှင် ဘယ်လို မိန့်ကြားမလဲလို့ စဉ်းစားမိတယ်"

"ဘုရားရှင်ကိုယ်တိုင်ရော ပရိသတ်များစွာကို အသံချဲ့စက်မပါဘဲ အားလုံးကြားအောင် ဘယ်လိုဟောပါသလဲဘုရား"

"ဘုန်းတော်အနန္တရှိတော်မူသော မြတ်စွာဘုရားပဲ၊ တရားနာ ပရိသတ်အားလုံးဟာ ဘုရားရှင်ရဲ့ ဘုန်းတော်ကြောင့် မတိုးလွန်း မကျယ်လွန်းသော ပုံမှန်အသံနဲ့ ကြားကြရပါတယ်။ ဒါ့ပြင် ပါဠိလို ဟောသော်လည်း လူမျိုးအသီးသီးဟာ မိမိတို့ဘာသာစကားနဲ့ အလိုလို သဘောပေါက်ကြပါတယ်တဲ့"

"ဖြစ်နိုင်ပါ့မလားဘုရား"

"လေယာဉ်ပျံ မပေါ်ခင်တုန်းက လေယာဉ်ပျံလိုမျိုးနဲ့ ကောင်းကင်မှာ သွားလာမယ်လို့ စိတ်ကူးယဉ်ခဲ့ကြတယ်။ ဖြစ်နိုင်ပါ့မလားလို့ လူအားလုံးနီးပါးက မေးခဲ့ကြတာပဲ။ အီးမေးလ်လို၊ အင်တာနက်ကတစ်ဆင့် တစ်ကမ္ဘာလုံးနဲ့ စာပေးစာယူလုပ်တာကို စက္ကန့်ပိုင်း၊ မိနစ်ပိုင်းအတွင်း လုပ်ကြမယ်လို့ စပြောတော့ အားလုံးက ဖြစ်နိုင်ပါ့မလားလို့ မေးခဲ့ကြတယ်။ ဒါတွေတောင် ဖြစ်နိုင်ရင် ပါရမီတော် ၁၀-ပါးကို ဖြည့်ကျင့်တော်မူခဲ့သော သဗ္ဗညုတဉာဏ်တော်ရှင်ရဲ့ အရာပဲ။ ဖြစ်ကိုဖြစ်နိုင်တယ် ဒကာရေ"

"တပည့်တော်က ယုံကြည်ပြီးဖြစ်သော်လည်း သံသယဝင်သူတွေအတွက် အရှင်ဘုရားက ဘယ်လို ဖြေမလဲလို့ မေးတာပါ။ တပည့်တော်တို့ နိုင်ငံမှာ အသံချဲ့စက်သုံးတာ ထုံးစံလိုဖြစ်နေပြီ။ မသုံးသင့်တဲ့ကိစ္စမှာ မသုံးဘဲနေဖို့ လွယ်ပါ့မလား"

"သာသနာတော်ကို တကယ်ကြည်ညိုရင် လွယ်ရမှာပေါ့။ မလွယ်သေးဘူးဆိုရင် သာသနာတော်ကို တကယ်မကြည်ညိုသေးလို့ပေါ့။ ဘုရားရှင်ရဲ့ သာသနာတော်ပေါ်လာတော့ မသင့်လျော်တဲ့ ထုံးစံတွေ၊ အစဉ်အလာတွေကို ပယ်ဖျက်ပေးတော်မူပါတယ်။ အင်မတန် အမြစ်စွဲမြဲနေတဲ့ ထုံးစံမျိုးပေမယ့်လည်း သာသနာကို တကယ်ကြည်ညိုလို့ တကယ်စွန့်ပယ်နိုင်ခဲ့ကြပါတယ်။ ဥပမာ-





ဇာတ်စနစ်ဆိုပါတော့။ ရဟန်းဝတ်ကြာတာချင်းတူစေကာမူ စောစောရဟန်းဖြစ်သူကို နောက်ကျမှ ရဟန်းဖြစ်သူက ရှိခိုးဦးချရတယ်ကွ။ မင်းမျိုးမင်းနွယ်က ရဟန်းဝတ်လာသူက သူ့ထက်တစ်ရက်စောပြီး ကျွန်မျိုးနွယ်က ရဟန်းဖြစ်လာသူကိုပင် ရှိခိုးဦးချရတယ်ကွ"

"တပည့်တော်ကို ရပ်ကွက်လူကြီးတစ်ဦးက နောက်ပြောင်ပြီး ပြောဖူးပါတယ်ဘုရား။ မင်းတို့ကကွာ ဟိုတုန်းကတော့ အသံချဲ့စက်ဖွင့်ရင် ဝမ်းသာမြူးတူး ခုန်ပေါက်အော်ဟစ်နေကြပြီး ခုကျမှ ဆူညံသလေးဘာလေးနဲ့ ကြီးကျယ်နေလိုက်ကြတာတဲ့"

"ဒီလူက ခေတ်ကာလအခြေအနေနဲ့ အတိုင်းအဆသဘောကို မသိလို့ပြောတာ။ ကျုပ်တို့ငယ်ငယ် ၁၉၇၀ ဝန်းကျင်လောက်ကဆို တီဗွီ၊ ကက်ဆက်တောင် မရှိသေးဘူး။ ၁၉၇၀ နောက်ပိုင်းမှ ကက်ဆက်သီချင်း၊ ကက်ဆက်ဇာတ်လမ်းပေါ်လာတာ၊ တီဗွီပေါ်တဲ့နှစ်ကိုတော့ ၁၉၈၀ မှန်း မှတ်မိနေတယ်"

"၁၉၇၀ ဝန်းကျင်လောက်က ရေဒီယိုကိုပဲ အားကိုးအားထားပြုရတယ်။ ရွာမှာ ရေဒီယိုရှိတဲ့အိမ်ဆိုတာ မျက်နှာပန်းအလှဆုံးပဲ။ ဇာတ်လမ်းပမာနားဆင်စရာတို့ ရေဒီယိုခေတ်ပြားသီချင်းတို့ကိုပဲ စွဲစွဲမက်မက် နားထောင်ရတာ။ သူ့ခေတ် သူ့အခါတုန်းက

ရေဒီယိုလည်း ဈေးကြီးတာပဲ။ လူတိုင်းဝယ်နိုင်တာ မဟုတ်ဘူး။

"ရေဒီယိုကို ကတ်ဆက်က၊ ကတ်ဆက်ကို တီဗွီက၊ တီဗွီကို ဗီဒီယိုခွေက၊ ဗီဒီယိုခွေကို ဗွီစီဒီ၊ အဲဒီနောက် ဒီဗွီဒီတို့ အီးဗွီဒီတို့ ဘာတို့ အို. . . တီထွင်မှုတွေကတော့ ပြောမဆုံးပေါင် တောသုံးတောင်ဖြစ်နေပြီ။ အရုပ်၊ အသံပိုင်းဆိုင်ရာ ဖျော်ဖြေမှုတွေက ပေါမှပေါ၊ များမှများဖြစ်လာတယ်။ ကိုယ်က ဘယ်လောက်ပဲ တွံတေးသိန်းတန် သီချင်းကို ကြိုက်ပါစေ၊ တစ်ညလုံးမအိပ်ဘဲ နားထောင်နိုင်လို့လား။ ကဲ. . . ကြုံတုန်းမေးရဦးမယ်။ ဒကာရွှေ ဥပုသ်စောင့်ရင် ဘယ်သီလကို ထိန်းချုပ်ရအခက်ဆုံးလဲ. . ."

"မှန်ရာကို မကွယ်မဝှက် ဝန်ခံရရင် နစ္စ ဂီတ၊ ဝါဒိတ. . . သိက္ခာပုဒ်က အခက်ဆုံးပါပဲ ဘုရား။ ကိုယ်မှု နှုတ်မှုကို ထိန်းရတာ လွယ်ပေမယ့် နစ္စဂီတက နားထဲမှာ သာယာတဲ့ သဘော၊ မနောကံလည်း ပါနေသလားလို့ပါ"

"ဘာဖြစ်လို့တုန်း"

"ဥပုသ်သီလ ရှစ်ပါးကို မကျိုးမပေါက် မပြောက်မကျားရလေအောင် စောင့်မယ်ဆိုပြီး အခန်းတွင်းအောင်းကာ တစ်ဦးတည်းပဲ တရားနာတယ်။ တရားထိုင်ဖူးပါတယ်ဘုရား။ သီလ ခုနစ်ပါးကို တော့ ပြည့်ပြည့်ဝဝကို စောင့်သုံးနိုင်ပါတယ်။ အိမ်နီးနားအလျှ





ခံကဖွင့်တဲ့ သီချင်းသံတွေကို အပီအပြင်ကြားမိနေတယ်။ ကိုယ်ကြိုက်တဲ့သီချင်းမို့ သာယာသွားမိလိုက်၊ သတိဝင်ပြီး ဆင်ခြင်လိုက်နဲ့ ချာလပတ်ယမ်းနေခဲ့ပါတယ်။ ဒါကြောင့် နစ္စဂီတက အခက်ဆုံးပါဘုရား"

"ဒကာရွှေကလည်း ပုံပြင်ထဲက တောထွက်ဘုန်းကြီးတစ်ပါးလို ဖြစ်ပါရိုးလား။ ရွာတစ်ရွာက ကျောင်းထိုင်ဘုန်းကြီးတစ်ပါးဟာ ဘာသာရေး၊ လူမှုရေး၊ သာရေး၊ နာရေး ဘယ်ပွဲမှာမှ ဆိုင်းသံ၊ ဗုံသံ၊ သီချင်းသံကို လက်မခံဘူး။ ရပ်ရွာကတော့ သူ့ကို ဝိနည်းမို့ရိတယ်လို့ ကြည်ညိုတာပေါ့။ သူကလည်း တီးသံမှုတ်သံကို သေးသေးမွှားမွှားလေးကအစ တင်းတင်းကျပ်ကျပ် တားမြစ်တယ်"

"တစ်နေ့တော့ အလှူတစ်ခုကို ကြွရတယ်။ အဲဒီဘုန်းကြီးသံဃာစင်ပေါ် ရောက်တော့ ထောင့်တစ်နေရာက ဆိုင်းဝိုင်းကြီးက တီးမှုတ်ပါလေရော။ တောထွက်ဘုန်းကြီးလည်း ကွေးနေအောင်ထကတော့သတဲ့။ ဆိုင်းတီးတဲ့သူတွေကလည်း အချိုးအဆစ်ကျကျ ပြောင်ပြောင်မြောက်မြောက် ကနေတဲ့ တောထွက်ကိုယ်တော်ကြီးကိုမြင်တော့ အားပါလာပြီး ဆက်တီးတော့သတဲ့"

"ကကြိုးလည်းကုန် ဆိုင်းတီးလည်း ရပ်တော့ တောထွက်ကြီးက 'မှုတ်ပလာ၊ ဆိုင်းဝိုင်းမပါစေနဲ့ ပြောတဲ့ကြားက မပါနိုင်း

တာက မင်းတို့အတွက် မဟုတ်ဘူး။ ငါ့ကိုယ်ငါ စိတ်မချလို့ ငါ့အတွက်ပေါ့ ငါ့အတွက်'လို့ ပြောပြီး ထွက်သွားပါလေရောတဲ့"

"တောထွက်ကြီးဟာ လူ့ဘဝတုန်းက အကဝါသနာကြီးတဲ့ ဇာတ်မင်းသားဆိုပဲ။ အဲဒါကြောင့် သီချင်းသံ၊ ဆိုင်းသံ၊ ဟစ်ဟော့သံဆိုတာတွေက မင်းတို့လူတွေ မဆိုထားနဲ့ တို့လို ရဟန်းတွေအတွက်တောင် တကယ့်အနှောင့်အယှက်ပဲ"

"တပည့်တော် သူငယ်ချင်းတစ်ယောက်က မြို့နယ်အုပ်ချုပ်ရေးမှာ ပါခဲ့ဖူးတယ်။ အဲသံချဲ့စက်ဖွင့်ခွင့်တွေနဲ့ ပတ်သက်ရင် တော်တော်စိတ်ညစ်တယ်တဲ့။ ကိုယ့်ဗုဒ္ဓဘာသာတွေက လွန်လွန်ကဲကဲဖွင့်ကြ ဆူညံကြတော့ တားမြစ်ပြန်ရင်လည်း မကြိုက်ကြဘူး။ လွှတ်ထားပြန်ရင်လည်း အခြားဘာသာတွေက ပုံတီးတာ၊ ဗလီအော်တာတွေ လွန်လွန်ကဲကဲလုပ်ဖို့ လာပြီး ခွင့်တောင်းရင် ငြင်းရခက်တယ်။ ကိုယ့်ဘက်က အခွင့်အရေးယူတာ နောင်တစ်ချိန် အပြောရခက်မယ့်ကိစ္စလို့ သဘောမပေါက်ကြဘူးတဲ့။

"တပည့်တော်ဆီကို အသိတစ်ဦးက သူ့ခံစားချက်ကို စာရေးခဲ့ဖူးပါတယ်ဘုရား"





ရေးသောစာ

(ကျက်သရေ မင်္ဂလာအပေါင်း ခညောင်းပါစေ-လို့ ဦးစွာနှုတ်ခွန်းဆက် ဆုတောင်းလိုက်ပါတယ် ခင်ဗျာ)

ထိုအသံကို ကြားလိုက်ရသောအခါ စတင်ပြီး စိတ်ညစ်သွားပါသည်။ ကျက်သရေမင်္ဂလာအပေါင်း ရှိတော့မည်မဟုတ်ကြောင်း သိနေ၏။ မိုက်မှ ဆူညံမှုများကြောင့် အိပ်ကောင်းခြင်းလည်း အိပ်ရမည်မဟုတ်။ တီဗွီကြည့်လည်း အသံက မသဲကွဲ။ အချင်းချင်းစကားပြောလည်း သာမန်လေသံဖြင့် ပြော၍မရ။ ဘုရားရှိခိုး၊ ပုတီးစိပ်လို့လည်း အာရုံကမမိ။

လူရှင်တော်အချို့တင်ဆက်ဖျော်ဖြေသော ဟာသကို သွား၍ သတိရသည်။ သူငယ်ချင်းနှစ်ယောက်တွေ့ကြတော့ တစ်ဦးက တွေ့တွေ့ချင်း လက်သီးဖြင့် ပစ်ထိုးသည်။ ထိုးနေရင်း "မင်းကိုယ်ချမ်းသာပါစေလို့ ငါဆုတောင်းနေတာကွ"ဟုလည်း ပြောသေးသည်။ အထိုးခံရသူက ပြန်ဆောင့်ကန်ပြီး ပြောလိုက်သည်။ "မင်းလည်း စိတ်ချမ်းသာပါစေလို့ ငါဆုတောင်းနေတာကွ"

တစ်ယောက်က ရေသောက်မည်လုပ်သည့်အခါ အခြားတစ်ဦးက ရေခွက်ကိုလုပြီး လွှင့်ပစ်လိုက်၏။ လွှင့်ပစ်ရင်း "မင်းဆာလှောင်မွတ်သိပ်မှု ကင်းပါစေလို့ ငါဆုတောင်းနေတာကွ" ဟု

ပြော၏။ အူတက်မတက် ရယ်နေရသည်။ လူအချို့မှာ အပြောက တစ်မျိုး၊ လုပ်နေတာက တစ်မျိုး ဖြစ်ပုံကို သရော်ထားခြင်းဟု နားလည်းမိသည်။

* * * * *

"ဒကာရွှေရေ ဆူညံသံ အမျိုးအစားတွေကို ခွဲခြားကြည့်ရအောင်"

"စီးပွားရေးလုပ်ငန်းကို အကြောင်းပြုပြီး အသံချဲ့စက်သံ၊ ဆူညံသံများကိုကြည့်ရင် ထီတွန်းလှည်း၊ ထီကား၊ ထီဆိုင်တွေရဲ့ အသံကို တွေ့ရပါတယ်ဘုရား။ ကားတွေရဲ့ ဟွန်းသံကလည်း တော်တော်ပဲ ပြောစမှတ်တွင်နေတယ်။ ယာဉ်အန္တရာယ်ကင်းစေဖို့ သတိပေးတဲ့အနေနဲ့ ဟွန်းတီးခြင်းသာ သဘာဝကျပါတယ်။ ဒါပေမယ့် လမ်းမပေါ်ကနေ တိုက်ခန်းတွဲပေါ်က လူတွေကို အသံပေးတဲ့အနေနဲ့ ဟွန်းတီးခြင်းမျိုး၊ ဆဲဆိုတဲ့အနေနဲ့ ဟွန်းတီးခြင်းမျိုး၊ အပျော်သဘောနဲ့ နောင်ပြောင်ပြီးတီးတဲ့ ဟွန်းတီးခြင်းမျိုးကိုတော့ လက်ခံနိုင်စရာ မရှိပါဘူး။ အများကို အနှောင့်အယှက်ဖြစ်နိုင်ပါလားလို့ ဆင်ခြင်သင့်ပါတယ်။ ဘာသာရေး၊ လူမှုရေး၊ ပညာရေး စသည်ဖြင့် အကြောင်းပြုပြီးလည်း ဆူညံကြတာပါပဲ"





"ဟုတ်တယ် ဒကာရွှေ ကလောင်ရှင် စောဒကရဲ့ လော်စပီကာ ဖတ်စာမှာ အသံဆူညံသူတွေအကြောင်း ပီပီပြင်ပြင် သရုပ်ဖော်ထားတာက ဒီလိုကွ"

စောဒက၏ ရေးသားချက်

သီတင်းကျွတ်ပွဲ၊ တန်ဆောင်တိုင်ပွဲ၊ နှစ်သစ်ကူးပွဲ စသည့် ပွဲလမ်းသဘင်မျိုးစုံကို ခုတုံးလုပ်ကာ သူငယ်အိပ်ချိန်၊ သက်ကြီးခေါင်းချချိန်၊ မှင်စာအိပ်ချိန်၊ ငီးကွက်တစ်ရေးယူချိန်၊ လင်းနို့မှေးချိန်၊ တစ္ဆေသရဲအနားယူချိန်တို့တွင်သာမက လင်းကြက်တွန်ချိန်၊ ကျေးငှက်နိုးချိန်၊ အုန်းမောင်းခေါက်ချိန်၊ အရုဏ်ဆွမ်းခံချိန်တို့ အထိပါ လူအုပ်စုဖွဲ့၍ အသံသေး၊ အသံကြောင်၊ အသံနီ၊ အသံကြည်၊ အသံပြာ၊ အသံဝါ၊ အသံနက်၊ အသံပူ၊ အသံဆူများဖြင့် ပွက်လောရိုက်နေအောင် ဂီတာတဒေါင်ဒေါင်တီး သီချင်းဆိုညည်းကြသည့် ကလေကဝသူကောင့်သားများ၏ အသံက တစ်သွယ်။

မြို့ချင်း၊ အိမ်ချင်းကပ်လျက် ဘေးအိမ်နှစ်အိမ်ကလူများ နားဝွမ်းဆို့ထားရပြီး၊ တစ်ရပ်ကွက်လုံးရှိ ပုပုရွရွ လူပုဂ္ဂိုလ်မှန်သမျှ ကုပ်ကျား၊ အောင်နက်၊ ရွှေဝါ၊ မိကျား၊ ရွှေခဲတို့ တိရစ္ဆာန်များ အပါအဝင် တောက်တဲ့၊ အိမ်မြှောင်၊ ပုရွက်ဆိတ်၊ ခြင်၊ ယင်၊

ပိုးဟပ်၊ ခြ၊ ကြမ်းပိုး၊ သန်း၊ လှေး၊ အင်းဆက်၊ ပိုးမွှားတို့ပါ ကြားနိုင်သော လက်ဖက်ရည်ဆိုင်က ဗီဒီယိုဇာတ်ကားဖွင့်သံက တစ်နည်း၊ (ပ)အလှူခံ အသံချဲ့စက်တို့က တစ်ဘာသာ။

သီတင်းကျွတ်ကာလလွန်သည်နှင့် မြို့နယ်တိုင်း၊ ရပ်ကွက်တိုင်း၊ ဈေးတိုင်း၊ စေတီပုထိုး၊ ပရဝဏ်တိုင်း၊ ဓမ္မာရုံတိုင်း၊ အသင်းအဖွဲ့တိုင်း အလှူဒါနဆော်ဩသည့် လော်စပီကာများက တစ်ကဏ္ဍ၊ ဆယ့်နှစ်ရာသီပတ်လုံး မရိုးနိုင်အောင် ရှိတော့သည်။ (ပ)

**စာဒကာ၏ လော်စပီကာဖတ်စာ**

မြန်မာပြည် တစ်နံ့တစ်လျား
လော်စပီကာသံများ ဆူညံလှ၏။
အသံတိုးဖို့ ပြောမည့်သူများ မရှိသေး။
တဖြည်းဖြည်း ပို၍သာ ဆိုးလာ၏။
မရပ်မနား စကားပြောမည့်သူများ ပါသည်။
ခုနစ်သံချီ ဟစ်မည့်သူများလည်း ရှိ၏။
နားကို ဂွမ်းဆို့ထားကြပါ။
လူအများ စုဝေးနေကြသည်။
နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံများရှေ့တွင် ဖြစ်၏။





နားရောဂါဖြစ်သူ အများစုပါသည်။
အသံဝင်သူ အနည်းငယ်လည်း ရှိ၏။
နားဂွမ်းဆို့ထားသူ အများအပြား တွေ့ရသည်။
ကားဟွန်းသံနှင့် လော်စပီကာအသံများကြောင့်ဟု ဆိုကြ၏။
နားနှင့်မနာဘဲ ဖဝါးနှင့်သာ နာလိုကြတော့သည်။

ဓမ္မရတနာ ၄၄ ၂၀၁၃

# မိဿက ကံကို အသုံးချခြင်း

"ဒကာရွှေရေ... ဒီနေ့တော့ ကံ လေးမျိုးအကြောင်း ပြောချင်တယ်"

"ကောင်းပါတယ်ဘုရား။ သို့ပေမယ့် ကံအကျိုးပေးက အင်မတန်လေးနက်သိမ်မွေ့တာကြောင့် မကြံစည်အပ်သော တရားထဲမှာ ပါတယ်ဆိုသလားလို့ . . . ဘုရား"

"လောကမှာ မကြံစည်အပ်တဲ့အရာ လေးပါးရှိတယ်။ ဒါတွေကို ကြံစည်ရင် ရူးသွပ်ဖွယ်၊ ဆင်းရဲပင်ပန်းဖွယ်သာရှိသတဲ့။ (၁) ဘုရားရှင်တို့ရဲ့ ဘုရားအရာ။ (၂) ဈာန်ရပုဂ္ဂိုလ်တို့ရဲ့ ဈာန်အရာ၊ (၃) ကံရဲ့အကျိုး၊ (၄) လောကအကြောင်း ဒီလေးပါးပေါ့။ ဘယ်လိုကံကြောင့် ဘယ်အချိန်မှာ ဘယ်လိုအကျိုးပေးမျိုး ခံစား





ရမယ်လို့ အသေးစိတ်အတိအကျ ပြောနိုင်ဖို့ဆိုတာ ခက်တယ်။ ပုဗ္ဗေနိဝါသဉာဏ်ဆိုတာ ယခင်ဘဝများစွာကို သိသောဉာဏ်။ အနာဂတံသဉာဏ်ဆိုတာ နောင်ဘဝများစွာကို သိသောဉာဏ်။ ဒီဉာဏ်တွေရှိနေမှ သိနိုင်တာ။ ဒါကြောင့် သဗ္ဗညုတဘုရားရှင်တို့ရဲ့ အရာပဲ ဖြစ်လိမ့်မယ်။ ဈာန်အဘိညာဉ်ရတဲ့ ပုထုဇဉ်သည်ပင် ဉာဏ်မှာ အကန့်အသတ်ရှိနေနိုင်တယ်။ လွန်ခဲ့သော ဘဝပေါင်း ၁၀၀ ကို မြင်နိုင်ပေမယ့် ၁၀၁ ခုမြောက်ဘဝကို မသိတော့ခြင်း မျိုးပေါ့ကွာ။ ဒီတော့ အတိအကျ အသေးစိတ်သိဖို့ခက်ခြင်းကြောင့် မကြံစည်အပ်ဘူး ပြောတာပါ။ လေးတန်းလောက်အောင်ရုံနဲ့ တက္ကသိုလ်မှာသင်တဲ့ သင်္ချာပုစ္ဆာကို တက်မဖြေနဲ့လို့ပြောတာ။ ဉာဏ်မမီတော့ ရူးသွားမယ်"

"ဒါဖြင့် တက္ကသိုလ်ရောက်တဲ့သူကတော့ တက္ကသိုလ်မှာသင်တဲ့ ပုစ္ဆာကို တွက်နိုင်တယ်လို့ ပြောချင်တာလားဘုရား"

"သိပ်ဟုတ်တာပေါ့ ဒကာရွှေ. . .။ တန်ရာတန်ရာပေါ့။ သုတ္တန်ဒေသနာတော်နဲ့ အဘိဓမ္မာဒေသနာတော်မှာ ကံနဲ့ကံအကျိုးပေးကို ရှုထောင့်မျိုးစုံကနေ မြတ်ဗုဒ္ဓက ဟောထားပါတယ်။ ဒီနေ့တော့ သုတ္တပိဋကတ်၊ အင်္ဂုတ္တရနိကာယ်၊ ကမ္မဝဂ်၊ သံခိတ္တသုတ်ထဲက ကံ လေးမျိုးအကျဉ်းချုပ်ကို ပြောချင်တယ်။

"ရဟန်းတို့၊ ငါသည် ကိုယ်တိုင်ဉာဏ်အထူးဖြင့် မျက်မှောင်ပြု၍ ဟောကြားအပ်သောကံတို့သည် လေးမျိုးရှိကုန်၏တဲ့။

၁။ မည်းညစ်၍ မည်းညစ်သော အကျိုးရှိသည့်ကံ(အကုသိုလ်ကံကို ပြောတာပေါ့။)

၂။ ဖြူစင်၍ ဖြူစင်သော အကျိုးရှိသည့် ကံ(ကုသိုလ်ကံကို ပြောတာပေါ့)

၃။ မည်းညစ်သည်လည်းဖြစ်၊ ဖြူစင်သည်လည်းဖြစ်၍ မည်းညစ်သောအကျိုးလည်းရှိ၊ ဖြူစင်သော အကျိုးလည်း ရှိသည့်ကံ (အကုသိုလ်ကံနဲ့ ကုသိုလ်ကံ၊ နှစ်ပါးစုံရောတဲ့ မိဿကကံကို ပြောတာပေါ့)

၄။ မည်းညစ်သည်လည်း မဟုတ်၊ ဖြူစင်သည်လည်း မဟုတ်၍ မည်းညစ်သော အကျိုးလည်း မရှိ ဖြူစင်သော အကျိုးလည်း မရှိဘဲ ကံကုန်ရန်အလို့ငှာ ဖြစ်သောကံ(အရိယာပုဂ္ဂိုလ်မြတ်တို့ရဲ့ မဂ်ဉာဏ်လေးပါးကို ဆိုလိုတာပေါ့)

"လိုရင်းကတော့ အကုသိုလ်ကံဆိုတာ မကောင်းမှုကံပေါ့ကွာ။ ကုသိုလ်ကံဆိုတာ ကောင်းမှုကံပေါ့ကွာ။ မိဿကကံဆိုတာ မကောင်းမှုနဲ့ ကောင်းမှုရောတဲ့ ကံပေါ့။ မကောင်းမှုရော ကောင်းမှုရော မရှိတဲ့ကံ မဂ်ဉာဏ်လေးပါးပေါ့။ ဒီထဲမှာ ကျုပ်စိတ်အဝင်





စားဆုံးကတော့ မကောင်းမှုနဲ့ ကောင်းမှုရောတဲ့ မိဿကကံပဲ ဒကာရွှေ"

"အရှင်ဘုရားကလည်း အဆန်းပါလား။ မဂ်ဉာဏ်လေးပါးဟာ အမြင့်မြတ်ဆုံး၊ အကောင်းဆုံး မဟုတ်ပေဘူးလား ဘုရား"

"သိပ်ဟုတ်တာပေါ့ ဒကာရွှေ . . . ။ ဗုဒ္ဓဘာသာဝင်တွေရဲ့ နောက်ဆုံးအန္တိမရည်မှန်းချက်အနေနဲ့တော့ သိပ်ဟုတ်တာပေါ့။ ဒါပေမယ့် ပုထုဇဉ်တွေက အများစုဆိုတော့ အများစုနဲ့ အသက်ဆိုင်ဆုံးကို စိတ်ဝင်စားတာပေါ့"

"ကောင်းမှုကုသိုလ်ကံသည်သာလျှင် နိဗ္ဗာန်မှရမိစပ်ကြား သုဂတိဘုံကို ရောက်စေမှာ။ ဒီတော့ အရှင်ဘုရားအနေနဲ့ ကုသိုလ်ကံကိုသာလျှင် စိတ်အဝင်စားဆုံးဖြစ်သင့်တယ်မဟုတ်လား ဘုရား"

"ဒကာရွှေ၏ကလည်း အလာကြီးပဲ။ ရိုးရိုးတွေးကြည့်ရင်တော့မှန်ပါတယ် . . . ။ မကောင်းမှု ရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထားတဲ့။ (သဗ္ဗ ပါပဿ အကရဏံ၊ ကုသလဿ ဉပသမ္ပဒါ၊ သစိတ္တပရိယောဒပနံ) ဒါပေမယ့် ပုထုဇဉ်အများစုအဖို့ ကုသိုလ်ချည်းသန့်သန့် အမြဲလုပ်နေနိုင်ကြတာ မဟုတ်ဘူး။ အကုသိုလ် မကောင်းမှုချည်းသန့်သန့်ပဲ အမြဲလုပ်နေနိုင်ကြတာလည်း မဟုတ်ဘူး။ ဘဝမှာ ကုသိုလ်လုပ်နေရင်း အကုသိုလ်ဖြစ်နေတာ

တွေ၊ အကုသိုလ်လုပ်နေရင်း ကုသိုလ်ဖြစ်နေကြတာတွေ အများဆုံးပဲကွ။ အဲဒါကြောင့် နှစ်ပါးစုံရောတဲ့ မိဿကကံကို စိတ်အဝင်စားဆုံးပဲကွ။ ပြီးတော့ ပြောရအုံးမယ်။ မိဿကကံကို အသုံးချတတ်စေချင်တယ်"

"အရှင်ဘုရားကတော့ လုပ်ချလိုက်ပြန်ပြီ။ ထူးထူးဆန်းဆန်းတွေ . . .။ ကောင်းမှုကုသိုလ်ကို လုပ်ရမယ်။ ကောင်းမှုကုသိုလ်ကိုပဲ အားကိုးရမယ်။ ကောင်းမှုကုသိုလ်ကိုပဲ အသုံးချရမယ် မဟုတ်လား ဘုရား"

"ကောင်းမှုကုသိုလ်ကိုပဲ ပြုလုပ်အားကိုး အသုံးချတယ်ဆိုတာ သိပ်ကောင်းတာပေါ့။ ဒါပေမဲ့ ဒကာရွှေက အချိန်ပြည့်နီးပါး ကုသိုလ်ချည်း လုပ်နေနိုင်လို့လား။ မလွှဲမရှောင်သာ အကုသိုလ်လုပ်ရတော့မယ်ဆိုရင် ဘယ်လိုဆုံးဖြတ်မလဲ။ ဒကာရွှေ၏ကို မေးမယ်။ လယ်သမားနဲ့ တံငါ ဘယ်ဟာကိုလုပ်မလဲ"

"လယ်သမားပဲ လုပ်မှာပေါ့ဘုရား"

"လယ်သမားကကော အကုသိုလ်တွေ လုံးဝကင်းပြီးမို့လို့လား။ ထွန်ယက်တဲ့အခါ တီကောင်၊ မြေတွင်းအောင် တိရစ္ဆာန်တွေ မသတ်မိဘူးလား။ အမှိုက်တွေ စုပုံပြီး မီးရှို့တော့ကော ပိုးမွှားတိရစ္ဆာန်တွေ မသေဘူးလား။ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာ





သုံးတဲ့အခါကော. . ."

"ဒါကတော့ သေစေချင်တဲ့စိတ် မကြီးမားပါဘုရား"

"သေစေချင်တဲ့စိတ် မကြီးမားတာ မှန်ပေမယ့် အသက်ရှိမှန်း၊ မိမိပယောဂကြောင့်လည်း သေနိုင်မှန်း ကြိုမသိဘူးလား"

"သိပါတယ်ဘုရား"

"ဒါဆိုရင် အကုသိုလ် လုံးလုံးကင်းတဲ့ အလုပ်ရယ်လို့ အချိန်ပြည့်လုပ်နိုင်ဖို့ လွယ်ပါ့မလား။ မလွယ်ဘူးနော်။ အဲဒါပဲ။ အဲဒီအခါ မိဿကကံကို အသုံးချတတ်ဖို့ လိုလာပြီ။ ဘယ်လိုအသုံးချမှာလဲ။ လယ်လုပ်လို့ စီးပွားဖြစ်လာရင် အမှုမဲ့ အမှတ်မဲ့ သုံးဖြုန်းစားသောက် မလုပ်ဘဲ စားသင့်တာစား၊ လှူသင့်တာလှူ၊ စုသင့်တာ စု၊ ရင်းနှီးသင့်တာ ရင်းနှီး အဲဒီလိုဖြစ်ရမယ်လေ။ အကုသိုလ်အနည်းအကျဉ်းနဲ့ ရရှိလာတဲ့ စီးပွားဉစ္စာကို၊ ကုသိုလ်ရေးအတွက် ပိုပြီး အသုံးချပေးရမယ်။ ဒါဟာ မိဿကကံကို အမှန်အတိုင်း ရှုမြင်သုံးသပ် အသုံးချသွားတာပဲ။

"ပြီးတော့ ဥပမာလေးတစ်ခု။ ဒကာရွှေရဲ့ ကျေးဇူးရှင် ဖခင်ကြီးကို ကျားကကိုက်သတ်ဖို့ လိုက်နေပြီဆိုပါတော့။ ဒကာရွှေ လက်နက်လေးမြားနဲ့ ကျားကိုသတ်နိုင်စွမ်းလည်း ရှိတယ်။ ဒီတော့ ငတ်မွတ်ဆာလောင်နေတဲ့ ကျားကို သနားပြီး ဒီတိုင်းလက်ပိုက်

ကြည့်နေမှာလား။ ဒါမှမဟုတ် ကျေးဇူးရှင်ဖခင်ကြီးရဲ့ အသက်ကို ကယ်ဖို့ ကျားကို သတ်မှာလား"

"အဲဒီအချိန်မှာတော့ ကျားကိုသတ်မှာပေါ့။ အဖေကို ကယ်မှာပေါ့"

"ဘာဖြစ်လို့တုန်း"

"မိဘဆိုတော့ သားသမီးကို ကိုယ်ဝန်ဘဝကတည်းက အင်မတန်ကျေးဇူးများတာပါဘုရား။ စားဝတ်နေရေး၊ ကျန်းမာရေး၊ ဘာသာရေး စသဖြင့် အကုန်လုံးမှာ ကျေးဇူးများပါတယ်။ ကျားကတော့ ဒီဘဝမှာ ဘာကျေးဇူးမှ မရှိပါဘူး။ ဒါက ကျေးဇူးဆိုတဲ့ အပိုင်းပေါ့။ ဖခင်က လူဖြစ်ပြီး ကျားကတိရစ္ဆာန်ဖြစ်လို့ ဘဝတန်ဖိုးချင်း အရမ်းကွာပါတယ်။ လှူတဲ့အခါ ဘဝတန်ဖိုးမြင့်သူကို လှူတာပိုပြီး အကျိုးကြီးပါတယ်။ တိရစ္ဆာန်ကို ကျွေးမွေးပေးလှူတာထက် လူကိုပေးလှူတာ ပိုပြီးအကျိုးကြီးမားပါတယ်။ လူကိုပေးလှူခြင်းထက် ရဟန်းကိုပေးလှူတာ ပိုပြီးအကျိုးကြီးမားပါတယ်။ တိရစ္ဆာန်ကို သတ်ခြင်းထက် လူကိုသတ်တာ ပိုပြီးအကုသိုလ်ကြီးပါတယ်။ လူကိုသတ်ခြင်းထက် ရဟန်းကို သတ်ခြင်းက ပိုပြီး အကုသိုလ်ကြီးပါတယ်။ ဒါကြောင့် ကျားကိုသတ်ခြင်းဆိုတဲ့ အကုသိုလ်ကို ရင်းပြီး ဖခင်ကို ကယ်ခြင်းဆိုတဲ့ ဇီဝိတဒါနကုသိုလ်ကြီးကို ရ





ယူမှာပေါ့ဘုရား"

"အဲဒါ မိဿကကံကို ခင်ဗျားက အသုံးချလိုက်တာပဲ။ ကုသိုလ်လုပ်တဲ့အခါ အကုသိုလ်ကိုလည်း ရှောင်လွှဲမရတော့ဘူးဆိုရင် ကုသိုလ်နဲ့အကုသိုလ် ဘယ်ဟာက ပိုပြီးကြီးမားမလဲ။ ကုသိုလ်က ပိုကြီးမားမယ်ဆိုရင် လုပ်ပေါ့။ အကုသိုလ်က ပိုကြီးမားမယ်ဆိုရင် မလုပ်နဲ့ပေါ့။ အဲဒါ မိဿကကံကို အသုံးချခြင်းပဲ။ အရိယာသူတော်ကောင်းကြီးများကတော့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကိုသာ အလိုရှိတဲ့အတွက် ဖခင်ကို သေစေလိုခြင်းမရှိပေမယ့် ကျားကိုလည်း သတ်မှာ မဟုတ်ဘူး။ အဲဒီလောက် အဆင့်မြင့်သွားပြီး ကျားက မိမိကိုရန်ပြုရင်တောင် သည်းခံနိုင်သွားပြီ။ ဒါက သီးသန့်ဆွေးနွေးရမယ့်ကိစ္စပေါ့။ မိဿကကံကြောင့် အမြတ်ထွက်သူ ရှိသလို၊ မိဿကကံကြောင့် အရှုံးပေါ်သွားတာလည်း ရှိတယ်ကွ။ သူဌေးကြီးက အလှူပေးတော့ 'ငါမှလှူနိုင်တာ။ အလားကားရတိုင်း စားနေယူနေကြတယ်။ အသုံးမကျတဲ့ကောင်တွေ'လို့ မာနစိတ်ဝင်တယ်။ ကုသိုလ်ရေးမှာ စိတ်တိုင်းမကျတော့ ဒေါသလွှက် စိတ်ဆိုးအော်ဟစ်နေမယ်ဆိုပါစို့။ ကုသိုလ်ချည်းသန့်သန့်ရအောင် ကြိုးစားသင့်ပါလျက် အကုသိုလ်တွေပါရလိုက်တယ်။ အဲဒါ အရှုံးဖြစ်သွားတယ်"

"မွှာရုံကနေ လော်စပီကာနဲ့ မိုးလင်းမိုးချုပ် ကျယ်ကျယ်

လောင်လောင် အလှူခံနေသူ အချို့လည်း ကုသိုလ်ထက် အကုသိုလ်ပိုများမယ်ထင်ပပါတယ် ဘုရား။ သူတို့ကတော့ သာသနာပြုတယ်ပြောတာပဲ။ သာသနာပြုတာဆိုရင် အခြားသူတွေ ကုသိုလ်စိတ်ဖြစ်အောင် လုပ်ရမှာပေါ့ဘုရား။ ဒါပေမဲ့ သူများတွေအိပ်ရေးပျက်အောင်၊ ခေါင်းရှုတ်အောင်၊ အချင်းချင်း စကားပြောရခက်အောင်၊ တီဗွီတောင် အသံမသဲကွဲအောင် ဆူညံနေကြတော့ ကုသိုလ်တစ်ပဲငရဲတစ်ပိဿာများ ဖြစ်နေမလားလို့ စဉ်းစားမိကြောင်းပါဘုရား"

"အေး အဲဒါကို သီးသန့်ဆွေးနွေးတာပေါ့။ တံငါသည်တွေ မုဆိုးတွေတောင် မိဿကကံရဲ့ သဘောကို အသုံးချတတ်လို့ အရှုံးကြီး မရှုံးဘဲ။ အမြတ်လေးဘာလေး ထွက်တာလည်း ရှိတယ်ကွ။ သူတို့က သားမယားကို ကျွေးမွေးစောင့်ရှောက်တယ်။ ရတနာသုံးပါးကို ဆည်းကပ်နိုင်သလောက် ဆည်းကပ်တယ်။ မိဘဆရာသမားတွေကို ထောက်ပံ့လှူဒါန်းလုပ်ကျွေးတယ်။ အကုသိုလ်နဲ့ ရင်းပြီးစီးပွားရှာပေမယ့် ကုသိုလ်ရေးမှာ ပြန်သုံးတော့ တော်သေးတယ်ပြောရမှာပေါ့။ အချို့ကတော့ အကုသိုလ်လုပ်မိမှတော့ မထူးတော့ဘူးဆိုပြီး အရက်သောက်၊ ဖဲရိုက်၊ ပြည့်တန်ဆာလိုက်စား အဲဒီလို ဖြုန်းတီးပစ်တယ်။ ရှုံးပြီးရင် ရှုံးနေကြတာပေါ့။

ဓမ္မရံသီ မေ ၂၀၁၄



# ဆင်နှင်းခံရသူများ

အတန်အသင့် ဗဟုသုတရှိသော ဓမ္မမိတ်ဆွေတစ်ဦးက စာရေးသူကို ပြောဖူး၏။

"အနောက်တိုင်းသားတွေဟာ တရားရဖို့ ပိုလွယ်လိမ့်မယ်"

"ဘာဖြစ်လို့တုန်းဗျ"

"တောင်မြို့ မဟာဂန္ဓာရုံဆရာတော်ကြီးက အနောက်တိုင်းသားတွေဟာ တကယ်သဘောပေါက်ရင် တကယ်ကျင့်တော့တာ။ ဒါကြောင့် ခုနေခါများ ဘုရားပွင့်လာရင် သူတို့က တရားရဖို့ လွယ်လိမ့်မယ်ဆိုတဲ့ သဘောမျိုး ရေးသားတော်မူခဲ့ဖူးတယ်"

"ဒါကတော့ အနောက်တိုင်းသားတွေရဲ့ အားသာချက်တစ်ခု

ကို ဖော်ပြပြီး သူတို့တွေ ဗုဒ္ဓတရားကျင့်ကြံလာချင်အောင် ဆရာတော်ကြီးက ချီးမြှောက်သောအားဖြင့် မေတ္တာ၊ ကရုဏာရှေ့ထားပြီး ရေးသားခဲ့တာ မဖြစ်နိုင်ဘူးလား"

"ဒါလည်း ဖြစ်နိုင်ပါရဲ့။ သို့သော် ကျုပ်ကိုယ်တိုင်တွေးဆမိသလောက် သူတို့ဟာ သံယောဇဉ်နည်းပါးတဲ့သဘောမျိုး တွေ့ရတယ်။ ဥပမာဗျာ . . . သားသမီးကို ဘယ်မိဘမှ တစ်သက်လုံး အရိပ် တကြည့်ကြည့် လုပ်မနေဘူး။ ဆယ့်ရှစ်နှစ်ပြည့်ရင် သူ့ဘာသာ ရှန်းကန်ကြိုးစားပိုင်ခွင့် ပေးလိုက်တာပဲ။ ဆယ့်ရှစ်နှစ်ပြည့်တာတောင် မိဘဆီမှာပဲ အစစအရာရာ မှီခိုနေသေးရင် လူညံ့လို့ ပြောသဗျ။ ကျုပ်တို့အရှေ့တိုင်းသားတွေများ သားသမီးအပေါ် ထားလိုက်တဲ့ သံယောဇဉ်များက လွန်လွန်းပါတယ်။ အသက်ရှစ်ဆယ် အဘိုးကြီးကလည်း အသက်ငါးဆယ် သူ့သားကို ဂရုစိုက်နေတုန်းပဲ"

"သားသမီးတွေကို စောစောစီးစီး လွှတ်ပေးလိုက်တော့ မှားစရာရှိတာလည်း မှားကြတာပေါ့။ မှန်စရာရှိတာလည်း မှန်တာပေါ့။ ဒါပေမဲ့ တိုးတက်ဖွံ့ဖြိုးရေးမှာတော့ သူတို့အားသာတာ အမှန်ပဲဗျ။ ကဲ. . . ကဲ ဆက်ပါဦး။ အခြားသောအကြောင်းပြချက်တွေ. . ."





"ရှိပါသေးတယ်ဗျ။ ဆိုကြပါစို့။ သူတို့ကြိုက်ရင် ယူလိုက်ကြတာပဲ။ အဆင်မပြေရင် ကွဲလိုက်ကြတာပဲ။ လင်ကွာမယားကွာနှုန်း များတာကတော့ အမှန်ပဲ။ ကျုပ်တို့အရှေ့တိုင်းသားတွေအနေနဲ့ကတော့ နှာခေါင်းရှုံ့စရာပေါ့။ ဒါပေမယ့် လင်ဟောင်း မယားဟောင်းအချင်းချင်း ပြန်တွေ့ကြလည်း အေးအေးဆေးဆေးပြောဆိုဆက်ဆံကြတာပဲ။ ဘယ်လိုမှ စိတ်အနှောင့်အယှက် မဖြစ်ကြဘူး။ အဲဒါကိုက သူတို့ဟာ အစွဲအလမ်းကို သိပ်မထားဘူး။ အသင့်အတင့်နှလုံးသွင်းနိုင်သူများဖြစ်တယ်လို့ ဆိုထိုက်တယ်။ ဒါကြောင့် သူတို့က တရားရဖို့ ပိုလွယ်လိမ့်မယ်လို့ ထင်တာပါ"

"ဒါကတော့ ခင်ဗျားပြောသလို အစွဲအလမ်းတွေ သံယောဇဉ်တွေနည်းတယ်လို့ ပြောလို့ရမယ်။ ဒါပေမယ့် အခြားရှုထောင့်ကကြည့်ရင် တိရစ္ဆာန်တွေလိုပဲ ထင်ရာမြင်ရာ သွားလာကြတယ်။ လင်မယားရယ်လို့လည်း သတ်သတ်မှတ်မှတ်မထားချင်သလို ဖြစ်နေတယ်။ သူတို့က အစွဲအလမ်းနည်းတဲ့သဘောဆိုရင်တော့ တရားတော်နဲ့ ညီညွတ်တယ်လို့ ပြောနိုင်ပေမယ့် ထင်ရာမြင်ရာလုပ်ချင်တဲ့ သဘောဆိုရင်တော့ ပိုပြီးတောင် အကုသိုလ်ဖြစ်မယ့် ကိစ္စပေါ့။ သူတို့စိတ်ကို ဝင်ကြည့်လို့မှ မရတာ"

"ခင်ဗျားကို အဖြစ်အပျက်တလေး နှစ်ခုပြောပြမယ်။ တ

ကယ့်အဖြစ်အပျက်နော်. . .။ သေရည်သေရက်ကို နေ့ရော ညရော အချိန်ပြည့်သောက်ရလောက်အောင် အလွန်အကျွံမူးနေသူ တစ်ယောက်ရှိတယ်။ သူ့ဇနီးက သူ့ကို စိတ်ပျက်ပြီး၊ နောက်ယောက်ျားယူတော့မယ်ပြောတယ်။ သူက ဂရုမစိုက်ဘူး။ ဘာအလုပ်မှ မလုပ်ဘဲ အရက်ချည်းသောက်နေတော့ သူ့ကိုချစ်ပြီး ယူထားတဲ့ မိန်းမကတောင် ခွာပြဖို့ စိတ်ကူးတော့တာပေါ့။ ဒါနဲ့သူ့မိန်းမက နောက်အိမ်ထောင်ပြုလိုက်ရော. . . ”

“အမူးသမားကတော့ အချိန်ပြည့်မူးရရင် ကျေနပ်နေတာပါပဲ။ သူ့ဇနီးဟောင်းတို့လင်မယားနဲ့ ပက်ပင်းတိုးရင် အရက်ဖိုးတောင် တောင်းနေသေး။ သူတို့သံယောဇဉ်တွေ၊ အစွဲအလန်းတွေ နည်းတဲ့လူလို့ ပြောနိုင်မလား”

“နောက်တစ်ဦးကတော့ မကြာခဏ ခရီးထွက်ရတဲ့ အရာရှိငါစ်ယောက်။ ဒါန၊ သီလ၊ ဘာဝနာ အမှုတွေကို လေးလေးနက်နက် လေ့လာကျင့်ကြံနေသူပေါ့။ သူ့ဇနီးက သူ့ဒရိုင်ဘာနဲ့ ဖောက်ပြန်တာကို ပက်ပင်းတိုးတော့ ဒေါသအကြီးအကျယ်ထွက်တာပေါ့။ ဒါပေမဲ့ သူ့စိတ်ကို အချိန်မီထိန်းချုပ်နိုင်ခဲ့တယ်။ ဘယ်သူ့ကိုမှ အရေးမယူပါဘူး။ သူ့ဇနီးနဲ့ ဒရိုင်ဘာကို ပေးစားပြီး ပစ္စည်းဥစ္စာ အချို့တောင် ပေးလိုက်ပါသေးတယ်။ သူ့ကို သံယောဇဉ်အစွဲအ





လန်းတွေ နည်းတဲ့သူလို့ ပြောနိုင်တယ်။ ဒါပေမယ့် ဟိုအမူးသမားနဲ့တော့ မတူဘူး။ အမူးသမားက ကုသိုလ်တရားကို မေ့လျော့လောက်အောင် အရက်ကို စွဲနေလို့ ဇနီးကို သတိမရတာ. . . ”

(မှတ်ချက် ။ ။ ထိုအရာရှိကြီးသည် ဉစ္စာပေါ၊ ရုပ်ချော၊ ပညာတတ်၊ အကျင့်သီလကောင်းနေသော အမျိုးသမီးတစ်ဦးနှင့် ထပ်မံအကြောင်းပါ၍ ဘိုဇာတာအလွန်ကောင်းသွားပါသည်။ ဇနီးဟောင်းမှာ ဆင်းရဲမှုဒဏ်၊ ရောဂါဒဏ်တို့ကြောင့် စောစောစီးစီး ကွယ်လွန်သွားပါသည်)

“ဇနီးကို သံယောဇဉ်နည်းတယ်လို့ ထင်ရတာချင်းတူပေမယ့် တစ်ဦးက ကိလေသာနောက် (သေရည်နောက်)ကို လိုက်နေရသူ။ အခြားတစ်ဦးကတော့ ကိလေသာကို တွန်းလှန်နိုင်သူ။ အဲဒီလို ကွဲပြားသွားတာပေါ့။ လုပ်ရပ်ချင်းတူနိုင်ပေမယ့် စိတ်ဓာတ်ချင်း မတူနိုင်ဘူးလေ”

စာရေးသူ၏ ဓမ္မမိတ်ဆွေက “ဟုတ်တယ်ဗျ”ဟု ဆို၏။

* * * * *

“မကြာသေးမီက ဥရောပနဲ့ အမေရိကမှ ငွေကြေးအကျပ်အတည်းတွေ စီးပွားရေးပြဿနာတွေ ဖြစ်ခဲ့တာ မှတ်မိမှာပေါ့။

ခါတိုင်းစတော့ရှယ်ယာ အမြတ်တွေနဲ့ ဇိမ်ကျနေခဲ့သူတွေဟာ စတော့ရှယ်ယာတွေ ဈေးထိုးဆင်းသွားတော့ ထိတ်ထိတ်ပျာပျာဖြစ်သွားကြတယ်။

"ကွန်ဒိုမီနီယံတိုက်ခန်းတွေ၊ ကားတွေ၊ ဇိမ်ခံပစ္စည်းတွေ အကြွေးနဲ့ ဝယ်ခွင့်ရလို့ ဟန်ကျနေသူတွေ အလုပ်ပြုတ်တော့ ရင်ကွဲနာကျရော။ အချို့ဆို လူမှုဒုက္ခတွေ ရင်မဆိုင်ရဲလို့ကိုယ့်ကိုယ်ကိုယ် သတ်သေတယ်။ မိသားစုတွေကိုလည်း သတ်တယ်"

"သူတို့ဒုက္ခရောက်တယ်ဆိုတာ ဖွံ့ဖြိုးဆဲလို့ပြောကြတဲ့ နိုင်ငံက ဆင်းရဲသားတွေ ကြွယ်ဝနေတာလောက်တော့ ရှိတယ်။ သူတို့ဆီမှာ အလုပ်ပြုတ်ရင်တောင် လူမှုထောက်ပံ့ကြေးတွေ ရကြသတဲ့။ ငတ်သေဖို့တော့ အကြောင်း မရှိပါဘူး။ တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့ ဆင်းရဲသားတွေတောင် ပြုံးလို့ ပျော်လို့။ သူဌေးသားက သူ့စည်းစိမ်ရဲ့ တစ်ဝက်လောက်တောင် မရှိတဲ့ ကုန်သဘောကြီး မုန်တိုင်းကြောင့် မြုပ်သွားလို့ စိတ်ရောဂါကုဆရာဝန်ဆီ ရောက်သွားသတဲ့"

"အဲဒီတော့ ကျွန်တော်က လူအချင်းချင်းအပေါ် မှာထားတဲ့ သံယောဇဉ်နဲ့ ရုပ်ဝတ္ထုအပေါ် မှာထားတဲ့သံယောဇဉ်လို့ နှစ်မျိုးပြောချင်တယ်"





"ကျွန်တော်တို့ အရှေ့တိုင်းသားတွေက လူအချင်းချင်းပေါ် မှာထားတဲ့ သံယောဇဉ်ကို လျှော့ဖို့လိုအပ်တာ အမှန်ပဲ။ ဒါပေမယ့် သံယောဇဉ်နဲ့ မေတ္တာကတော့ မတူပါဘူး။ မေတ္တာကိုတော့ ပွားများနိုင်သလောက် ပွားများရမှာပဲ"

"သူတို့အနောက်တိုင်းသားတွေက ရုပ်ဝတ္ထုပစ္စည်းတွေ တိုးတက်ထွန်းကားသလောက် ရုပ်ဝတ္ထုပစ္စည်းအပေါ် မှာထားတဲ့ စွဲလမ်းမှုသံယောဇဉ်တွေ များလွန်းတယ်။ ဒါကို သူတို့လျှော့နိုင်ဖို့ လိုအပ်တာပေါ့"

"ဆင်ရဲ့ ဘယ်ဘက်ခြေထောက်နဲ့ အနင်းခံထားရတာ ကောင်းသလား။ ညာဘက်ခြေထောက်နဲ့ အနင်းခံထားရတာ ကောင်းသလားလို့မေးရင် ခင်ဗျာဘယ်လိုဖြေမလဲ"

"ဘယ်ဘက်ခြေရော၊ ညာဘက်ခြေရော မကောင်းပါဘူးဗျာ။ အနင်းမခံရတာသာ ကောင်းတာပါ"

"ဟုတ်တယ်ဗျာ. . .။ လူအချင်းချင်းအပေါ် မှာထားတဲ့ သံယောဇဉ်အစွဲအလမ်းလည်း ဆင်ရဲ့ခြေထောက်ပဲ။ ရုပ်ဝတ္ထုပေါ်မှာထားတဲ့ သံယောဇဉ်အစွဲအလမ်းလည်း ဆင်ရဲ့ခြေထောက်ပဲ။ ဘယ်သံယောဇဉ်အစွဲအလမ်းမှ မကောင်းပါဘူး"

မေမွှေးရံသီ စက်တင်ဘာ ၂၀၁၃

# အမှောင်ထဲက အမှား

ကိလေသာ ၁၀ ပါးကို အနှစ်ချုပ်သော် လောဘ၊ ဒေါသ၊ မောဟဟု သုံးစု အုပ်စုထွက်လာသည်။ ကိလေသာအာသဝေါ ကင်းစင်သော သူတော်မြတ်ကို ရဟန္တာဟု ခေါ်၏။ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က ကေုဒါနအမည်တွင်သော ရဟန္တာသည် တောဌ် သီတင်းသုံး၏။

မထေရ်မြတ်သည် ဥပုသ်နေ့တွင် နတ်များကို တရားနာ ဖိတ်၍ ဂါထာတစ်ပုဒ်ဟောကြားလေ့ရှိ၏။ ဟောပြီးသောအခါ နတ်တို့က သာဓုခေါ် လိုက်ကြသည်မှာ တောကြီးတစ်ခုလုံး ပဲ့တင် ထပ်သွားလေ့ရှိ၏။

ထိုမထေရ်မြတ်၏ သတင်းကြောင့် ပိဋကတ်သုံးပုံ နှုတ်ငုံ





ဆောင်သော မထေရ်မြတ်နှစ်ပါးသည် နောက်ပါရဟန်း ၅၀၀ စီ ဖြင့် တောသို့ကြွလာ၏။

တောနေမထေရ်မြတ်က ဓမ်းမြောက်ဓမ်းသာ [illegible] ပြု၍ တရားဟောရန် တောင်းပန်၏။ ပိဋကတ်သုံးပုံဆောင်မထေရ် မြတ်တစ်ပါးက ပိဋကတ်တော်များကို ခရေစေ့တွင်းကျ ရွတ်ဆို ဟောပြော၏။ နတ်တို့၏ သာဓုခေါ် သံကို မကြားရ။

ပိဋကတ်သုံးပုံဆောင် အခြားမထေရ်မြတ်တစ်ပါးကလည်း ပိဋကတ်တော်များကို အကျယ်ဖွင့်ဆိုဟောပြောပြန်၏။ နတ်တို့၏ သာဓုခေါ် သံကို မကြားရပြန်။

ပိဋကတ်သုံးပုံဆောင် မထေရ်မြတ်နှစ်ပါးက တောနေ မထေရ်မြတ်ကို တရားဟောစေရာ တောနေမထေရ်မြတ်က သူ ဟောနေကျဂါထာကို ဟောလိုက်၏။ တရားအဆုံးတွင် တောကြီး ပဲ့တင်ထပ်မျှ သာဓုခေါ် သံ ထွက်ပေါ် လာ၏။ မထေရ်မြတ်နှစ်ပါး နှင့် နောက်ပါရဟန်းများက နတ်တို့မျက်နှာလိုက်သည်ဟု ထင် ကာ မြတ်စွာဘုရားထံရောက်သော် အကြောင်းစုံလျှောက်ကြ၏။

ဘုရားရှင်က "တစ်ပုဒ်တစ်ဂါထာတည်းပင်ဖြစ်စေ၊ ငါ ဘုရားဟောကြားသောတရားကို ကြားနာမှတ်သား၍(နာယူရုံမျှ မဟုတ်ဘဲ)ကိုယ်တွေ့ဉာဏ်အမြင်ဖြင့် သိမြင်ရလေသော ထိုပုဂ္ဂိုလ်

သည်သာလျှင် တရားကို ဆောင်သူ(ဓမ္မဓရ)ဖြစ်၏"ဟု ဟောကြားလေသည်။ တရားမှန်ကို သိအောင် ကျင့်ကြံနေသူသည်လည်း တရားဆောင်သူပင်ဖြစ်သည်ဟု ဆက်လက်ဟောကြားတော်မူပါသည်။

ဤအကြောင်းကို ခုဒ္ဒကနိကာယ်၊ ဓမ္မပဒပါဠိအဋ္ဌကထာလာ ဧကုဒါနထေရဝတ္ထုဒေသနာတွင် ပြည့်ပြည့်စုံစုံလေ့လာနိုင်ပါသည်။ ဤဒေသနာက မည်သည့်အချက်ကို မီးမောင်းထိုးပြသနည်း။ ပရိယတ္တိကအရေးမကြီး၊ ပဋိပတ္တိကသာ အရေးကြီးသည်ဟု မဆိုလို။ ပရိယတ္တိတစ်ခုတည်းနှင့် မပြည့်စုံ၊ ပဋိပတ္တိလည်း အရေးကြီးကြောင်း မီးမောင်းထိုးပြလိုရင်းဖြစ်သည်။ စာတွေ့မှတ်ဖိုလိုသလို ငါတွေ့လည်း မှန်ဖို့ပြောလိုရင်းဖြစ်သည်။

- ၂ -

နိပါတ်တော်တွင် ပါသည်ကား အလုပ်ပြုတ်သွားသော ပြည်တန်ဆာက သူတော်ကောင်းရသေ့ကြီးကို တံတွေးဖြင့်ထွေးလိုက်ရာ မကြာမီအလုပ်ပြန်ရ၏။ တံတွေးဖြင့်ထွေး၍ ကံကောင်းသည်ဟု ထင်သွား၏။ တိုက်ဆိုင်မှုကို တလွဲတချော်အဓိပ္ပာယ်ကောက်လိုက်ခြင်းဖြစ်ပေသည်။ အခြားသူများကလည်း ရသေ့ကြီးကို တံ





တွေးထွေးကြရာ တိုက်ဆိုင်စွာပင် အဆင်ပြေသွားကြ၏။

ပဲခူးမြို့ရှိ စာသင်တိုက်တစ်ခုတွင် စာသင်သားဖြစ်ခဲ့ဖူးသူ ရဟန်းလူထွက်တစ်ဦးက ဘာသာခြားသို့ ဝင်သွားပြီး တရားဟောဆရာဖြစ်နေကြောင်း သိရသည်။ သူသည် ကျမ်းဂန်းစာပေများကို ကိုးဘွဲ့ရထိ အောင်မြင်ခဲ့သည်ဟု ဆို၏။ မျက်နှာပြောင်တိုက်၍ လိမ်ညာဟောပြောနေသည်ဟုလည်း သူ့အကြောင်းသိသူများက ပြောကြ၏။ အဖြစ်မှန်များ မကြာမီပေါ်လာမည်ဖြစ်၏။ ထိုသူ၏ ဟောပြောမှုတွင် မရိုးမသား၊ ရှေ့နောက်မညီ ဟောပြောမှုများလည်း ပါနေ၏။

ထိုသူလည်း တိုက်ဆိုင်မှုတစ်ခုခုကြောင့် ဘာသာခြားသို့ ဝင်ရောက်သွားရခြင်းဖြစ်ပါမူ အချိန်မီနောင်တရသင့်၏။ မရပါမူ ရသေ့ကြီးကို တံတွေးထွေး၍ ပြစ်မှားစော်ကားခဲ့သူအားလုံး အသေဆိုးဖြင့် သေကျေပျက်စီးသကဲ့သို့ ပျက်စီးနိုင်ပေ၏။ မေတ္တာဖြင့် သတိပေးရေးသားရခြင်းဖြစ်၏။

TOFEL, IELTS ကဲ့သို့သော အင်္ဂလိပ်စာ 4-Skill စာမေးပွဲများတွင် မည်ရွေ့မည်မျှပင် အမှတ်ကောင်းစေကာမူ ထိုအမှတ်များကို ကာလကြာရှည် အသုံးပြု၍ မရပေ။ ကာလကန့်သတ်ချက်ရှိပါသည်။ အကြောင်းမှာ ဆက်စပ်လေ့လာနေမှ ထူးချွန်မည်

ဖြစ်ပြီး လေ့လာအားထုတ်မှုရပ်သွားပါက အရည်ချင်းညှိုးဖျော့သွားမည်ဖြစ်၍တည်း။

ထိုသဘောတရားကို သိရန်လို၏။ လောကီဆိုင်ရာ တစ်ခဏကောင်းစားရေးကိုသာ အထောက်အပံ့ပြုသော အတတ်ပညာများသည်ပင် ဤသို့သော သဘောရှိလျှင် နက်နဲသိမ်မွေ့သော လောကုတ္တရာဆိုင်ရာ အသိများကို သဘောပေါက်ရန် အဆင့်ဆင့် အားထုတ်ရမည်မှာ သေချာ၏။ သိခြင်း သုံးမျိုးရှိ၏။

သုတမယဉာဏ်သိ ဆိုသည်မှာ အကြားအမြင် ဗဟုသုတနှင့် နှုတ်တိုက်ကျက်မှတ်ခြင်း သိခြင်းဖြစ်၏။

စိန္တာမယဉာဏ်သိ ဟူသည်မှာ ဆင်ခြင်သုံးသပ်မှုနှင့် မေးမြန်းဆွေးနွေးကြံဆခြင်းဖြင့် သိခြင်းဖြစ်၏။ သုတမယဉာဏ်သိထက် အဆင့်မြင့်၏။

ဘာဝနာမယဉာဏ်သိ ဟူသည်မှာ ဘာဝနာတရားအား ထုတ်ခြင်းဖြင့် သိခြင်းဖြစ်၏။ အဆင့်အမြင့်ဆုံးဖြစ်၏။

သုတမယဉာဏ်သိ ကလေးတစ်ခုတည်းကိုပင် အဟုတ်ကြီး အောက်မေ့နေလျှင် ရွှေလက်ကောက်၊ ငွေလက်ကောက်များကို မမြင်ဖူးသူ ကြေးလက်ကောက်ကို အကောင်းဆုံးဟု ထင်သလို ဖြစ်နိုင်ချေရှိမည်။





ထိုသူသည် လိမ်ညာ၍၊ မဟုတ်တန်းတရား ဇာတ်လမ်းဆင်၍ ဟောပြောကြောင်း သက်သေအထောက်အထားခိုင်လုံလာသော်. . . ထိုသူဝင်ရောက်သွားသော သာသနာမှာ အကြီးအကျယ် သိက္ခာကျမည်ဖြစ်၍ ထိုဘာသာကပင် ထိုသူအား ထိထိ ရောက်ရောက် အရေးယူဖွယ်ရှိပေသည်။

ဥပမာဆိုရသော် A သည် ဓားပြတိုက်၍ တိုက်ရာပါပစ္စည်းဖြင့် B ထံသို့ သွားရောက်နေသည်ဆိုပါစို့ B သည် A ကို ရဲစခန်းသို့ အမြန်အပ်သင့်ပေသည်။ မအပ်လျှင်ကား B ကိုပါ ပူးပေါင်းကြံစည်မှုဖြင့် အရေးယူနိုင်သောကြောင့်တည်း။

သာသနာတော်ကို စောင့်ရှောက်ကြကုန်သော ရဟန်းသူတော်ကောင်း၊ လူသူတော်ကောင်း၊ နတ်သူတော်ကောင်းတို့သည် မဆိတ်သုဉ်းသေး။ အဖြစ်မှန်က လယ်ပြင်တွင် ဆင်သွားသကဲ့သို့ ထင်ရှားလာရမည်သာတည်း။

\- ၃ -

နယ်ပယ်အသီးသီးရှိ ပုဂ္ဂိုလ်အမျိုးမျိုး၏ တွေ့ကြုံဖြတ်သန်းမှုများကို စာရေးသူ စိတ်ဝင်စားသည်။ တစ်ရံခါတွင် အဆိုတော်အမျိုးသမီးတစ်ဦးက သူ၏ တွေ့ကြုံဖြတ်သန်းမှုများကို စိတ်

လိုလက်ရ ပြောပြခဲ့ဖူး၏။ စင်မြင့်ပေါ် သီဆိုဖျော်ဖြေခြင်းသည် သူ့အဖို့ ဝါသနာလည်းပါ၍ အသက်မွေးဝမ်းကျောင်းနိုင်သော အလုပ်လည်းဖြစ်၏။ ကြိုးကြိုးစားစား သစ္စာရှိရှိ လုပ်ခဲ့သည်ဟု ဆိုပါ၏။

သူသည် Restaurent ခေါ် စားသောက်ဆိုင်များတွင် များသောအားဖြင့် သီဆိုဖျော်ဖြေခဲ့ရ၏။ သူ၏ခင်ပွန်းက အမြဲတမ်း လိုက်ပါစောင့်ရှောက်သည်ဟု ဆို၏။ သူမသည် မြန်မာပရိသတ်အတွက် မြန်မာသီချင်းများကို သီဆို၏။ ကိုရီးယားစားသောက်ဆိုင်များ၊ ဂျပန်စားသောက်ဆိုင်များရှိ နိုင်ငံခြားပရိသတ်များအတွက်လည်း ကိုရီးယားသီချင်း၊ ဂျပန်သီချင်းများကို သီဆိုဖျော်ဖြေရသည်ဟု ဆို၏။

စာရေးသူက သူ့အား အံ့ဩတကြီးမေးမိ၏။ "ဘယ်တုန်းက ကိုရီးယားစကား၊ ဂျပန်စကားတွေ တတ်သွားတာလဲ"

သူမက ပြုံး၍ ဖြေပါသည်။

"ဘယ်တုန်းကမှ မတတ်ပါဘူး။ စကားတတ်မှ သီချင်းဆိုနိုင်မယ် ထင်လို့လား။ အဲဒီလို မဟုတ်ပါဘူး။ အသံသင်္ကေတနဲ့ လိုက်မှတ်ပြီး သံစဉ်နဲ့ကိုက်အောင် လေ့ကျင့်ရတာလေ။ ပုဒ်ရေအများကြီးတော့ ဘယ်ဆိုနိုင်မလဲ။ ကိုရီးယားသီချင်းဆိုရင် သုံးပုဒ်





လောက်ပေါ့။ ဂျပန်သီချင်းဆိုရင်လည်း သုံးပုဒ်လောက်ပေါ့။ နိုင်ငံခြားသား ပရိသတ်က သဘောကျလို့ ထပ်ဆိုခိုင်းတော့ ကိုယ်ရထားတာလည်း ကုန်ပြီဆိုရင် အားနာနာနဲ့ စင်ပေါ်က ဆင်းပြေးရရော"

"ဪ. . . ဒီလိုကိုး" ဟု စာရေးသူသဘောပေါက်သွားသည်။

"အရှက်ကွဲခဲ့တာလည်း ကြုံရသေးတယ်"ဟု သူကဆို၏။

"ကျွန်မက ဆိုသာဆိုနေရတယ်။ အဓိပ္ပာယ်သိတာမဟုတ်ဘူး။ သီချင်းဆိုလိုက်ရင် အောက်ကနိုင်ငံခြားသားတွေ တဟီးဟီး တဟားဟားနဲ့ လက်ခုတ်လက်ဝါးတီးပြီး သဘောကျတော့၊ တယ်ဟုတ်တဲ့ ငါပါလားပေါ့။ ကိုရီးယားလို အတန်အသင့်တတ်တဲ့ မိတ်ဆွေတစ်ယောက်က ကျွန်မဆိုတဲ့ သီချင်းအဓိပ္ပာယ်ကို ပြောပြတော့ ရှက်လိုက်တာရှင်။ Sex ဆိုင်ရာ ညစ်ညစ်ညမ်းညမ်းတွေ ပါနေတာကိုး။ အဲဒီသီချင်းကို ကျွန်မ ဘယ်တော့မှမဆိုတော့ဘူး"

"ကြက်တူရွေးကျက် ကျက်သည်"ဟူသော စကားကိုလည်း သထိရလိုက်မိပါသည်။ အဓိပ္ပာယ်သိခြင်း မသိခြင်းမှာ တစ်ကဏ္ဍ၊ စာရခြင်း မရခြင်းမှာလည်း တစ်ကဏ္ဍဖြစ်ကြောင်း သဘောပေါက်ရပါသည်။

မွေ့ရုံသီ ဇန်နဝါရီ ၂၀၁၄

# ဆူးလှည်းမောင်းသူ ၊ ၁ ၊

"ဒကာရွှေရေ၊ ဆူးလှည်းမောင်းတယ်ဆိုတာ ဘာကိုပြော တာတုန်း"

"အနက်ရင်းအနေနဲ့တော့ ဆူးပါတဲ့လှည်းကို မောင်းလာတော့ လှည်းလမ်းတစ်လျှောက် လှည်းတွေ လူတွေ အိမ်တွေနဲ့ ဆူးက ငြိတယ်။ အနှောင့်အယှက်ပေးတယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့ဘုရား။ အနက်ပွားအနေနဲ့တော့ ကိုယ်အလုပ်ကို ကိုယ့်ဟာကို ကောင်းကောင်းမွန်မွန်မလုပ်ဘဲ သူများကို ထိခိုက်အောင်လုပ်တယ် ဆိုတဲ့ အဓိပ္ပာယ်ပေါ့ဘုရား"

"သိပ်ကောင်းတဲ့အဓိပ္ပာယ်ပဲ။ တို့သာသနာမှာလည်း မြတ်ဗုဒ္ဓက ဆူးလှည်းမောင်းတဲ့လူတွေကို မြင်တော်မူပြီးသားကွ။ အဲဒါ





ကြောင့် လှူတန်းတဲ့အခါ သူတော်ကောင်းတို့ ကျင့်သုံးကိုင်စွဲဖို့ စံငါးရပ်ချမှတ်ပေးခဲ့တယ်။ ကဲ ဒီစာအုပ်ထဲက ဒီစာမျက်နှာကလေး ဖတ်ကြည့်လိုက် ရော့"

"တင်ပါ့။ သပ္ပုရိသဒါန ငါးမျိုးပါဘုရား"

၁။ သဒ္ဓါဒါန - ရတနာသုံးပါး၏ ဂုဏ်တော်များကိုလည်းကောင်း၊ ကံနှင့် ကံ၏အကျိုးပေးကိုလည်းကောင်း ယုံကြည်စွာ လှူဒါန်းခြင်း။ (သဒ္ဓါကြည်လင်၊ လှူဒါန်းလျှင်၊ ဆင်းပြင်ရုပ်ရည်လှ)

၂။ သက္ကစ္စဒါန - လှူဖွယ်ပစ္စည်းများကို သပ်သပ်ရပ်ရပ်ပြု၍လည်းကောင်း၊ ပုဂ္ဂိုလ်များကို ရိုရိုသေသေပြု၍လည်းကောင်း လှူဒါန်းခြင်း။(ရိုသေလှူငြား၊ သူ့စကား၊ အများနာယူရ)

၃။ ကာလဒါန - အချိန်ကာလကို လိုက်၍လှူဒါန်းခြင်း၊ (လိုအပ်သောအချိန်တွင် လိုအပ်သောပစ္စည်းများကို လှူဒါန်းခြင်း။) (အခါသိသဖြင့်၊ လှူတုံ့လင့်၊ ချိန့်သင့်ကောင်းကျိုးရ)

၄။ အနုဂ္ဂဟိတဒါန - လှူဖွယ်ဝတ္ထုအပေါ်တွင် တွယ်တာစိတ်မထားဘဲ လွတ်လွတ်ကျွတ်ကျွတ်စွန့်ကြဲသော မုတ္တ

စာဂီစေတနာဖြင့် လှူဒါန်းခြင်း။ (မငြိစွန်းတောင်း၊ လှူတုံ့ရှောင်း၊ အကောင်းသုံးဆောင်ရ။)

၅။ အနုပဟစ္စဒါန = မိမိ၊ သူတစ်ပါးနှစ်ဦးသားကို မထိပါးမူ၍ လှူခြင်း။(မထိမပါး၊ လှူတုံ့ပြားမူ၊ ပြောထူများပြား၊ စည်းစိမ်အား၊ ငါးပါးရန်မခ။)

"အဲဒီမှာ ကျုပ်စိတ်အဝင်စားဆုံးက ပဉ္စမမြောက်ဖြစ်တဲ့ မိမိ၊ သူတစ်ပါး နှစ်ဦးသားကို မထိပါးမူ၍ လှူဒါန်းခြင်းဆိုတာပဲ။ လူတွေက ကျန်တဲ့လေးချက်ကို လိုက်နာတတ်ကြပေမယ့် ခုပြောမယ့်အချက်ကိုတော့ ပေါ့ပေါ့ဆဆ သဘောထားကြတယ်။ ဒီအချက်က သိမ်မွေ့နက်နဲတဲ့ သဘောလည်း ရှိတယ်။ ဒီအချက်ကို မလိုက်နာရင် ပြုတဲ့ဒါနအင်အားက ဘယ်လောက်ပင်ကြီးမားနေပါစေ ဒီဒါနကြောင့် ရရှိခံစားရတဲ့ စည်းစိမ်ဥစ္စာတွေကို ရန်သူမျိုးငါးပါးက ဖျက်စီးတတ်တယ်ဆိုတဲ့ အဓိပ္ပာယ်ပဲ။ တစ်နည်းအားဖြင့် အိတ်အပေါက်နဲ့ ရွှေတုံးကောက်လိုက်သလို ဖြစ်သွားတာပေါ့။ ရန်သူမျိုးငါးပါးဆိုတာ ဘာတွေတုန်းကွယ့်"

"ရေ၊ မီး၊ မင်း၊ ခိုးသူ၊ အမွေခံ သားဆိုး သမီးဆိုးတို့ပါ ဘုရား"

"ဒကာငှေ ◌န်သားပဲ။ တချို့က အမွေခံ သားဆိုးသမီးဆိုး





နေရာမှာ မချစ်မနှစ်သက်သူဆိုပြီး ရေတွက်ကြတယ်။ သားဆိုးသမီးဆိုးကို အပြစ်မဆိုရက်လို့လား မသိပါဘူး။ သားသမီးယုံ စုံလုံးကန်းတယ်။ သားသမီးဆိုးရင် ရစရာမရှိအောင် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဖြစ်တတ်တယ်ကွ။ ပါဠိတော်မှာ တိတိကျကျလာတာကတော့ အပ္ပိယ = မချစ်အပ်သူလည်းဖြစ်၊ ဒါယာဒ = အမွေခံထိုက်သူလည်းဖြစ်။ ဒီအင်္ဂါနှစ်ချက်ရှိနေသူကို ပဉ္စမရန်သူတဲ့။

"မိမိသူတစ်ပါး နှစ်ဦးသားကို ထိပါးပြီးလှူတော့ မီးဘေးသင့်ခံရတတ်တယ်။ မိမိစည်းစိမ်ဥစ္စာကို မင်းဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံရတတ်တယ်။ ဓားပြတိုက်ခြင်း၊ ခါးပိုက်နှိုက်ခြင်း၊ ခိုးယူခြင်းတို့ ခံရတတ်တယ်။ ရေလွှမ်း၍ ပျက်စီးဆုံးရှုံးတတ်တယ်။ သားဆိုးသမီးဆိုးတို့ရဲ့ နှိပ်စက်မှုကြောင့် ဆုံးရှုံးရတတ်တယ်ကွ"

"မိမိသူတစ်ပါး နှစ်ဦးသားကို ထိပါးပြီး လှူတယ်ဆိုတာ ဘယ်လိုဟာမျိုးလဲ ဘုရား"

"မိမိကပဲ လှူနိုင်တယ်။ မိမိပဲ သဒ္ဓါတရားရှိတယ်။ သူများတွေ မလှူနိုင်ဘူး။ သူများတွေ အသုံးမကျဘူးဆိုတဲ့ မာန်မာနမျိုးနဲ့ လှူခြင်းလို့ စာထဲမှာ အနှစ်ချုပ်ပြဆိုတယ်။ ကျယ်ကျယ်ပြန့်ပြန့်ဆက်စပ်စဉ်းစားလိုက်ရင်တော့ ထိပါးတယ်ဆိုကတည်းက မိမိရောသူတစ်ပါးပါ အကုသိုလ်ဖြစ်စေတဲ့၊ ကိုယ်ဆင်းရဲစေတဲ့ ကိစ္စမှန်သမျှ

ပါရတော့မှာကွယ့်။ ကျုပ်စဉ်းစားမိသလောက် အုပ်စု သုံးစု တွေ့ရတယ်"

"အမိန့်ရှိတော်မူပါဘုရား"

"ပထမအုပ်စုက အကုသိုလ်ကို အရင်းခံပြီး ရလာတဲ့ ဥစ္စာပစ္စည်းနဲ့ ပေးကမ်းလှူဒါန်းခြင်းပေါ့။ ဥပမာကွာ ငါးပါးသီလကို အကျိုးပေါက်ခံပြီး ရလာတဲ့ပစ္စည်းဥစ္စာမျိုးပဲ။ ဒါနထက် သီလက မြတ်တယ်။ သီလထက် ဘာဝနာမြတ်တယ်လို့ ပြောခဲ့ပြီးသားနော်။ ဒါနကို ငွေ၊ သီလကို ရွှေ၊ ဘာဝနာကို စိန်လို့ တင်စားမယ်ဆိုပါစို့။ ငွေတစ်ပိဿာကို ရဖို့အရေး၊ ရွှေတစ်ပိဿာပေးလိုက်တဲ့သူကို ဘယ်လိုပြောမလဲ။ အရှုံးကြီး ရှုံးသွားသူဖြစ်လို့ အဖျင်းတကာ ထိပ်ခေါင်၊ အညံ့တကာ့ ဗိုလ်မင်းလို့ ပြောရမယ်။ အမိုက်တွင်းပါရဂူ။ အအတွင် ကေရာဇ်လို့ သမုတ်ရမယ်။ ဒါနကုသိုလ်ကလေး လုပ်ဖို့အရေး သီလကုသိုလ်ကို ချိုးဖျက်သူတွေပေါ့။

"ဆိုကြပါစို့၊ သတ္တဝါတွေရဲ့ အသက်ကို ရက်ရက်စက်စက် သတ်ပြီး စီးပွားဥစ္စာ ဖြစ်ထွန်းလာသူတွေ ရှိတယ်။ ခိုးခြင်း ၂၅ ပါးအနက် တစ်ပါးပါးကိုဖြစ်စေ၊ တစ်ပါးထက် ပို၍ဖြစ်စေ ကျူးလွန်ပြီး စီးပွားဥစ္စာဖြစ် ထွန်းလာသူတွေ ရှိတယ်။ လင်ရှိတဲ့ သူ့ငှေးကတော်တွေကို ကြာခိုပြီး ချူစားလို့ စီးပွားဥစ္စာ ဖြစ်ထွန်း





လာသူတွေ ရှိနိုင်တယ်။ အမြှောင်မယားက ဖောက်ပြားတဲ့ ယောက်ျားထံမှာ ချူစားလို့ စီးပွား ဖြစ်ထွန်းလာသူတွေ ရှိတယ်။

"သေရည်သေရက်တွေ ထုတ်လုပ်ရောင်းချပြီး အကြီးအကျယ်စီးပွားဖြစ်ထွန်းသူတွေ ရှိတယ်။ မဟုတ်မမှန်တဲ့ မုသာဝါဒစကားတွေကို လှည့်ပတ်ပြောဆိုပြီး စီးပွားဖြစ်ထွန်းလာတဲ့ ပွဲစားတွေ၊ ရှေ့နေတွေ သက်သေခံတွေ ရှိနိုင်တယ်။" (မှန်မှန်ကန်ကန် ပြောဆိုလုပ်ကိုင်သော ပွဲစား၊ ရှေ့နေ၊ သက်သေခံသူများမပါဝင်ဘူးပေါ့)

"အဲဒီလူတွေက အလှူဒါနကြီးတွေ လုပ်မယ်ဆိုပါစို့။ အကုသိုလ်ကို အရင်းခံပြီး (ဝါ)ငါးပါးသီလကို အကျိုးခံပြီး ရလာတဲ့ဥစ္စာပစ္စည်းနဲ့ ပေးကမ်းလှူဒါန်းခြင်းပေါ့။ သူတို့ဟာ မိမိသူတစ်ပါးနှစ်ဦးသားကို ထိပါးပြီး လှူသူတွေပေါ့"

"နည်းနည်းလျှောက်ထားပါရစေ ဘုရား။ သူတို့က သီလအကျိုးပေါက်ခံ စီးပွားရှာလှူဒါန်းသေးတယ်။ တချို့က သီလအကျိုးပေါက်ခံ စီးပွားရှာပြီး လှူဖော်တောင် မရဘူး။ မလှူသူတွေထက်စာရင် လှူတဲ့သူတွေကို မချီးကျူးထိုက်ဖူးလား ဘုရား"

"ယေဘုယျအားဖြင့်တော့ အဲဒီလို ပြောနိုင်ပါလိမ့်မယ်။ ဒါပေမယ့် ဒကာရွှေကို ကျုပ်ပြောပြမယ်။ ရောဝတီတိုင်းဒေသကြီး

ဘက်မှာ ငါးကန်တွေ အကြီးအကျယ်တွေလုပ်ပြီး ကိုကိုတက်ချမ်းသာလာတဲ့ ဒကာတစ်ယောက် အသက် ၅၀ ကျော်ရုံလေးနဲ့ ကင်ဆာကြောင့် သေသွားတယ်။ နာဂစ်မှာ ကုန်အပြည့်သင်္ဘောတစ်စီးလုံး ဆုံးရှုံးသွားတဲ့ လုပ်ငန်းရှင်တစ်ယောက် ရူးသလိုလိုဖြစ်သွားသေးတယ်။ မရမ်းကုန်းမြို့နယ်မှာ ၁၉၈၈ မတိုင်မီက တော်တော်ပြည့်ပြည့်စုံစုံဖြစ်လာသူတစ်ဦး မီးလောင်မှုထဲ ပါသွားတယ်"

"ပစ္စုပ္ပန်ဘဝမှာ ဉာဏ်စွမ်း ဝီရိယအစွမ်း စိုက်ထုတ်ပြီး အတိတ်ဘဝရဲ့ ဒါနအကျိုးပေးစွမ်းအားတွေ ပေါင်းမိတော့ ပြည့်စုံချမ်းသာလာပေမယ့် ငါးပါးသီးလ အကျိုးအပေါက်ခံပြီး လှူထားခဲ့တော့ ခုလို ရန်သူမျိုးငါးပါးဘေးကြောင့် မျက်စိတမှိတ် လျှပ်တစ်ပြတ်မှာ ပျက်စီးဆုံးရှုံးကုန်ကြတယ်။ ပြန်ပေးရမယ့် ဥစ္စာပစ္စည်းကို အပင်ပန်းခံ ရှာဖွေသလို ဖြစ်မနေဘူးလား"

ဒါကြောင့် အကောင်းဆုံးကတော့ သီလအကျိုးပေါက်ခံပြီး မလှူမိစေဖို့ပဲ။ သီလစင်ကြယ်စွာ ရလာတဲ့ စည်းစိမ်ဥစ္စာကို ရန်သူမျိုးငါးပါးက မဖျက်ဆီးနိုင်ဘူး။ ပျဉ်ထောင်အိမ်အစုတ်ကလေးမှာ တစ်သက်လုံး အေးအေးချမ်းချမ်းနေချင်သလား။ သုံးထပ်တိုက်ကြီးမှာ ခြနဲ့ဝင်းနဲ့ ခမ်းခမ်းနားနားနေရပေမယ့် မီးလောင်ခံရပြီး သို့မဟုတ် လျှောင်လှုပ်ပြီး ထွက်ပြေးရချင်သလား။ အဲဒီ





နှစ်ခု ရွေးရမှာပေါ့"

"လူအများစုကတော့ အဲဒီနှစ်ခုစလုံး မလိုချင်ဘူး။ ခြံနဲ့ဝင်းနဲ့ တိုက်ကြီးနဲ့ ခမ်းခမ်းနားနားနေပြီး ရန်သူမျိုးငါးပါးလည်း မကြုံချင်ပါဘူးရား"

"ဒါဆိုရင် သီလအကျိုးပေါက်မခံဘဲ ကြိုးစားရှာဖွေကြပေါ့။ ရလာတဲ့ ငွေကြေးကို စေတနာသဒ္ဓါတရားကြီးမားစွာ လှူကြရမှာပေါ့"

မွေရတနာ နိုဝင်ဘာ ၂၀၁၃

# ဆူးလှည်းမောင်းသူ ၊၂၊

“ဒုတိယအုပ်စုကတော့ အကုသိုလ်ဖြစ်စေနိုင်တဲ့ လှူဖွယ်ပစ္စည်းများကို လှူဒါန်းခြင်းပဲကွ”

“လှူတယ်ဆိုတာ ဒါနကုသိုလ်ပဲ။ အလှူကြောင့် အကုသိုလ်မကောင်းမှု ဖြစ်သေးလို့လား ဘုရား”

“ဒါဖြင့် ကျုပ်ကလည်း ပြန်မေးလိုက်ဦးမယ်။ အစာစားတယ်ဆိုတာ အာဟာရဖြစ်တာပဲ။ အစာကြောင့် ဘေးဥပဒ်ဖြစ်တာကော ရှိသေးရဲ့လား ဆိုရင်. . .”

“ရှိတာပေါ့ဘုရား။ မတည့်တဲ့အစာ စားမိမယ်၊ ဒါမှမဟုတ် အလွန်အကျွံ စားမိမယ်ဆိုရင် ဘေးဥပဒ်ဖြစ်တာပေါ့ဘုရား”

“ဒါဆို ဒကာရွှေ ရှင်းလောက်ပြီနော်။ အင်္ဂုတ္တရနိကာယ်၊





ဝါဏိဇ္ဇသုတ်မှာ. ဥပါသကာတွေ မပြုသင့်တဲ့ ကုန်သွယ်မှုငါးမျိုးဆိုတာ ရှိတယ်။

(၁) လက်နက်
(၂) လူသတ္တဝါကုန်သွယ်မှု
(၃) အမဲသားငါး ကုန်သွယ်မှု
(၄) သေရည်သေရက်ကုန်သွယ်မှု
(၅) အဆိပ်ကုန်သွယ်မှု

တို့ပဲ။ ဆက်စပ်ပြီး တွေးမယ်ဆိုရင် အဲဒီကုန်သွယ်မှုက ရလာတဲ့ အကျိုးအမြတ်ကို ပေးကမ်းလှူဒါန်းရင်လည်း စင်ကြယ်သော ပေးကမ်းလှူဒါန်းမှု ဖြစ်ပါ့မလားလို့ကွယ့်။ အဲဒီကုန်ပစ္စည်းတွေကို လှူရင်ကောကုသိုလ်ရပ့ါမလားလို့။

အင်္ဂုတ္တရနိကာယ်၊ ဒက္ခိဏာသုတ်မှာ အလှူကြယ်ခြင်းလေးမျိုးဟောထားတယ်။

၁။ အလှူပေးပုဂ္ဂိုလ်က သီလရှိပြီး၊ အလှူခံပုဂ္ဂိုလ်က သီလမရှိခြင်း (အလှူပေးက စင်ကြယ်ပြီး အလှူခံက မစင်ကြယ်ပါ။)

၂။ အလှူပေးပုဂ္ဂိုလ်က သီလမရှိ၊ အလှူခံပုဂ္ဂိုလ်က သီလရှိခြင်း(အလှူပေးက မစင်ကြယ်၊ အလှူခံက စင်ကြယ်၏။)

၃။ အလှူပေးပုဂ္ဂိုလ်ရော အလှူခံပုဂ္ဂိုလ်ပါ သီလမရှိ။ (နှစ်ဦးစလုံး မစင်ကြယ်။)

၄။ အလှူပေးပုဂ္ဂိုလ်ရော အလှူခံပုဂ္ဂိုလ်ပါ သီလရှိ၏။ (နှစ်ဦးစလုံး စင်ကြယ်၏။)

"ဒီတော့ အလှူပေးပုဂ္ဂိုလ်ရော အလှူခံပုဂ္ဂိုလ်ပါ မစင်ကြယ်လျှင် အကျိုးပေး အင်မတန်နည်းနိုင်တယ်။ သီလကျိုးပေါက်သူချင်းဖြစ်လို့ အကုသိုလ်တွေလည်း တွဲပါနေမယ်လို့ ယူဆနိုင်တယ်။

"ပေးလှူလို့ ကုသိုလ်မရ။ အကုသိုလ်ပဲ ရတဲ့ အလှူတွေလည်း ရှိသေးသကွ။

၁။ အရက်၊ မူးယစ်ဆေးဝါးအလှူ

၂။ ပွဲလမ်းသဘင်အလှူ

၃။ မိန်းမအလှူ

၄။ မျိုးပေးဖို့ရည်ရွယ်ပြီး နွားလားဥသဘကို ပေးတဲ့အလှူ

၅။ ကိလေသာထကြွစေတဲ့ ယောက်ျား၊ မိန်းမ ရုပ်ပန်းချီဆေးရေးအလှူ။

"အဲဒီ ငါးမျိုးကို အကုသိုလ်ဖြစ်စေတာမို့ အပုညဒါန ငါးမျိုးလို့ ခေါ်တယ်။ ဒါကို အလှူခံ သုံးဆောင်သူက ကိလေသာပွားစီးကြောင်းဖြစ်စေတာမို့ အကုသိုလ်ပဲ ဖြစ်မှာလေ"





"အရှင်ဘုရား တိုးတိုးပြောပါ။ ပွဲသဘင်အလှူဆိုတာကြီးကို ကြားသွားရင် အရှင်ဘုရားပါ လာဘ်တိတ်သွားနိုင်လို့ပါ ဘုရား"

"ဘာလဲ. . .။ ဒကာရွှေတို့ရပ်ကွက်က ဆွမ်းလောင်းပွဲအတွက် ကြော်ငြာပွဲဆိုပြီး တစ်ခါ၊ ပွဲတော်ရက်အတွင်းမှာ တစ်ခါ၊ ဆွမ်းသိမ်းအောင်ပွဲဆိုပြီး တစ်ခါ စုစုပေါင်း သုံးကြိမ်လောက် ပွဲသဘင်အလှူလှူခဲ့ကြတာကြောင့်လား။ ကျုပ်ကလည်း လာဘ်တိတ်ခါမှ တိတ်ရော။ မပြောဘဲနေမှာ မဟုတ်ဘူး။ ခင်ဗျားတို့ပွဲက အငြိမ့်၊ စတိတ်ရှိုး၊ ဆိုင်း တစ်ခုခုဖြစ်နေတာနော်။ ဒီနှစ်စတိတ်ရှိုးမှာ ထိုင်ခုံရောင်းပြီး နာမည်ကျော်အဆိုတော်တွေ ထည့်လိုက်ကြတာ။ အဆိုတော် ခုနစ်ယောက်လောက်ဟာ ဘာသာခြားတွေဖြစ်နေတယ်ဆို"

"ထိုင်ခုံရောင်းရအောင်လို့ပါ ဘုရား"

"ငွေရဖို့ အဓိကဆိုရင် ခင်ဗျားတို့က မူးယစ်ဆေးဝါးပါ ရောင်းကြမှာလား"

"ပွဲသဘင်အလှူက လူငယ်တွေကို စည်းရုံးတာပါဘုရား။ အငြိမ့်၊ ဆိုင်းတွေမှာ တရားဓမ္မဆိုင်ရာတွေလည်း ထည့်ပြောကြ တီးကြ၊ ဆိုကြ လုပ်ပါတယ်။ ဘာသာရေးဘက်ပါလာအောင်လို့ပါ"

"ပွဲသဘင်အလှူကို ဘာဖြစ်လို့ ကုသိုလ်မရတဲ့ အလှူလို့ ပြောတုန်းဆိုတော့ ကိလေသာ ပွားစီးစေလို့ပဲ။ ခင်ဗျားပြောသလို ဇာတ်သဘင်၊ အငြိမ့်၊ ဆိုင်းတွေမှာ ဓမ္မရေးရာတွေပါလို့ ကုသိုလ်ဖြစ်စေတာမျိုးလည်း ရှိကောင်းရှိမှာပါ။ ဒါပေမယ့် ရာခိုင်နှုန်းအားဖြင့် ကုသိုလ်နဲ့ အကုသိုလ် ဘယ်ဟာပိုများမယ်ထင်သတုံး"

"အင်း. . . အဲ. . . ဒါတော့. . ."

"မဖြေချင်နေပါလေ။ ကိုယ့်ဟာကိုယ် သိရင်ပြီးတာပဲ။ အရေးအကြီးတကာ့အကြီးဆုံးလည်း ပြောပြချင်သေးတယ်။ အဓမ္မဝါဒပြန့်ပွားရေးကို ခုနစ်ရက်သားသမီး ဆုတ်ယုတ်ပျက်ပြားစေခြင်းအလို့ငှာ အားကြိုးမာန်တက် ဆောင်ရွက်နေသူတွေ ရှိတယ်။ သာသနာ့ကောင်းကျိုးလုပ်နေသူလို့ သူတို့ကိုယ်သူတို့ ပြောတာပဲ။ ဥပမာ-ပစ္စုပ္ပန်ကမ္မဝါဒပေါ့။ ဘဝသံသရာ မရှိဘူး၊ တိရစ္ဆာန်သတ်လို့ သီလမကျိုးပေါက်ဘူးစသဖြင့် မဟုတ်တာတွေချည်းဟောတယ်။ သူတို့လို သာသနာဖျက်ပုဂ္ဂိုလ်တွေကို အားကြိုးမာန်တက် လှူဒါန်းထောက်ပံ့နေသူတွေကော ကုသိုလ်ဖြစ်မှာလား၊ အကုသိုလ်ဖြစ်မှာလား"

"ခွေးတွေ၊ ကြောင်တွေကို ပေးလှူတာထက် လူကိုပေးလှူတာ ပိုပြီးကုသိုလ်ရတယ်ဆို။ ဒီလိုတွေးမယ်ဆိုရင် သူတို့ကို လှူတာ





ကုသိုလ်မရဘူးလားဘုရား"

"ကောင်းလိုက်တဲ့မေးခွန်း။ ဆာလောင်ငတ်မွတ်နေလို့၊ လိုအပ်နေလို့ ကရုဏာနဲ့ ကျွေးမွေးပေးလှူတာကတော့ ဘယ်သူ့ကိုပဲ လှူလှူ ကုသိုလ်ရမှာပါ။ ဒါပေမယ့် အဓမ္မဝါဒဖြန့်ဖြူးတာကို အားပေးတဲ့အနေနဲ့ ပေးလှူရင်တော့ အင်မတန်ကြောက်စဖွယ်ကောင်းလောက်အောင် အကုသိုလ်ဖြစ်မှာပေါ့။ ပေးလှူတာချင်းတူတာတောင် ဦးတည်ချက်၊ ရည်ရွယ်ချင်က ကွာသေးတာတုံး"

"သဘောပေါက်ပါပြီ ဘုရား"

"စိုပြီးသဘောပေါက်သွားအောင် ကပိလဇာတ်လမ်းကလေး ပြောပြချင်ပါတယ်။ ကဿပဘုရားရှင်ဟာ လူ့သက်တမ်းနှစ် နှစ်သောင်းတမ်းမှာ ပွင့်တော်မူခဲ့တာပေါ့။ ပရိနိဗ္ဗာန်စံပြီး၊ တေဇောဓာတ်ခတဲ့အခါ ဓာတ်တော်အလုံးကြီး တစ်ဆူတည်းသာ ကျန်ခဲ့တာမို့ ထူပခေါ် အရိုးစေတီတစ်ဆူသာ ရှိတယ်။ တို့ရဲ့ဂေါတမဘုရားရှင်ကတော့ သက်တမ်းတိုးတဲ့ နှစ်တစ်ရာတမ်းမှာ ပွင့်တာမို့ ဓာတ်တော်ကိုးကွယ်သူများ ကုသိုလ်တိုးပွားပါစေဆိုပြီး တမင်အဓိဋ္ဌာန်ထားခဲ့တယ်။ ဒါကြောင့် ဓာတ်တော်များ အစိတ်စိတ်အမွှာမွှာကွဲပြီး ဓာတုစေတီများစွာ ရှိနေတာ။

"ကဿပဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးတဲ့နောက် ရဟန်းဝတ်

လာသူ ကပိလရဟန်းဟာ တရားသင်ယူမှု(ပရိယတ္တိလုပ်ငန်း)ကို အဓိကထားပြီးလုပ်တယ်။ အင်မတန်ကျော်ကြားအောင်မြင်ပြီး လာဘ်လာဘအခြွေအရံပေါ်တာပေါ့။ ကပိလမထေရ်ဟာ ပညာ မာန်တက်ပြီး မောက်မာလာတယ်"

"အဆိုးရွားဆုံးကတော့ ဘုရားဟောတရားကို ဘုရားဟော မဟုတ်ဘူးလို့ပြောတယ်။ ဘုရားဟော မဟုတ်တာကို ဘုရားဟော လို့ ပြောတယ်။ ကပိလမထေရ်ကို ရဟန္တာဖြစ်နေတဲ့ သူ့အစ်ကိုသာ ဂတမထေရ်က လာပြီးဆုံးမပေမယ့် မနာယူဘူး။ ကပိလမထေရ် ရဲ့ မယ်တော်နဲ့ နှမတော်တို့လည်း ဘိက္ခုနီ(ရဟန်းမ)များ ဝတ်နေ ကြတာလေ။ သူတို့က ကပိလမထေရ်ဘက်က ရပ်တည်ပြီး အား ပေးအားမြှောက် လုပ်ကြတယ်"

"ကပိလမထေရ်သေတော့ အဝီစိငရဲကို ကျရောက်သွား တယ်။ သူ့ကို အားပေးတဲ့နှမတော်နဲ့ မယ်တော်လည်း အဝီစိငရဲ ကို ရောက်သွားရော။ ဒီတော့ အဓမ္မဝါဒီ(ဥပမာ-ပစ္စုပ္ပန်ကမ္ဘဝါဒ လိုမျိုး)ကို အားပေးလျှဒါန်းရင်တော့ အဝီစိကိုတောင် ကျနိုင်တယ် လို့ မှတ်ပေတော့ ဒကာရွှေ"

"တွေးမိတာကလေး လျှောက်ပါရစေဦး ဘုရား။ ရဟန်း တော်တွေကို တိုက်ရိုက်အားဖြင့် ရွှေ၊ ငွေ လှူဒါန်းရင် ကုသိုလ်ရ





ပါသလား။ အကုသိုလ်ရပါသလား"

"ရွှေ၊ ငွေဖြင့် ကာမဂုဏ်အာရုံငါးပါးကို ခံစားလို့ရတယ်။ ရဟန်းတော်များက ရွှေ၊ ငွေကို အလှူခံတောင်းရင် ကာမဂုဏ်အာ ရုံ ငါးပါးလုံးကိုလည်း ခံစားကောင်းတယ်လို့ အဓိပ္ပာယ်ထွက်နေ မှာပေါ့။ ဒါကြောင့် ရွှေငွေကို တိုက်ရိုက်အားဖြင့် ရဟန်းတော် များအား မလှူကောင်းပါဘူး။ လှူရင် ရဟန်းတော် အာပတ်သင့် ပါတယ်။ လူတွေအနေနဲ့ ကုသိုလ်ရသလား။ အကုသိုလ်ဖြစ်သလား ဆိုတာတော့ စေတနာအပေါ် မူတည်ပြီး အင်မတန်သိမ်မွေ့တဲ့ အပိုင်းဖြစ်နေတယ်။

"ရဟန်းတော်များ ၂၂၇ သွယ်သော သိက္ခာပုဒ်များ ကျူး လွန်မိရင် အပတ်သင့်တယ်။ အာပတ်သင့်တိုင်း အကုသိုလ်ဖြစ်တာ တော့ မဟုတ်ဘူး။ အချို့အာပတ်သင့်မှုက အကုသိုလ်ပါဖြစ်ပြီး အချို့အာပတ်သင့်မှုက အကုသိုလ်မဖြစ်ဘူး။ ဥပမာ- အရက် သောက်ခြင်းက အာပတ်လည်းသင့်တယ်။ အကုသိုလ်လည်းဖြစ် တယ်။ မြက်ပင်နုတ်မိခြင်းကတော့ အာပတ်သာသင့်တယ်။ အကု သိုလ်မဖြစ်ဘူး။ ဒါပေမယ့် သေးငယ်တဲ့အာပတ်ဖြစ်စေ၊ မဂ်တား ဖိုလ်တားဖြစ်နိုင်တယ်"

"သိက္ခာပုဒ်များ စောင့်စည်းခြင်းဟာ သာသနာတော်

သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ဖြစ်စေတာမို့ ရွှေငွေကို တိုက်ရိုက်မလှူဘဲ ကပ္ပိယထံမှတစ်ဆင့် အပ်စပ်အောင် လှူဒါန်းရင် ကုသိုလ်ရမှာပါ။ အပ်စပ်အောင် မလှူရင် ရဟန်းလည်း အာပတ်သင့်၊ လှူသူလည်း ကုသိုလ်ရသင့်သလောက် မရဘဲ ဖြစ်နိုင်ပါတယ်။ ရဟန်းကို အာပတ်သင့်ရောက်စေလို့တဲ့ စေတနာနဲ့ လှူရင် အကုသိုလ်တောင် ဖြစ်နိုင်ပါတယ်"

ဓမ္မရတနာ ဒီဇင်ဘာ ၂၀၁၃



# ဆူးလှည်းမောင်းသူ ၊၃၊

"ဒကာရွှေရေ၊ တတိယအုပ်စုကတော့ အကုသိုလ်စိတ်ကို အရင်းခံ၍ ပေးကမ်းလှူဒါန်းခြင်းပဲကွ"

"ပေးကမ်းလှူဒါန်းခြင်းက ကုသိုလ်၊ အရင်းခံတာက အကုသိုလ်၊ ဆန့်ကျင်ဘက်လို ဖြစ်နေတယ်။ သဘောမပေါက်ဘူး ဘုရား"

"လူတစ်ယောက်ဟာ လုပ်ပိုင်ခွင့်အာဏာရှိသူကဖြစ်စေ၊ ခိုင်းတာမလုပ်ရင် အသက်အိုးအိမ်စည်းစိမ်ကို ဖျက်ဆီးနိုင်သူကဖြစ်စေ ခြိမ်းခြောက်လို့ ကြောက်ပြီး လှူဒါန်းတယ်ဆိုပါတော့။ ကြောက်ခြင်းဆိုတာ အကုသိုလ်စေတသိကပဲ။ ဒါကြောင့် အဲဒါမျိုးဆို အကုသိုလ်စိတ်ကို အရင်းခံပြီး ပေးကမ်းလှူဒါန်းခြင်းလို့ ခေါ်သကွ"

"သဘောပေါက်ပါပြီဘုရား။ ကြောက်ပြီးလှူတာ ကုသိုလ် မရဘူးပေါ့ဘုရား"

"ကြောက်တာတစ်ခုတည်းကြောင့် လှူရင်တော့ ကုသိုလ် မရလောက်ဘူး။ သို့သော် စိတ်ဆိုတာ တစ်သမတ်တည်း ရှိဖို့ခဲ ယဉ်းတယ်။ ကြောက်လို့လှူလိုက်သော်လည်း သုံးဆောင်ခံစားတဲ့ သူတွေ၊ ချမ်းသာခြင်းဟာ အလကားလေလွင့်သွားတာထက်စာရင် သို့မဟုတ် မီးဘေးစသဖြင့် သက်သက်မဲ့ ပျက်စီးသွားတာထက်စာ ရင် ကောင်းပါသေးရဲ့လို့ အပရစေတနာဖြစ်ပွားပေါ် ပေါက်ခဲ့ရင် ပေါ့ ကုသိုလ်ရတန်သလောက်ရမှာပါ"

"လူတစ်ယောက်ဟာ လုပ်ပိုင်ခွင့်အာဏာရှိသူထံမှ လုပ် ပိုင်ခွင့်တစ်ခုခု၊ အကျိုးစီးပွားတစ်ခုခုကို ရချင်စိတ်ဖြင့် အဲဒီလူရဲ့ အလိုကျလှူဒါန်းတယ်ဆိုပါတော့။ ရချင်စိတ်ဆိုတာ အဘိဓမ္မာဒေ သနာတော်အရ လောဘပဲ။ လောဘဆိုတာ အကိုသိုလ်စေတသိက် ပဲ။ ဒါကြောင့် အဲဒါမျိုးကို အကုသိုလ်စိတ်ကို အရင်းခံပြီး ပေး ကမ်းလှူဒါန်းခြင်းလို့ခေါ်သကွ။ ဆန်ပေးမှ ဆီရတယ်ဆိုသလိုမျိုး အရောင်းအဝယ်ပုံစံဖြစ်နေတာပေါ့ကွာ။ စေတနာမသန့်ဘူးပေါ့"

"ကြွားလို၍ လှူခြင်း၊ ယင်ပေါ်လို၍ လှူခြင်း၊ တစ်ပါး သူကို နှိမ့်ချလို၍ လှူခြင်း၊ စိတ်မပါဘဲ မကောင်းတတ်၍ အားနာ





၍ လှူခြင်း၊ ငြူစူစောင်းရွဲ့၍ လှူခြင်း၊ တစ်ဖက်သားကို ရှက်စေ လို၍ လှူခြင်း၊ အပြိုင်အဆိုင်သဘော အနိုင်ရလို၍ လှူခြင်း၊ အဲဒါတွေဟာ အကုသိုလ်စိတ်ကို အရင်းခံတဲ့ ပေးကမ်းလှူဒါန်းခြင်း တွေ ဖြစ်နေတယ်။ ဒီလိုလှူခြင်းဟာ ကုသိုလ်ရသင့်သလောက် မရတတ်ဘူး။ အချို့သောအခြင်းအရာများဟာ အကုသိုလ်တောင် ပိုပြီးဖြစ်ကောင်း ဖြစ်နိုင်တယ်။ ငွေကြေးဥစ္စာကုန်ခန်းတာ တူ သော်လည်း စိတ်ထားမတတ်ရင် အမြတ်ထွက်ဖို့ ဝေးလို့ အရှုံး တောင်ဖြစ်နိုင်သေးတယ်"

"သာသနာမာမကဓမ္မရက္ခိတ အကျိုးတော်ဆောင် အလှူ ရှင်များ(ဇီဝဖလ)လို့ အမည်ခံတဲ့အဖွဲ့က ဗလာစာအုပ်တွေ လှူ တော့ နောက်ကျောဖုံးမှာ ဒီလိုရေးသားစပ်ဆိုထားတယ်။ ခေါင်း စဉ်က 'လှူစေချင်သည်' တဲ့ "

၁။ ကြောက်ရွံ့ ကြွားလို၊ ထင်ပေါ်လို၊ နောင်ကို တောင့်တ မလှူရ။

၂။ တစ်ပါးနှိမ့်ချ၊ စိတ်မပါက၊ မကောင်းလှ၍ မလှူရ။

၃။ မိမိအလှူ မကြည်ဖြူ ငြူစူစောင်းရွဲ့ မလှူနဲ့။

၄။ ရိုသေကင်းလျက်၊ မာနတက်၊ တစ်ဖက်ရှက်အောင် မလှူနဲ့။

၅။ မသန့်ငွေကြေး၊ အလှူပေး၊ နောင်ရေးကောင်းအောင်

မလုပ်နဲ့။

၆။ သူနဲ့ရင်ဆိုင်၊ ငါကနိုင်၊ အပြိုင်အဆိုင် မလျှုနဲ့။

၇။ ဝင့်ကင်းပြတ်ရာ၊ နိဗ္ဗာန်သာလျှင်၊ မှန်စွာမုချ၊ ရလိုရ၍၊ ထိုမှတစ်ပါး၊ အများသူငါ၊ ဝမ်းပန်းသာသော၊ မဟာဒါနဝိဝဋ္ဋသာ ချမ်းသာစေကြောင်း၊ လှူလျှင်ကောင်းသည်၊ စိတ်ပေါင်းဖျက်၍ မှတ်ပါချိမ့်"

"ကောင်းလိုက်တဲ့ သံပေါက်လက်ာပါဘုရား။ အိမ်တိုင်းမှာ ပိုစတာအဖြစ် ချိတ်ထားဖို့ကောင်းတယ်။ ဒါပေမဲ့ နိဗ္ဗာန်ကိုသာ ရည်မှန်းပြီး လှူရမယ်ဆိုတော့ နဲ ဗ္ဗာန်ရဲ့ အဖြိုက်ချမ်းသာကို ဘာမှန်းညာမှန်းမသိကြတဲ့ မိရိုးဖလာဗုဒ္ဓဘာသာဝင်များအဖို့တော့ တော်တော်ခက်မယ်ထင်တယ် ဘုရား"

"အဲဒီလိုခက်တာကို မခက်အောင်(သဘောပေါက်ကြအောင်) လုပ်ရမယ့်တာဝန်က ကျုပ်တို့ ရဟန်းဘောင်တွေနဲ့ ဒကာရွှေတို့လို ဓမ္မစာပေကလောင်ရှင်တွေနဲ့ တာပန်ပလေ။ ဒါနဲ့ ရှေးသူဟောင်း စကားကလေးရှိတယ်။ ခရီးသွားတွေရဲ့ မျှော့ရည်နဲ့ တည်တဲ့ဘုရားတဲ့။ ကြားဖူးရဲ့လား"

"မကြားဖူးပါဘူးဘုရား"

"ဒီလိုကွဲ့။ ရှေးရှေးတုန်းက ဗေဒင်ဆရာတစ်ယောက်က





ဘုရင်မင်းတရားကို လျှောက်သတဲ့။ အရှင်မင်းကြီးရဲ့ ကံဇာတာ ညှိုးမှိန်နေပါသဖြင့် စေတီကြီးတစ်ဆူတည်ထားကိုးကွယ်၍ ယတြာချေရမည်ဖြစ်ကြောင်းပါတဲ့။ ဘုရားရှင်ရဲ့ဂုဏ်တော်ကို ရည်မှန်း ပူဇော်ပြီး ရဟန်းရှင်လူများ ကုသိုလ်ပွားနိုင်ဖို့ ရည်ရွယ်ပြီးတော့ စေတီကြီးတည်ထားရမှာ။ ခုတော့ ဘုရင်ရဲ့ကံဇာတာ ကောင်းလာဖို့ရည်ရွယ်ပြီး စေတီကြီးတည်ထားရမယ်တဲ့။ မှားတာက ဘာ့ အဲဒီကတည်းက စမှားတော့တာပဲ။ ရှင်ဘုရင်က အမတ်ကြီးတစ်ဦးကို 'စေတီကြီးတည်ထားစေ၊ ဘဏ္ဍာငွေကိုလည်း သင့်လျော်သလို ရှာဖွေစေ' လို့ အမိန့်တော်မှတ်တယ်"

"သာသနာတော်ကို ကြည်ညိုပြီး လိမ္မာတဲ့အမတ်ဆိုတော့ တိုင်းသူပြည်သားတွေကို သဒ္ဓါတရားဖြစ်အောင် ဟောပြောနှိုးဆော်ပြီး အလှူငွေထည့်ခိုင်းတာပေါ့။ ဒါပေမဲ့ ကုန်မယ့်ငွေကြေးက အလွန်များတော့ မြန်မြန်ဆန်ဆန်နဲ့ ဘဏ္ဍာငွေမပြည့်ဘူး။ ဘုရင်က စိတ်မရှည်ဘူး။ အဲဒီအမတ်ကို တာဝန်မှရုပ်သိမ်းပြီး အခြားအမတ်တစ်ဦးကို တာဝန်ပေးတယ်။ ဘယ်နေ့ ဘယ်ရက် အပြီးတည်စေပေါ့။ ကြိုက်တဲ့နည်းနဲ့ ဘဏ္ဍာငွေရှာနိုင်တယ်ပေါ့"

"အဲဒီအမတ်ကလည်း သူ့အစွမ်းအစကို ပြတော့တာပဲ။ သူက တပည့်ငယ်သားတွေကို ခေါ်ပြီး ဘဏ္ဍာငွေရှာလိုက်တာ

သုံးလနဲ့တင် လိုသမျှ အပြည့်အစုံ ရသွားပါရော"

"စွမ်းလှချေလားဘုရား"

"စွမ်းဆို သူ့နည်းကလည်း လက်ဖျားခါစရာပဲ။ ခရီးအနှံ့အပြားမှာ သူ့လူတွေကို လွှတ်ထားတယ်။ လမ်းဘေးချုံပုတ်ထဲက နေ စောင့်နေကြတာပေါ့။ ခရီးသွားဧည့်သည်တွေ၊ လှည်းသမားတွေ၊ ကုန်သည်တွေလာရာလမ်းမှာ မင်းဘဏ္ဍာတွေကို ချထားတယ်။ ပြီးတော့ သူခိုးဆိုပြီး ဖမ်း၊ အလှူငွေအတင်းထည့်ခိုင်း၊ မထည့်ရင် မင်းဒဏ်သင့်မယ်လို့ ခြိမ်းခြောက်၊ လူတွေကလည်း ကြောက်လန့်ပြီး ငွေတွေထည့်ကြ၊ အဲဒါနဲ့ စေတီကြီးကပြီးသွားရော။ ဘုရားကိုတော့ ပြည်သူတွေက သမုတ်လိုက်တယ်။ 'ခရီးသွားတွေရဲ့ မျက်ရည်နဲ့ တည်တဲ့ဘုရား'ပေါ့"

"အကုသိုလ်နဲ့ရင်းပြီး လုပ်တဲ့ကုသိုလ်ဆိုတာ လယ်ပြင်မှာ ဆင်သားသလို ထင်ရှားနေပါတယ် ဘုရား"

"အဲဒါကြောင့်ပြောတာ။ လူတစ်ယောက် ရွှေတစ်ကျပ်သားကို လမ်းမှာတွေ့တော့ အားပါးတရ ကုန်းကောက်လိုက်သတဲ့။ သူ့အိတ်ကပ်ထဲက ရွှေတစ်ပိဿာ ထွက်ကျသွားတာ မသိလိုက်ဘူးဆိုသလိုမျိုးပေါ့"

မမ္ဗရတနာ၊ ဇန်နဝါရီ ၂၀၁၄



# ဆင်တတ်မှ လှသည်

၊ ၁ ၊

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်က အသက်ရှည်ရေး၊ ကျန်းမာရေးအတွက် ဆောင်ရန်ရှောင်ရန် အချက်များကို အဆက်မပြတ် သုတေသနပြု ထုတ်ပြန်ပေးလေ့ရှိသည်။ ကျန်းမာရေးလေ့ကျင့်ခန်းများ၊ ကိုယ်လက်လှုပ်ရှားမှုများကို မဖြစ်မနေ ပြုလုပ်ဖို့ အစဉ်အမြဲဆော်ဩနေဆဲဖြစ်သည်။ အချို့သော နည်းနာနိဿယများမှာ နောက်ဆုံးပေါ် သုတေသနရလဒ်များအရ အပြောင်းအလဲလုပ်ရခြင်းမျိုး ရှိပါသည်။

ဥပမာ-ယခင်က မွေးကင်းစကလေးငယ်များကို အသားဝါရောဂါမဖြစ်စေရန် ရေနက်ချ၍ဖြစ်စေ၊ ရေဘူးဖြင့်နို့စို့၍ဖြစ်စေ

ရေတိုက်ရမည်ဟု လမ်းညွှန်ခဲ့ကြသည်။ ယခုမူ မိခင်နို့ကိုသာ တိုက်ရမည်ဟု ပြောင်းလဲညွှန်ကြားခဲ့ပါသည်။ ဤသို့သော ပြောင်းလဲ ညွှန်ကြားမှုမျိုး ရှိခဲ့စေကာမူ ယနေ့တိုင် မပြောင်းမလဲ ညွှန်ကြားမှုကား ကိုယ်လက်လှုပ်ရှားမှုများပြုဖို့ ဖြစ်သည်။

အားကစားနည်းများစွာအနက် အရိုးစင်းဆုံး၊ အလွယ်ကူဆုံး၊ စရိတ်အသက်သာဆုံးမှာ လမ်းလျှောက်ခြင်းဖြစ်သည်ဟု ကမ္ဘာ့ကျန်းမာရေး အဖွဲ့ချုပ်ကဆို၏။ လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးကို လက်တွေ့ခံစားခဲ့သူများ၏ ကိုယ်တွေ့ရေးသားတင်ပြချက်များ၊ ပြောပြမှုများကို ကြားရသော ဦးဘခိုင်မှာ လမ်းလျှောက်ခြင်းကို ပုံမှန်ပြုလျက်ရှိလေသည်။ လမ်းလျှောက်ခြင်းကို မြတ်ဗုဒ္ဓကိုယ်တော်တိုင်က အားပေးတော်မူ၏။ စင်္ကြံလျှောက်ခြင်း၏ အကျိုးကျေးဇူးကို ဟောကြားတော်မူခဲ့သည်။

အလွန်လိုလားသော နှစ်သက်ဖွယ်ဖြစ်သော လမ်းလျှောက်ခြင်းကို ဦးဘခိုင်က ကျင့်သုံးသဖြင့် ကောင်းကျိုးများ ခံစားရမည်။ ဆိုးကျိုးများကို ခံစားရန်အကြောင်းမရှိဟု ယူဆဖွယ်ရှိပါသည်။ သို့သော် မှား၏။ ဦးဘခိုင်ကား လမ်းအလျှောက်ကောင်းသဖြင့် ဆေးရုံသို့ရောက်သွားလေသည်။ မသေကောင်း မပျောက်ကောင်းဟု ဆွေမျိုးမိတ်ဆွေများက စုတ်တသပ်သပ်ဖြစ်ကြရ၏။





ဖြစ်ပုံကား ဤသို့တည်း။ ဦးဘခိုင်နေထိုင်သော မြို့နယ်၌ ပလက်ဖောင်းများကား ရှိပါ၏။ သို့သော် အလွန်ကျဉ်းမြောင်း၍ လူနှစ်ယောက်ပင် ရှောင်၍မလွတ်။ ဈေးဆိုင်များ၊ မီးစက်များလည်း ပလက်ဖောင်းပေါ်၌ ရှိနေတတ်၏။ ထို့ကြောင့် သူသည် ပလက်ဖောင်းပေါ်၌ လွတ်လွတ်ကျွတ်ကျွတ်လျှောက်၍ မရ။ ပလက်ဖောင်းနှင့် ကပ်နေသော ကတ္တရာလမ်းအစပ်၌ လျှောက်ရ၏။ ရပ်နား(Parking)ထားသော ကားများကို ရှောင်ကွင်းပြီး လျှောက်ရသဖြင့် အချိုးကျကျ ငြိမ်ရှိရှိ စိတ်အေးလက်အေး လျှောက်ရတာမျိုး မဟုတ်ပေ။

တစ်ရံခါတွင် အပြိုင်အဆိုင်မောင်းလာသော ကားနှစ်စီးအနက် တစ်စီးက ဦးဘခိုင်အား ဝင်တိုက်တော့မည်ရှိရာ ဦးဘခိုင်လည်း အလျင်အမြန် ပလက်ဖောင်းပေါ်သို့ ခုန်တက်လိုက်၏။ အချိန်အနည်းငယ် နောက်ကျလျှင်ကား ထိုကားက ဦးဘခိုင်ကို သေရွာသို့ပို့တော့မည်ဖြစ်၏။

ပလက်ဖောင်းပေါ် ခုန်အတက်တွင် ခြေထောက်ချော်သဖြင့် ဘေးစောင်းပစ်လဲသောကြောင့် ဒူးခေါင်း၊ တံတောင်ဆစ်နှင့် လက်မောင်းရိုးများ ဒဏ်ရာရသွား၏။ အရိုးမကျိုးသဖြင့် တော်သေး၏။ သို့သော် ဆေးရုံတွင် တစ်ပတ်နီးပါးနေခဲ့ရရာ သိန်းဂဏန်း

ပျော့ပျော့ ငွေကုန်သွား၏။ ထိုစဉ်က သူရသောပင်စင်ငွေတစ်နှစ်စာမှာ အလဟဿဖြစ်သွား၏။

ဒဏ်ရာများပျောက်ကင်းသောအခါ ဦးဘခိုင်မှာ လမ်းလျှောက်မထွက်တော့ချေ။ အိမ်တွင်း၌ပင် ကာယလေ့ကျင့်ခန်း၊ ယောဂကျင့်စဉ်များကို နာရီဝက်ကြာ လုပ်နေတော့၏။ လမ်းလျှောက်ခြင်းကား ကောင်းပါ၏။ သို့သော် လေကောင်းလေသန့်ရသော၊ ဘေးကင်းလုံခြုံသော၊ လွတ်လပ်စနစ်ကျသော လမ်းလျှောက်ခြင်းမျိုးဖြစ်မှသာ လမ်းလျှောက်သင့်ကြောင်း ဦးဘခိုင်သိရှိသွားလေပြီ။ မှန်၏။ လမ်းလျှောက်တိုင်း ကောင်းသည်မဟုတ်ပေ။

- ၂ -

ဂျပန်ရေသောက်နည်းဆိုသည်ကို မိတ်ဆက်ပေးခဲ့သူမှာ စိန်မင်းဖြစ်သည်။ နံနက် အိပ်ရာမှထထချင်း ဘာကိုမှ မစားမသောက်မီ မတ်ခွက်ဖြင့် ရေအေးများကို ဖြည်းဖြည်းချင်းသောက်ရသည်။ သောက်ပြီးနောက် မိနစ်အနည်းငယ်ခန့်တွင် ဝမ်းသွားလိုစိတ်ဖြစ်လာ၏။ ထိုအခါ အိမ်သာတက်ရသည်။ ရေများက အစာဟောင်းအိမ်နှင့် အူလမ်းကြောင်း၊ ဆီးလမ်းကြောင်းများကို သန့်





ရှင်းပေးသည်ဆို၏။ ဝမ်းချုပ်၊ ဆီးချုပ်ခြင်းကို ကာကွယ်သည်ဆို၏။

လူထွေးလည်း သူ့သူငယ်ချင်းစိန်မင်းပြောသော ဂျပန်ရေသောက်နည်းကို ကျင့်သုံးကြည့်၏။ အတော်မှန်သော နည်းပါပေ။ လူထွေး လူပျိုဘောင်တွင် နေစဉ်ကတည်းက ကျင့်သုံးခဲ့ပါ၏။ အလုပ်ရ၍ ရွှေတောင်ချည်ထည်အချောကိုင်စက်ရုံစီမံကိန်း၌ လုပ်ငန်းပြအင်ဂျင်နီယာအဖြစ် ဝင်ရောက်ရသောအခါ၌လည်း ကျင့်သုံးဆဲပင်။

သို့သော် နယ်စီမံကိန်း၌ ဆောင်ရွက်စဉ် ဝမ်းကိုက်ရောဂါကြောင့် လူထွေးလည်း မြော့မြော့ကလေးသာရှိတော့၏။ ဆေးခန်းသွား၍ ကုသမှုခံလိုက်တော့မှ သက်သာသွားသည်။ သူသောက်သော ရေမှာ သန့်ရှင်းမှုမရှိ၍ ဝမ်းကိုက်ရောဂါဖြစ်ရကြောင်း သိသွားလေပြီ။ ဂျပန်ရေသောက်နည်းကို ကျင့်သုံးတိုင်း ကောင်းသည်မဟုတ်။ ရေကလည်း သန့်အုံးမှ။ ပုဂ္ဂိုလ်တစ်ဦးချင်း၏ ရေဓာတ်(အာပေါဓာတ်)အခံနှင့်လည်း ကိုက်ညီဦးမှ ဆိုသည်ကို သူသိသွားလေပြီ။

- ၃ -

ဖခင်ကြီးက သားနှစ်ဦးကို ကြီးပွားချမ်းသာစေရန် မသေ

မိမှာခဲ့သည်။ တစ်နေ့လျှင် သုံးခါလုံချည်လဲဖို့၊ ခေါင်းတစ်ရာသားကို စားဖို့၊ အိမ်နောက်ဖေး ဈေးဆိုင်တည်ဖို့၊ ဦးခေါင်းသုံးလုံးရှိသူကို ဆည်းကပ်ဖို့။

နှစ်ဦးစလုံးက ထိုမှာကြားချက်ကို လိုက်နာပါသည်။ သို့သော် တစ်ဦးမှာ မွဲပြာကျဆင်းရဲသွားသည်။ အခြားတစ်ဦးကမူ ချမ်းသာကြီးပွား သွားသည်။ ပရိယာယ်အားဖြင့် အဓိပ္ပာယ် ယူရမည်ကို တိုက်ရိုက်အားဖြင့် ယူမိသောကြောင့် တစ်ဦးက မွဲပြာကျဆင်းရဲသွားခြင်းဖြစ်သည်။

မှာကြားချက်များကို ပရိယာယ်အားဖြင့်ယူသော် တစ်နေ့လျှင် သုံးခါလုံချည်လဲဖို့ဆိုသည်ကား တစ်နေ့လျှင် သုံးခါလုံချည် လှည့်ဝတ်ဖို့ ဆိုလို၏။ သို့မှသာ အစုတ်အနုသက်သာ၍ အဝတ်အစားအကုန်သက်သာမည်။

ခေါင်းတစ်ရာသားကို စားဖို့ဆိုသည်မှာ အာဟာရလည်း ပြည့်ဝ၍ ဈေးလည်းချိုသော ငါးအသေးလေးများကို စားပါဟု ဆိုလိုသည်။

ဦးခေါင်းသုံးလုံးရှိသူကို ဆည်းကပ်ဖို့ဆိုသည်မှာ အသက်အရွယ်အိုမင်းပြီး အတွေ့အကြုံဗဟုသုတရှိသောသူကို ဆည်းကပ်ဖို့ဆိုလိုသည်။ "အသက်ကြီးတော့ တစ်နည်းသာ"ဆိုသကဲ့သို့ သက်





ကြီးရွယ်အိုများက ပြဿနာ၏အဖြေအတော်များများကို သိတတ်ကြသည်။ အိုမင်းလှသဖြင့် ခါးကုန်းနေပြီး ဆောင့်ကြောင့်ထိုင်သောအခါ ဦးခေါင်း၊ ဘယ်ဒူးခေါင်း၊ ညာဒူးခေါင်းတို့မှာ ဦးခေါင်းသုံးလုံးရှိသူကဲ့သို့ ထင်မှတ်ရခြင်းဖြစ်သည်။

- ၄ -

ရောဂါရှိလျှင် ဆေးလည်းရှိရမည်သာဖြစ်သည်။ သို့သော် ဆေးဆရာ(ဆရာဝန်)အစစ်က ကိရိယာအစစ်၊ ဆေးအစစ်သုံး၍ သင့်လျော်သောနည်းအစစ်ဖြင့် ကုသပေးမှသာ ရောဂါသက်သာနိုင်မည်။ ပျောက်ကင်းနိုင်မည်ဖြစ်ပါသည်။ ဆရာဝန်ဆိုတိုင်း၊ ဆေးဆိုတိုင်း ရောဂါကို သက်သာပျောက်ကင်းနိုင်မည် မဟုတ်ပေ။

- ၅ -

ခေတ်သစ်ကမ္ဘာတွင် လျှပ်စစ်ဓာတ်အား၏ အရေးပါမှုမှာ မရှိမဖြစ်ဟု ဆိုရ၏။ တိုးတက်ဖွံ့ဖြိုးမှုကို အလိုရှိသူတို့သည် လုံလောက်သော လျှပ်စစ်စွမ်းအားကို အသုံးပြုနိုင်ရမည်ဖြစ်သည်။ လျှပ်စစ်ဓာတ်အား မလုံလောက်ဘဲ အထွေထွေတိုးတက်မှုကို ရလိုသည်ဟုဆိုလျှင် ကားဘီးမပါဘဲ ကားပြိုင်ပွဲ၌ ပထမရလိုသည်ဟု

ဆိုလိုသကဲ့သို့ ဖြစ်နေ၏။ လျှပ်စစ်ဓာတ်အားမှာ ဤမျှအထိ အရေးပါ၏။

သို့သော် လျှပ်စစ်ဓာတ်အားကို စနစ်တကျအသုံးမပြုတတ်လျှင် လူတို့၏ အသက်အိုးအိမ်၊ စည်းစိမ်ဥစ္စာတို့ကို ထိခိုက်ပျက်စီးစေနိုင်ပါသည်။ မီးကဲ့သို့ပင် သုံးတတ်လျှင် မိတ်ဆွေမသုံးတတ်လျှင် ရန်သူဖြစ်ပါသည်။ လျှပ်စစ်ဆိုတိုင်း အားကိုးထိုက်သည် မဟုတ်ပေ။

- ၆ -

ဗုဒ္ဓ၏တရားဓမ္မများကို လေ့လာထိုက်၊ ကျင့်သုံးထိုက်သည်။ သို့သော် အချို့သောမသမာသူ သာသနာဖျက်တို့သည် ဗုဒ္ဓ၏တရားဓမ္မမဟုတ်သည်ကို ဗုဒ္ဓ၏တရားဓမ္မဟုဆိုကာ ဖြန့်ဖြူးခဲ့ကြလေပြီ။ ပစ္စုပ္ပန်ကမ္မဝါဒက ရှေးဘဝ နောက်ဘဝမရှိဟု ဟော၏။ ကာမဂုဏ်မှားယွင်းခြင်း၊ တိရစ္ဆာန်အသက်သတ်ခြင်း၊ ပြည်သူပိုင်ပစ္စည်းခိုးခြင်း၊ သေရည်သေရက်သောက်ခြင်း၊ လိမ်ခြင်းတို့သည် အပြစ်မရှိဟု ဟော၏။ ဗုဒ္ဓရုပ်ပွားတော်မှာ ကြည်ညိုဖွယ်မရှိ၊ ကြောက်လန့်ဖွယ်သာရှိသည်ဟု ဟော၏။

ထို့ကြောင့် ဗုဒ္ဓ၏တရားဟုဆိုတိုင်း ယုံကြည်လိုက်နာ





အပ်သည်မဟုတ်။ စစ်မှန်သော ဗုဒ္ဓ၏တရားကို သဒ္ဓါအားဖြင့်သာမက ပညာအားဖြင့်ပါ ယုံကြည်လိုက်နာမှသာ လောကီအကျိုးစီးပွား၊ လောကုတ္တရာအကျိုးစီးပွားတို့ကို ဖြစ်ထွန်းစေမည်ဖြစ်၏။

လမ်းလျှောက်ခြင်းထက် အဆများစွာ အရေးကြီးသည်မှာ ဗုဒ္ဓတရားကို လိုက်နာကျင့်သုံးခြင်းပင် ဖြစ်ပါသည်။ သို့သော် လမ်းလျှောက်ရန်သင်သော နေရာဝန်းကျင်ဖြစ်မှသာ လမ်းလျှောက်သင့်သကဲ့သို့ ဗုဒ္ဓတရားတော်အစစ်အမှန်ကို ဟောပြောပြသနေသော နေရာဝန်းကျင်သို့သာ သွားလာဝင်ထွက် တပည့်ခံသင့်ပါသည်။

ဂျပန်ရေသောက်နည်းထက် အဆများစွာ အရေးကြီးသည်မှာ ဗုဒ္ဓတရားကို လေ့လာကျင့်သုံးခြင်းပင် ဖြစ်ပါသည်။ သို့သော် ရေသန့်မှသာ သောက်သင့်သကဲ့သို့ မူရင်းဖြစ်သော သန့်ရှင်းသော ဗုဒ္ဓတရားတော်ဖြစ်မှသာ လိုက်နာကျင့်သုံးသင့်ပါသည်။

ရှေးလူကြီးသူမတို့၏ အဆုံးအမများထက် အဆများစွာ အရေးကြီးသည်မှာ ဗုဒ္ဓတရားကို လေ့လာကျင့်သုံးခြင်းပင် ဖြစ်ပါသည်။ သို့သော် ရှေးလူကြီးတို့၏ အဆုံးအမများကို ပရိယာယ်အားဖြင့် အဓိပ္ပာယ်ယူရမည်ကို ပရိယာယ်အားဖြင့် ယူသင့်သကဲ့သို့ ဗုဒ္ဓတရားတော်များကို ပရိယာယ်အားဖြင့် အဓိပ္ပာယ်ယူရမည်

ကို ပရိယာယ်အားဖြင့် ယူသင့်ပါသည်။

(အရက်သောက်ခြင်းသည် ဒုစရိုက် ၁၀ ပါး၌ မပါဝင်ဟု ဆိုပြီး အရက်သောက်ခြင်းမှာ ဒုစရိုက်အမှု မဟုတ်ဟု ယူဆကျင့် သုံးခြင်းမျိုးကား မှားလေစွ။ မူးရူးမေ့လျော့ခြင်းသည် ဒုစရိုက် ၁၀ ပါးစလုံး၏ အကြောင်းခံဖြစ်နိုင်မှုကြောင့် ဒုစရိုက် ၁၀ ပါးစလုံး၌ပင် အရက်သောက်ခြင်းကို ထည့်သွင်းသင့်သည်ဟု ပရိယာယ် အားဖြင့် အဓိပ္ပာယ်ယူရမည်ဖြစ်ပါသည်။

လျှပ်စစ်ဓာတ်အားကို ဘေးရန်မရှိအောင် အသုံးပြုခြင်း ထက် အဆများစွာ အရေးကြီးသည်မှာ ဗုဒ္ဓတရားတော်ကို ဘေး ရန်အန္တရာယ်မရှိအောင် စနစ်တကျအသုံးပြုခြင်းဖြစ်ပါသည်။

ဓမ္မရံသီ၊ ဖေဖော်ဝါရီ ၂၀၁၄



# လုပခြင်း၏အခြားစာမျက်နှာ

\- ၁ -

အသက် ၈၀ အရွယ်ရှိ အဘွားအို၏ ခေါင်းရင်းတွင် ဓာတ်ပုံနှစ်ပုံကို ယှဉ်တွဲလျက်တွေ့ရသည်။ တစ်ပုံမှာ နှစ်နှစ်အရွယ် သမီးငယ်ကလေး၏ပုံဖြစ်ပြီး နောက်တစ်ပုံမှာ အသက် ၈၀ အရွယ် အဘွားအို၏ ပုံဖြစ်သည်။ မြေးအဘွား သို့မဟုတ် မြစ်နှင့်အဘွား ဟု ထင်မည်။ မဟုတ်ပါ။

နှစ်ပုံစလုံးသည် ထိုအဘွားကြီး၏ပုံများပင်ဖြစ်သည်။ ရုပ် တရား-နာမ်တရားတို့၏ ဖြစ်ပျက်ပြောင်းလဲနေပုံကို ဤပုံများဖြင့် စိန္တာမယဉာဏ်ဖြစ်ပေါ်ကြပါကုန်။

ထိုကလေးသည်ပင် ထိုအဘွားကြီးလော။ မဟုတ်ပေ။ ထိုကလေးသည် ထိုအဘွားကြီးနှင့် လုံးဝမဆိုင်ပြီလော။ ထိုသို့ လည်းမဟုတ်ပေ။ စင်စစ်အားဖြင့် နှစ်နှစ်သမီးကလေး၏ ရုပ်တရား နာမ်တရားတို့သည် ဖြစ်မှုက်မစဲ တသဲသဲဖြစ်ပျက်ကြပြီးလျှင် ထို

အသွားကြီးအဖြစ်သို့ ရောက်လာကြသည်။ ဘဝတစ်ခုတည်းမှာပင် ထိုသို့တွေ့ရလျှင် ဘဝကူးပြောင်းမှုသဘောတရားကိုလည်း စဉ်းစားတွေးမြင်ကြည့်နိုင်ပါသည်။ ဘဝတစ်ခုချုပ်ငြိမ်း၍ အခြားဘဝသို့ရောက်ရာ၌ ကံ၏အစွမ်းကြောင့် ရုပ်နာမ်အဟောင်းများ ချုပ်ငြိမ်း၍ ရုပ်နာမ်အသစ်များ ဖြစ်လာကြခြင်းပေတည်း။

- ၂ -

လူငယ်ဗုဒ္ဓဘာသာအဖွဲ့တစ်ဖွဲ့ရှိ၏။ တက္ကသိုလ်တက်ခဲ့စဉ်ကပင် စိတ်တူကိုယ်တူ သူငယ်ချင်းများ ဖြစ်ကြသည်။ ဘာသာရေးလုပ်ငန်း၊ ပရဟိတလုပ်ငန်းများကို ဆောင်ရွက်လာခဲ့ကြသူများဖြစ်သည်။ မိန်းကလေးများက ရင်ဖုံးအင်္ကျီများဖြင့် သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်း ဝတ်ဆင်ထားကြသည်။ ထဘီကိုလည်း အချိုးကျကျ ဝတ်ဆင်ထားကြ၏။ ဝေယျာဝစ္စများကို တက်ညီလက်ညီ လုပ်ကြသည်။ အခမ်းအနားမှူးလုပ်သော မိန်းကလေးကလည်း ရဲရဲရင့်ရင့် တည်တည်ကြည်ကြည်ဖြင့် အားရစရာ။ သူတို့ အားလုံး ကျက်သရေရှိကြသည်။

သူတို့တွင် ငယ်ဂုဏ်များရှိသလို လှပသပ်ရပ်မှုဆိုသော ဂုဏ်များလည်း ရှိကြသည်။ ထိုဂုဏ်များကို အသုံးချ၍ ဘာသာ





ရေးလုပ်ငန်း၊ ပရဟိတလုပ်ငန်းများကို ဆောင်ရွက်နေကြသည်။ သူတို့သည် လျှပ်ပေါ်လော်လည်သော ဝတ်စားဆင်ယင်မှု၊ ကလက်တက်တက် အမူအရာများဖြင့် ဆန့်ကျင်ဘက်တို့အား တဏှာရာဂဖြစ်အောင် မြှူဆွယ်နေသူများ မဟုတ်။ သို့သော် ခင်မင်လေးစားဖွယ်ကောင်းသည်။ ဘဝလက်တွဲဖော် အစစ်အမှန် ရှာဖွေလိုသူများအဖို့ ဇနီးကောင်းများ ဖြစ်နိုင်သည်သာ။ ဝံသ နုရက္ခိတဟူရာ၌ ဘာသာခြားမဟုတ်သော အိမ်ထောင်ဖက်ကောင်း ရရှိရေးလည်း ပါပါသည်။

စာရေးသူသည် ဘာသာရေးအဖွဲ့တစ်ခုတွင် အတွင်းရေးမှူးအဖြစ် ဆောင်ရွက်နေ၏။ အဖွဲ့ဝင်တို့၏ သားသမီးများကို လူငယ်အဖွဲ့အဖြစ် စုစည်းပေးထားပါသည်။ လူငယ်ယောကျ်ားကလေးများက ပေါ်ထွက်လှုပ်ရှားကြသော်လည်း လူငယ်မိန်းကလေးများက ချောင်မှာကုပ်နေကြသည်။ ဘာသာခြားတို့သည် လူငယ်တို့၏ အင်အားကိုယူ၍ စည်းရုံးမှုများစွာပြုလုပ်နေကြပါလျက် ဗုဒ္ဓဘာသာမိန်းကလေးအချို့က သူတို့နှင့် ဘာသာရေးဘာမျှ မဆိုင်သလို လုပ်နေကြသည်။

- ၃ -

အသက်ကြီးသူက ထန်းလျက်ခဲကိုစားလျှင် ချို၏။ အသက်

ငယ်သူက ထန်းလျက်ခဲကိုစားလျှင်လည်း ချိုသည်သာဖြစ်၏။ အသက်ကြီးသူက ကုသိုလ်လုပ်လျှင် ကုသိုလ်ရ၏။ အသက်ငယ်သူက ကုသိုလ်လုပ်လျှင်လည်း ကုသိုလ်ရသည်သာဖြစ်သည်။

မိန်းကလေးများက ညှော်ခံမှု၊ ဝေယျာဝစ္စဆောင်ရွက်မှု၊ အခမ်းအနားလုပ်မှု၊ အလှူခံပေးမှု၊ မျက်နှာဖုံးရှင်ဖြစ်မှု၊ စာအုပ်စာစောင်များ ဖြန့်ချိပေးမှုတို့ဖြင့် သူတို့၏ ငယ်ဂုဏ်နှင့် လှပသပ်ရပ်မှုကို ဘာသာရေးဆိုင်ရာ လှုပ်ရှားမှုများတွင် အသုံးချ ကုသိုလ်ယူနိုင်ပါသည်။

မြတ်ဗုဒ္ဓက ဝိနည်းဒေသနာတော်တွင် ကိုယ်လက်အင်္ဂါပြည့်စုံ၍ ဥပမိရုံကောင်းသူကိုသာ ရဟန်းခံပေးရမည်ဟု ပညတ်တော်မူခဲ့၏။ ဤသည်ကို ဖောက်ဖျက်လျှင် ရဟန်းခံပေးသော ရဟန်းတော်များ အာပတ်သင့်စေဟု ဝိနည်းပညတ်ခဲ့၏။ သို့သော်ကြီးမားသောအာပတ်ကား မဟုတ်ပေ။

အမှုကိစ္စအောင်မြင်စေရန် ပြည့်စုံရမည့်တရားများကို ဟောကြားရာ၌ ဥပမိသမ္ပတ္တိကိုလည်း ထည့်သွင်းဟောကြားခဲ့ပါသည်။ ဥပမိသမ္ပတ္တိဟူသည်မှာ ရုပ်ရည်လှပခံ့ထည်ခြင်းကိုသာမက နှစ်လိုဖွယ်ကောင်းသော ဝတ်ဆင်မှု၊ အမူအရာ၊ အသွားအလာတို့လည်း ပါဝင်ပါသည်။





ယောက်ျားတို့၏ဥစ္စာကား အတတ်ပညာတည်း၊ မိန်းမတို့၏ဥစ္စာကား အဆင်းတည်းဟု ဆိုစမှတ်ပြုကြသည် မဟုတ်ပါလား။

အကာယ်စင်စစ် ရုပ်ဆင်းအင်္ဂါချောမောလှပခြင်းသည် မီးနှင့်တူ၏။ မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်သည်။

အလှမာန်တက်ခြင်း၊ အကုသိုလ်ဘက်၌ သုံးမိမှားနေခြင်းတို့ကြောင့် လှပသူကို လှပခြင်းက ရန်သူကဲ့သို့ ဒုက္ခပေးတတ်၏။ အလှမာန်မတတ်ဘဲ အလှကို ကုသိုလ်ဘက်၌ အသုံးမှန်ခြင်းကြောင့် လှပသူကို လှပခြင်းက မိတ်ဆွေကဲ့သို့ အကျိုးပြုတတ်ပါသည်။

- ၄ -

အုံ့ဩထိတ်လန့်ဖွယ် နိုင်ငံတကာသတင်းတစ်ပုဒ်။

ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော အမျိုးသမီးအချို့၏ဓာတ်ပုံများ။

အက်ဆစ်ဖြင့် ဖျန်းပက်ခြင်းခံရသောကြောင့် ရစရာမရှိအောင် ပျက်စီးယိုယွင်းသွားသော မျက်နှာများ။

ထိုအမျိုးသမီးတို့သည် ဟိုတစ်ချိန်က လွန်စွာချောမောလှ

ပခဲ့ကြသူများ ဖြစ်သည်။ ထိုအလှမာန်များကြောင့် မောက်မာခဲ့ကြဟန်တူသည်။ ဆန့်ကျင်ဘက်လိင်ပုရိသတို့ကို တမ်းတမ်းစွဲအောင် ညှို့ယူဖမ်းစားခဲ့ကြဟန်တူသည်။ One Go Two Come, Three Wait ဆိုတာမျိုးဖြစ်ပုံရသည်။ မကျေနပ်သူတို့က (အထူးသဖြင့် ချစ်သူဟောင်း၊ လင်ယောကျ်ားဟောင်းတွေက)အက်ဆစ်ဖြင့် ဖျန်းပက်တိုက်ခိုက်ခဲ့ကြ၏။

ကိုလံဘီယာနိုင်ငံတွင် ပြီးခဲ့သော သုံးနှစ်အတွင်း အမျိုးသမီး ၂၅၀ ဦးထက်မနည်း ယခုကဲ့သို့ အက်ဆစ်ဖြင့် ဖျန်းပက်တိုက်ခိုက်ခံခဲ့ရသည်။ ရုပ်ဆင်းအင်္ဂါ ယိုယွင်းပျက်စီးမှုများ ဖြစ်ခဲ့ကြသည်။

ခင်ပွန်းဟောင်းက လွန်ခဲ့သော ငါးနှစ်ခန့်က အက်ဆစ်ဖြင့်တိုက်ခိုက်သောကြောင့် မျက်နှာ၊ ရင်ဘတ်နှင့် လက်တွေအားလုံး လောင်ကျွမ်းခြင်းခံရသူမှာ မစ္စဟာနန်ဒက်ဇ် ဖြစ်သည်။ သူ၏ ဘယ်ဘက်မျက်လုံးမှာ လုံးဝကန်းသွား၏။ တစ်ချိန်က ချောမောလှပခဲ့သည်ဟုပြောလျှင် ဘယ်လိုမှ ယုံနိုင်စရာ မရှိတော့။ ဘယ်ဘက်ပါးပြင်မှာ အုတ်နံရံလိုဖြစ်နေသည်။ ဝက်ဝံမျက်နှာပုံကြီးဖြစ်နေသည်။

လွန်ခဲ့သော ၁၁ နှစ်ကျော်က ချစ်သူက အက်ဆစ်ဖြင့်





တိုက်ခိုက်ခဲ့မှုကြောင့် မျက်နှစ်တစ်ခုလုံး ပျက်စီးခဲ့ရသူတစ်ဦးမှာ ကွန်ဆူလိုကော်ဒိုဘာ ဖြစ်သည်။ မျက်နှာကို ကူးစက်ပိုးမဝင်နိုင်အောင် မျက်နှာဖုံးစွပ်ထားရပြီး လေရှူနိုင်ဖို့အတွက် ပြွန်တစ်ချောင်းကို ထည့်ထားရသည်။

ကိုလံဘီယာနိုင်ငံထက် ပိုဆိုးသောနိုင်ငံများမှာ ပါကစ္စတန်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများဟု ဆိုသည်။ ထိုနိုင်ငံများတွင် နေ့စဉ် အမျိုးသမီး ၁၅၀ လောက် အက်ဆစ်ဖြင့်တိုက်ခိုက်ခံနေရသည်။ ကိုလံဘီယာနိုင်ငံ လူဦးရေသည် ပါကစ္စတန်လူဦးရေ၏ လေးပုံ တစ်ပုံလောက်သာရှိခြင်းကြောင့် စိုးရိမ်စရာဟု ကျွမ်းကျင်သူများက ဆို၏။ သို့သော် ကိုလံဘီယာသည် ထိုနှစ်နိုင်ငံနှင့် မတူ။

ပါကစ္စတန်နှင့် ဘင်္ဂလားဒေ့ရှ်တွင် အနောက်တိုင်းဆန်မှုများကို ဘာသာရေးအရ ဆန့်ကျင်လိုသဖြင့် ထိုတိုက်ခိုက်မှုများ ဖြစ်ပေါ်ပုံရသည်။ (14.8.12 First News)

မည်သို့ပင်ဆိုစေကာမူ အမျိုးသမီးတို့၏ လှပချောမောမှုဟူသည် တဒင်္ဂအတွင်းပျက်စီးပျောက်ဆုံးသွားနိုင်သည်ဟူသော အချက်ကို တွေ့ရသည်။ "အလှမာန်ဆိုတာတွေက အန္တရာယ်တွေကို ဖိတ်ခေါ်နေတာပါပဲလား"ဟု သံဝေဂရဖွယ်ဖြစ်နေသည်။ အက်ဆစ်ဖြင့် ပက်ဖျန်းခံရမှုသာမဟုတ်။ မတော်တဆယာဉ်တိုက်မှု

ပေါက်ကွဲမီးလောင်မှုများကြောင့် တစ်ခဏအတွင်း ရုပ်ပျက်ဆင်းပျက် ဖြစ်သွားကြသည်များလည်း ရှိသည်။

- ၅ -

ကိလေသာအာသဝေါကုန်ခမ်းပြီးသော ရဟန္တာထေရီတစ်ပါးရှိခဲ့သည်။ ငယ်ရွယ်နုပျိုချောမောသေး၏။ အမျိုးသားတစ်ဦးသည် ရဟန္တာထေရီကို ချစ်ခင်စုံမက်သဖြင့် ချစ်ရေးဆို၏။ ရဟန္တာထေရီက တရားဖြင့် ဆုံးမ၏။ ထိုသူက မနာခံ။

ရဟန္တာထေရီက "ဘာကြောင့် စွဲလမ်းနှစ်သက်ရသနည်း" ဟု မေးရာ ချောမောလှပလွန်း၍ စွဲလမ်းနှစ်သက်ရကြောင်း၊ မျက်လုံးကလေးက ဘယ်လိုလှ၍၊ သွားကလေးတွေက ဘယ်လိုလှကြောင်း စသဖြင့် အလှပကာသနီ ချဲ့နေတော့၏။

ရဟန္တာထေရီက သူ့မျက်လုံးကို ထိုးသွင်းဖောက်ယူကာ လက်ဖြင့်ယူ၍ ထိုသူကိုပေး၏။ "သင်က လှပလွန်းသည်ဟုဆိုသော မျက်လုံးကို ယူပါလော့"ဟုဆို၏။ ထိုသူသည် ရဟန္တာထေရီကို ရှိခိုးတောင်းပန်၍ ပြေးလေပြီ။

ရဟန္တာထေရီသည် ထိုသို့ပြခြင်းဖြင့် ထိုအမျိုးသားကို ကယ်တင်စောင့်ရှောက်လေသည်။ အဘယ်ပုံအဘယ်နည်းဖြင့်





ကယ်တင်စောင့်ရှောက်လေသနည်း။ ထိုသူသည် ရဟန္တာထေရီကို သာမန်မိန်းကလေးဟု ထင်မှတ်ယူဆ၍ ချစ်ခင်စုံမက်စွဲလန်းနေရာ ငရဲကြီးနေကြောင်း မသိရှာ။ အကယ်၍ တစ်ဆင့်တက်ပြီးလျှင် ရဟန္တာထေရီ မေထုန်မှီဝဲခြင်းဖြင့် လွန်ကျူးသော် မလွဲမသွေ ချက်ချင်းမြေမျိုကာ မဟာအဝီစိငရဲသို့ ကျတော့မည်။ လွန်ကျူးမိသော် ထိုသတင်းကြောင့် ပညာရှိသူတော်ကောင်းတို့လည်း စိတ်ညစ်ညူးကြရတော့မည်။

လှပချောမောခြင်းသည် တစ်ခဏအတွင်း ပျက်စီးသွားနိုင်၏ ဟု တရားပြခြင်းလည်း ဖြစ်သည်။

စာရေးသူသည် ၁၉၉၅-၁၉၉၇ နှစ်နှစ်တာကာလအတွင်း Hotel Equitorial Project (ယခု Park Royal Hotel)၌ အလုပ်လုပ်ခဲ့၏။ လုပ်ဖော်ကိုင်ဖက် A က သူ့ကိုယ်တွေ့ကို ပြောပြ၏။ A သည် အသက် ၂၅-နှစ်ရှိစဉ်က အသက် ၄၅-နှစ်ခန့်ရှိသော ချောမောလှပ၍ အရွယ်တင်သော ကလေးတစ်ယောက် အမေ မုဆိုးမတစ်ဦးကို စွဲလမ်း နှစ်သက်ခဲ့သည်။ A က ချစ်ရေးဆိုရာ မုဆိုးမက ငြင်းပယ်လေ၏။ ငြင်းပယ်သော်လည်း သူ့ကို စိတ်ဝင်စားနေမှန်း သိသည်ဆို၏။ မကြာမီ ထိုမုဆိုးမသည် အိပ်ရာထဲလဲနေပြီး HIV ပိုးတွေ့သလိုလို ကြားရသည်။ A က ထိုမုဆိုးမကို

အဆက်အသွယ် ဖြတ်လိုက်၏။

A သည် အိမ်ထောင်ပြု၍ ကလေးတစ်ယောက်ရချိန်တွင်မှ ထိုမုဆိုးမက A ကို အကြောင်းစုံပြောပြသည်။ စိတ်ကူးယဉ်ဝတ္ထုပင် ဆန်နေ၏။ မုဆိုးမသည် A ကို ပြန်ကြိုက်နေသော်လည်း အသက်ကွာခြားမှုရှိသဖြင့် နောင်ရေးကို ကြိုတွေးနိုင်ခဲ့သည်။ မုဆိုးမသည် မကြာမီ အိုစာသွားတော့မည်ဖြစ်ရာ A က သားမှတ်မှတ် မယားမှတ်မှတ် သေတာပန်သက်တစ်ဆုံး ပေါင်းချင်မှာ မဟုတ်ဟု တွေးဆမိသည်။

HIV ပိုးရှိနေတာတောင် ပေါင်းသင်းချင်လျှင်တော့ အိုအောင်မင်းအောင်ပေါင်းမည့်သူဟု ယူဆသည်ဆို၏။ ဤနည်းဖြင့် A ကို ရွေးချယ်ခိုင်းခြင်းဖြစ်သည်။ မုဆိုးမသည် ငွေကြေးလည်း ပြည့်စုံသူဖြစ်ရာ ယခုထိ အိမ်ထောင်မပြုဘဲ ပရဟိတလုပ်ငန်းသာသနာပြုလုပ်ငန်းများကို ထိထိရောက်ရောက်ဆောင်ရွက်နေသည်ဟု ကြားသိရပါသည်။

ထိုမုဆိုးမသည် ရဟန္တာထေရီ၏ နည်းနာနိဿယအနည်းငယ်ကို အတုခိုး၍ A ကို ကယ်တင်လိုက်ခြင်းလည်း ဖြစ်နိုင်သည်။ အလှအပနောက် မျက်စိစုံမှိတ်လိုက်သွားခြင်းသည် ရေရှည်တွင် ပြဿနာများစွာ ဖိတ်ခေါ်ရာရောက်ကြောင်း သိစေ၏။





\- ၆ -

သရက်သီးမှည့်ချိန်တွင် ခူးဆွတ်စားသုံးမှ အဖိုးတန်ပါသည်။ ပုပ်ဆွေးလျှင်ကား စား၍မရတော့ပေ။ လှပမှု၊ နာမည်ကျော်ကြားမှု၊ ငွေကြေးဓနရှိမှု၊ ဂုဏ်ထူးဘွဲ့ထူးရှိမှု၊ ရာထူးအာဏာရှိမှုတို့နှင့် စပ်လျဉ်း၍ ဖတ်ခဲ့ဖူးသော စာကို မျှဝေပါရစေ။

"ပညာရှိ သူတော်ကောင်းတို့၏ ဥစ္စာစည်းစိမ်သည်အနည်းငယ်မျှပင် ဖြစ်စေကာမူ မိမိသူတစ်ပါး နှစ်ဦးသား၏အကျိုးကို ဆောင်၏။

"ပညာမဲ့လူယုတ်မာတို့၏ ဥစ္စာစည်းစိမ်ကား အများအပြားပင် ဖြစ်စေကာမူ မိမိသူတစ်ပါး နှစ်ဦးသား၏အကျိုးကို မဆောင်။ တစ်ရံတစ်ခါ အန္တရာယ်ပင်ပြုတတ်၏"တဲ့။ ဗုဒ္ဓဘာသာဝင် လူငယ်မိန်းကလေးများသည် ၎င်းတို့၏ငယ်ရွယ်နုပျိုမှု၊ လှပသန့်ရှင်းမှုတို့ ရှိနေသေးချိန်တွင် ထိုအရာများကို အသုံးချ၍ သာသနာတော်၏ဝေယျာဝစ္စများ၊ ကောင်းမှုကုသိုလ်များကို ဆောင်ရွက်ကြမည်ဆိုလျှင် အလွန်ထိရောက်မှု ရှိနိုင်ပါသည်။

မမွှရုံသီ ဇူလိုင် ၂၀၁၃

မိတ်ဆွေစာပေ

# အတွင်းစည်းနှင့် အပြင်စည်း

အရှင်ပါမောက္ခ၏ဖေ့စ်ဘုတ်တွင် အောက်ပါအတိုင်း ဖော်ပြထားပါသည်။

ချင်းတိုင်းရင်းသား ချမ်းလိန်းက စာရေးသူကို "ကျွန်တော် အရင်က ဗုဒ္ဓဘာသာတစ်ယောက်ပါ။ ဗုဒ္ဓဘာသာကို ဦးဆောင်နေတဲ့ ရဟန်းတော်များကို ကြည့်ပြီးတော့ စိတ်ပျက်တာနဲ့ ဗုဒ္ဓဘာသာမှတစ်ပါး အခြားဘာသာကို ပြောင်းလိုက်ပါတယ်။ ကျွန်တော်တို့ကိုးကွယ်တဲ့ ဘုန်းကြီးဆိုရင် တကယ့်စိတ်ပျက်စရာပါ။ ဘုန်းကြီးဆိုပေမယ့် ဘုန်းကြီးအလုပ်လည်း မလုပ်ဘူး။ ချဲထိုးလိုက်၊ ချဲတွက်လိုက်၊ နှစ်လုံးထိုး၊ ဘောပွဲကြည့်နဲ့ ရသမျှ လာဘ်လာဘလည်း လောင်းကစားလုပ်လို့ ကုန်သွားတယ်။ ဘာတစ်ခုမှ ကျောင်းတိုး





တက်အောင် မလုပ်၊ တရားလည်း မဟော၊ သူ့တပည့်ရဟန်းငယ်ကိုရင်ငယ်တွေဆိုရင် ခြင်းခတ်၊ ဘောကန်၊ ဇယ်တောက်၊ စတာတွေပဲ နေရှိသရွေ့ လုပ်နေတာ။ (ရဟန်းသံဃာတွေရဲ့ ပြစ်ချက်ကို ဘယ်လောက်စုစည်းထားလည်း မပြောတတ်။ မောင်ချန်းလိန်းပြောတာ ဒီထက်မက များပါသေးတယ်။ မြို့နေရဟန်းသံဃာများပင် သူ၏အပြစ်စက်ကွင်းမှ မလွတ်ပါ) အဲဒါတွေကြောင့် ကျွန်တော်က တခြားဘာသာကို ပြောင်းလိုက်တာပါ"လို့ ပြောပါတယ်။

စာရေးသူလည်း ဘာစကားတစ်ခွန်းမှ မပြောမိဘဲ အတွေးတစ်ခုနဲ့သာ ပြုံးလိုက်မိပါသည်။

ဩော်. . . မောင်ချမ်းလိန်း၊ လူဖြစ်ရှုံးလေစွ. . . တကား။ မှန်ပါသည်။ လူ့ဘဝတန်ဖိုး အင်မတန်ရှုံးသွားပါပြီ။ ရဟန်းဖြစ်စေ၊ မင်းဖြစ်စေ၊ သူကြွယ်ဖြစ်စေ၊ ပုဏ္ဏားဖြစ်စေ၊ သူဆင်းရဲသားဖြစ်စေ မီးကျည်းခဲကိုကိုင်လျှင် ကိုင်သောသူသာ ပူသကဲ့သို့ အကုသိုလ်ကံသည်လည်း လုပ်သောသူကိုသာ အကျိုးပေးပါသည်။ ကိုယ်မလုပ်သဖြင့် ကိုယ်နှင့်မဆိုင်ပါ။

အပြင်အားဖြင့် ရေခဲကိုကိုင်လျှင် ကိုင်သောသူသာ အေးသကဲ့သို့ ထို့အတူ ကုသိုလ်ကံသည်လည်း လုပ်သောသူကိုသာ ကောင်းကျိုးပေးပါသည်။ ကိုယ်မလုပ်သဖြင့် ကိုယ်မရပါ။ သူတစ်

ပါးက အကုသိုလ်ကံ လုပ်လျှင် သူတစ်ပါးက မကောင်းကျိုးရပါသည်။ သူတစ်ပါးလုပ်သည့်အတွက် ထိုအကုသိုလ်အကျိုး ကိုယ်နှင့် မသက်ဆိုင်ပါ။ ကိုယ်က ဝင်ပါလျှင် ထိုအကုသိုလ်အကျိုးက ကိုယ့်ပါ ကူးစက်သွားပါသည်။ မိမိက အကုသိုလ်လုပ်လျှင် မကောင်းကျိုး မိမိသာခံစားရပါမည်။ သူတစ်ပါးနှင့် မသက်ဆိုင်ပါ။

ထို့ကြောင့်အပါယ်ငရဲစသော ဒုဂတိဘဝရောက်အောင် မိမိသာ ဖန်ဆင်းပါသည်။ နတ်လူ့ဗြဟ္မာစသော သုဂတိဘဝရောက်အောင်လည်း မိမိသာဖန်ဆင်းပါသည်။ ထို့ကြောင့်ပင် ဘယ်သူ မကောင်းကောင်း ဂရုမစိုက်ဘဲ ကိုယ်သာကောင်းအောင်ပြင်၍ ဘဝတန်ဖိုး ဆထက်တိုးအောင် လုပ်ဆောင်နိုင်ပါစေလို့ ဆန္ဒပြုရင်း စကားလက်ဆောင်အဖြစ် စာပေချစ်သူ ညီအစ်ကိုမောင်နှမများအား မျှဝေပေးလိုက်ရပါသည်။

* * * * *

ထိုဖော်ပြချက်နှင့်ပတ်သက်၍ ဦးတိက္ခသာရ ရှာတန်းကထို Facebook ၌ ဤသို့ သုံးသပ်ရေးသားထားပါသည်။

သူကိုးကွယ်တဲ့ ဘုန်းကြီး လုပ်တာကိုင်တာ မကြည်ညိုတာနဲ့ ဘာသာပြောင်းရတယ်လို့ . . . ။ သဘာဝမကျတဲ့ အကြောင်းပြချက်ပါ။ သူပြောင်းတဲ့ဘာသာကို စော်ကားချင်လို့ ပြောတာမဟုတ်ဘူးနော်။ အဲဒီဘာသာထဲက ဘုန်းကြီးက ချဲတွက် ချဲထိုးတာထက်ဆိုးတဲ့ကိစ္စ ရှိနေရင်ရော ဘယ်ပြောင်းဦးမလဲ။ ပြောင်းရင်လည်း (အဲဒီလိုပုဂ္ဂိုလ်မျိုးတွေ) မတွေ့တော့ဘူးလား။ ကိုးကွယ်ရမှာက တရားဆိုတဲ့ အနှစ်သာရပါ။ ဘာသာဝင်ထဲက ပုဂ္ဂိုလ်ကို မဟုတ်ပါဘူး။ တရားကို ကိုးကွယ်ချင်တာ။ ကိုယ် ကိုးကွယ်တဲ့ရဟန်းက တရားမပြနိုင်လို့ တရားမရှိလို့ဆိုရင် တခြားရဟန်းသံဃာပြောင်းပေါ့။ ဘယ်သူက စာချုပ်ချုပ်ထားလို့လဲ။ တခြားဘာသာတွေမှာဆိုရင် ပိုတောင်ဆိုးတာ ရှိပါမယ်။ ဘယ်ဘာသာပဲဖြစ်ဖြစ် ဘာသာတရားရဲ့အဆုံးအမ၊ ဘာသာတရားရဲ့ ပန်းတိုင်၊ ဘာသာတရားရဲ့ ကျင့်စဉ်ကို အဓိကထားကြည့်ရမှာပါ။ ဘုန်းကြီးချဲတွက်တာ အကောင်းမဟုတ်ပေမယ့်၊ လူသားဈေးနှုန်းမမှန်မကန်ပြောတာလောက် အပြစ်မကြီးပါဘူး။

* * * * *

အရှင်ပါမောက္ခနှင့် အရှင်တိက္ခသာရတို့၏ ရှင်းလင်းရေးသားမှု နှစ်ခုစလုံး သူ့ဟာနှင့်သူ ကောင်းမွန်ကြပါသည်။ စာရေးသူကိုယ်တိုင် ချင်းဗုဒ္ဓဘာသာဝင်ဖြစ်ရာ၊ ဗုဒ္ဓဘာသာပရဟိတ




မိတ်ဆွေစာပေ

ကျောင်းများ၌ဖြစ်စေ၊ ဘုန်းကြီးကျောင်းများ၌ ဖြစ်စေ ပညာသင်ခဲ့ပြီး ဘာသာခြားတို့ဝင်သွားသူ ချင်းလူငယ်နှစ်ဦးကို တွေ့ဖူး၏။ သူတို့ ဤသို့သောစကားများကို ပြောတတ်ကြောင်း သတိပြုမိပါသည်။ ဖရှင်ပါမောက္ခက မီးကျည်ခဲနှင့်ရေခဲကို ဥပမာပေး၍ ကုသိုလ်၊ အကုသိုလ်ပြုသူသာ အကျိုးခံစားရကြောင်း ရှင်းပြ၏။ ဦးတိက္ခကမူ ဘာသာဝင်ထဲက ပုဂ္ဂိုလ်ကို ကိုးကွယ်ရန်မဟုတ်၊ တရားဆိုသော အနှစ်သာရကိုသာ ကိုးကွယ်ရန်ဖြစ်ကြောင်း၊ အခြားဘာသာသို့ ပြောင်းသော်လည်း အခြားဘာသာ၌ ကိုယ်ကျင့်သိက္ခာပျက်ယွင်းသော ထိုဘာသာအဆုံးအမအတိုင်း မနေသောပုဂ္ဂိုလ်တို့ ရှိနေနိုင်ကြောင်း ထောက်ပြထားသည်။

စာရေးသူကလည်း ထိုလူတွေကို ဥပမာ နှစ်ခုပေး၍ အမြဲထောက်ပြလေ့ရှိသည်။ ပဌမဥပမာမှာ လျှပ်စစ်ဓာတ်ဥပမာဖြစ်၏။

"လျှပ်စစ်ဓာတ်အားကို စည်းမဲ့ကမ်းမဲ့ နမော်နမဲ့ အသုံးပြုသ[illegible]ကြောင့် ဓာတ်လိုက်တာ၊ မီးလောင်တာ၊ လူသေတာဖြစ်တယ်။ ဒါ[illegible]ကိုကြည့်ပြီး လျှပ်စစ်ဓာတ်အားကို လုံးဝမသုံးဘူး။ စွန့်ပယ်မယ်ဆိုရင် အဲဒီစွန့်ပယ်သူသာ လျှပ်စစ်ဓာတ်အားရဲ့ ကောင်းကျိုးကို မခံစားရဘူး။ လူနေမှုအဆင့်မြင့်လာဖို့ မဖြစ်နိုင်ဘူး။

"အဲသလိုပါပဲ၊ လျှပ်စစ်ဓာတ်အားကို ကောင်းကျိုးဖြစ်





အောင် အသုံးချနိုင်ခြင်းဟာ တရားတော်ကို ကောင်းစွာလိုက်နာကျင့်သုံးခြင်းနှင့်တူတယ်။ လျှပ်စစ်ဓာတ်အားကို ကောင်းကျိုးဖြစ်အောင် အသုံးမချခြင်း(တစ်နည်းအားဖြင့် ဆိုးကျိုးဖြစ်အောင် အသုံးချခြင်း)ဟာ ဗုဒ္ဓတရားတော်ကို ကောင်းစွာမလိုက်နာ မကျင့်သုံးခြင်းနှင့်တူတယ်။ ကောင်းကျိုးဖြစ်အောင် မလိုက်နာမကျင့်သုံးသူကို မြင်ကာမျှနှင့် ဗုဒ္ဓတရားတော်ကို စွန့်ပယ်ကျောခိုင်းမယ်ဆိုရင် အခွင့်ကောင်းကြီးကို လက်လွှတ်အဆုံးရှုံးခံခြင်းဖြစ်သည်"

ဒုတိယ ဥပမာ-သရက်သီး ဥပမာဖြစ်သည်။

"သရက်သီးအပုပ်တွေကိုချည်း စားနေရတဲ့သူဟာ သရက်သီးအကောင်းရယ်လို့ မသိတော့ဘူး။ ဒီတော့ သရက်[illegible]ဘူးဖို့ကြောက်နေရော။ ဗုဒ္ဓတရားတော်အတိုင်း လိုက်နာကျင့်သုံးခြင်းမပြုသူတွေကိုချည်း မြင်နေရတဲ့သူဟာ၊ လိုက်နာကျင့်သုံးသူ သူတော်ကောင်းများ ရှိနေမှန်းတောင် မသိတော့ဘူး။ အဲဒီသူကို သနားဖို့ကောင်းတယ်။ သရက်သီးအကောင်းတွေကို မစားဖူးရလောက်အောင် ကုသိုလ်ခံ ခေခြင်းရယ်၊ သရက်သီးအကောင်းတွေ ရှိနိုင်တယ်လို့ မစဉ်းစားနိုင်လောက်အောင် အသိဉာဏ်နည်းပါးခြင်းရယ် အဲဒီနှစ်ချက်ကြောင့် သနားဖို့ကောင်းခြင်းဖြစ်တယ်"

* * * * * *

ဘုန်းကြီးအချို့၏ အပြစ်လုပ်မှုများကြောင့်၊ ဘာသာပြောင်းရသည်ဟုဆိုကြသူတို့နှင့် ပတ်သက်လျှင် ပြုဖွယ်ကိစ္စ နှစ်ရပ်ရှိပါသည်။ သူတို့တွေးခေါ် ယူဆပုံ မဟုတ်မှန်ကြောင်း အထက်ပါဖြေရှင်းနည်းများ ဖြေရှင်းခြင်းမှာ ပထမနည်းဖြစ်သည်။ ထိုသို့သောပြောဆိုမှုများသည် ဗုဒ္ဓသာသနာတော်အတွက် အဘယ်သို့သောသင်ခန်းစာများ သံတိထားဖွယ်များ ဖြစ်လာသည်ကို ဆင်ခြင်သုံးသပ်ခြင်းမှာ ဒုတိယနည်းဖြစ်သည်။ ယခု ဒုတိယနည်းကို ဆွေးနွေးလိုပါသည်။

အချို့သော သာသနာပုဂ္ဂိုလ်တို့သည် ဗုဒ္ဓသာသနာအားနည်းညှိုးမှိန်စေရန် နည်းလမ်းအမျိုးမျိုးကို ကြံစည်ကျင့်သုံးကြ၏။ ဗုဒ္ဓဘာသာဝင်တို့၏ အပြစ်ကို ဆီလိုအပေါက်ရှာ၍ ကြံကြံဖန်ဖန်ပြောတတ်ကြ၏။ နည်းတစ်နည်းဖြင့် အပြစ်ရှာရာ၊ တုံ့ပြန်ဖြေရှင်းနိုင်သူတို့ပေါ် လာလျှင် အသာငြိမ်သွားပြီး၊ အခြားတစ်နည်းကို ရှာပြန်သည်။

အချို့ကမူ ထိုသို့မဟုတ်။ ဗုဒ္ဓဘာသာဝင်အချို့၏ အပြစ်ဒုစရိုက်၊ အကျင့်အကြံတို့ကို အမှန်တကယ်မနှစ်သက်၍ ပုဂ္ဂိုလ်ခင်မှ တရားမင်ဆိုသကဲ့သို့ အခြားဘာသာဝင်တို့၏ စည်းရုံးမှုကြောင့်ဘာသာခြားသို့ ကူးပြောင်းရောက်ရှိသွားခြင်းဖြစ်ပေသည်။ ဤသို့





မဖြစ်သင့်ဟု ဆိုကြမည်။ သို့သော် ဖြစ်နေသည်ကား အမှန်ပင်တည်း။ ထို့ကြောင့် ရဟန်း၊ ရှင်၊ လူ ဗုဒ္ဓဘာသာဝင်အားလုံးသည် ကိုယ်ကျင့်သီလနှင့် မေတ္တာစာတ်ကို လက်ကိုင်ထားဖို့ အရေးကြီး၏။ စံပြနမူနာကောင်းများဖြစ်ဖို့ လို၏။ (ကိုယ်ကျင့်ဖြင့် ဗုဒ္ဓတရားတော်ကို ထင်ရှားစေအံ့)ဟု အချို့သောဘာသာရေးအဖွဲ့အစည်းများကကြွေးကြော်သည်မှာ သင့်မြတ်လျော်ကန်လှ၏။

သာသနာပြုနည်းအမျိုးမျိုးရှိရာတွင် မိမိ၏သီလကိုစောင့်ထိန်းရုံမျှဖြင့် သာသနာပြုခြင်းပြီးမြောက်သော သက်သေသာဓကများစွာရှိပေသည်။ သီလတွင် ဝါရိတ္တသီလ (ရှောင်သီလ) နှင့် စာရိတ္တသီလ(ဆောင်သီလ)ဟု နှစ်မျိုးရှိရာ နှစ်မျိုးစလုံးအရေးကြီး၏။ မကောင်းမှုဒုစရိုက်များ ရှောင်ကြဉ်ခြင်း၊ ဥပမာ ငါးပါးသီလစောင့်ထိန်းခြင်းသည် ဝါရိတ္တသီလ (ရှောင်သီလ)ဖြစ်၏။ မိဘကျင့်ဝတ်၊ ဆရာကျင့်ဝတ်၊ သားသမီးကျင့်ဝတ်၊ တပည့်ကျင့်ဝတ်. . . စသဖြင့် မိမိနှင့်ဆိုင်သော လောကတာဝန်များ ကျေပွန်ခြင်းသည် စာရိတ္တသီလ(ဆောင်သီလ)ဖြစ်၏။

ရဟန်းများစောင့်ထိန်းရသော သီလလည်း အမျိုးမျိုးရှိပေသည်။ ၂၂၇ သွယ်သောသိက္ခာများကို စောင့်ထိန်းခြင်းသည် ဝါရိတ္တသီလ(ရှောင်သီလ)တွင် အကျုံးဝင်မည်ဟု ထင်ပါသည်။

သိင်္ဂါလောဝါဒသုတ်တွင် ပြဆိုသော ရဟန်းကျင့်ဝတ်များမှာ စာရိတ္တသီလ(ဆောင်သီလ)ဖြစ်သည်။ မျက်မှောက်ခေတ်တွင် ရဟန်းတော်များအဖို့ အဓိကအားဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်း သုံးမျိုးရှိပါသည်။

(၁)ပရိယတ္တိလုပ်ငန်း - ဗုဒ္ဓဓမ္မများကို သင်ယူလေ့လာခြင်း၊ သင်ပေးဖြန့်ဝေခြင်း ဖြစ်သည်။

(၂) ပဋိပတ္တိလုပ်ငန်း - တရားဓမ္မများကို ကျင့်ကြံအားထုတ်ခြင်း၊ ကျင့်ကြံအားထုတ်နည်းများ ဖြန့်ဝေပေးခြင်းဖြစ်သည်။

(၃) ပရဟိတလုပ်ငန်း - ဝိနည်းတော်နှင့် ဆန့်ကျင်ခြင်းမရှိသော ကူညီကယ်ဆယ်ရေး၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးတို့ကို ဆောင်ရွက်ခြင်း ဖြစ်သည်။

ထိုသုံးမျိုးတွင် ဇေတာင်စွန်း၊ ဓမ္မဒူတဆရာတော် အရှင်ပညာဇောတက ပရိယတ္တိမကင်းသော ပဋိပတ္တိ၊ ပဋိပတ္တိမကင်းသော ပရိယတ္တိဖြစ်သင့်ကြောင်း ဆိုသဖြင့် ပရိယတ္တိလုပ်ငန်းနှင့် ပဋိပတ္တိလုပ်ငန်းတို့ကို တွဲဖက်လုပ်ကိုင်ခြင်းသာ ရဟန်းအများစုအတွက် အသင့်လျော်ဆုံးနည်းလမ်းဟု မှတ်သားရပါသည်။ ရဟန်းအလုပ်





လုပ်သော ရဟန်းမှာသာလျှင် ရဟန်းဘဝ၌ ပျော်မွေ့ကြ၍၊ ရဟန်းဘဝ၌ပျော်မွေ့ကြသူများမှာလည်း ရဟန်းအလုပ်လုပ်နေကြသူများ ဖြစ်သည်ဟု ယေဘုယျအားဖြင့်ဆိုထိုက်ပါ၏။

တောင်မြို့၊ အရှင်ဇနကာဘိဝံသဆရာတော်က ရဟန်းအလုပ်ကို လုပ်ချင်မှသာ၊ လုပ်နိုင်မှသာ ရဟန်းဘဝ၌နေထိုက်ကြောင်း ရဟန်းလောက၌ ကိုယ်ကျင့်မထိန်းနိုင်သူများသည် စာတတ်ရုံဖြင့် မနေထိုက်ကြောင်း၊ စူးစမ်းလေ့လာတတ်သော နိုင်ငံခြားသားတို့သည် အလုပ်လက်မဲ့ဖြစ်နေသော ရဟန်းတို့ကိုမြင်သော် ဘာအလုပ်ဖြင့် အသက်မွေးပါလိမ့်ဟု မေးမြန်းကြမည်ဖြစ်ကြောင်း၊ အနိမ့်ဆုံးအားဖြင့် ကလေးသူငယ်တို့၏ ပညာရေး၊ လိမ္မာရေးတို့ကို သင်ကြားပေးနိုင်သော ရဟန်းများဖြစ်သင့်ကြောင်း၊ ရဟန်များသည် သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်များသာဖြစ်သင့်ပြီး သာသနာတော်က အပင်ပန်းခံထမ်းထားရသော သာသနာ့ဝန်စီးများ မဖြစ်သင့်ကြောင်း ကျမ်းစာများ၌ သတိပေးရေးသားခဲ့ပေသည်။

နိဂြောဓသာမဏေသည် ဣန္ဒြိယသံဝရသီလ လုံခြုံစွာဆွမ်းခံကြ၏။ ဤသည်ကို ကြည်ညိုစွာဖူးတွေ့ရသော သီရိဓမ္မာအသောကမင်းကြီးသည် ပင့်ဖိတ်တရားနာရာမှ ဗုဒ္ဓသာသနာတော်၏ အထင်ကရဒါယကာဖြစ်လာသည်။ သီလ၏အကျိုးတည်း။

ဤစာက ဆိုလိုသည်မှာ ဤသို့ဖြစ်၏။ ဘာသာခြားတို့၏ အယူမှား၊ အပြောမှားကို အကျိုးသင့်အကြောင်းသင့် ထောက်ပြ တုံ့ပြန်ခြင်းသည် အပြင်စည်းကို လုံစေခြင်းဖြစ်သည်။ ဗုဒ္ဓဘာသာဝင်တို့ကိုယ်တိုင်က ပုဂ္ဂိုလ်လည်းခင်အောင်၊ တရားလည်းမင်အောင် ကိုယ်ကျင့်ဖြင့် ဗုဒ္ဓဓမ္မကို ထင်ရှားစေခြင်းသည် အတွင်းစည်းကို လုံစေခြင်းဖြစ်ပါသည်။ စည်းနှစ်ခုလုံး လုံကြပါစို့။

မိုးမခဝက်ဆိုဒ်



# နောက်လိုက်တိုးပွားရေး ဩဇာအာဏာ ပြန့်ကျက်ရေးသို့ ဦး မတည်ပါ

ဗုဒ္ဓမြတ်စွာသာသနာကို အဘယ်ကြောင့် ထိန်းသိမ်းကာကွယ်နေကြသနည်း။ ဘာသာတရားတိုင်းက ထိန်းသိမ်းကာကွယ်မှုများပြုနေကြသဖြင့် ဗုဒ္ဓဘာသာကလည်း ထိန်းသိမ်းကာကွယ်ခြင်းဖြစ်သည်ဟု ဖြေလျှင် အပေါ်ယံအမြင်ဖြင့် တွေးဆချက်ဖြစ်၏။ လေးနက်စွာ တွေးသင့်၏။

သတ္တဝါတို့ကို ပူလောင်နာကျင့်စေပြီးနောက် သေကြေပျက်စီးစေသော ရောဂါဆိုးကြီးတစ်ခု ဖြစ်ပွားပေါ်ပေါက်၏။ ထိုရောဂါဆိုးကို အမြစ်ပြတ်ပျောက်ကင်းစေသော ဆေးနည်းကို သိသူ ဆရာကြီးလည်း ပေါ်ပေါက်နေ၏။ အသို့နည်း၊ ကျွန်ုပ်တို့သည် ထိုဆေးဆရာကြီးကို ရိုသေလေးမြတ်ခြင်း၊ ပူဇော်ခြင်း မပြု

သင့်ပါသလော။ ပြုအပ်သည်သာလျှင်ကတည်း။ ဤသည်ကား ပထမအရေးကြီးသော အချက်ဖြစ်သည်။

ကျွန်ုပ်တို့သည် ဆေးဆရာကြီး၏ ဆေးနည်းများကို အလေးအမြတ်ပြုခြင်း၊ တန်ဖိုးထားခြင်း မပြုသင့်ပါသလော။ ပြုအပ်သည်သာလျှင်ကတည်း။ ဤသည်ကား ဒုတိယအရေးကြီးသော အချက်ဖြစ်၏။

ကျွန်ုပ်တို့သည် ဆေးဆရာကြီး၏ ဆေးနည်းများကို သင်ယူလေ့လာ၍ အသုံးချကုသနေသူများ၊ ဆေးနည်းဖြန့်ဝေနေသူများကို ရိုသေလေးမြတ်ခြင်း၊ ပူဇော်ခြင်း မပြုသင့်ပါသလော။ ပြုအပ်သည်သာလျှင် ကတည်း။ ဤသည်ကား တတိယအရေးကြီးသော အချက်ဖြစ်၏။

သို့သော် ထိုသုံးချက်လုံးသည် ဆေးဆရာ၏ နောက်လိုက်များ တိုးပွားရေး၊ ဩဇာအာဏာဖြန့်ကျက်ရေးဟူသော ဦးတည်ချက်တွင် အခြေခံခြင်း မရှိပေ။ စင်စစ်အားဖြင့် ထိုသုံးချက်စလုံးသည် ရောဂါပျောက်ကင်းချမ်းသာရေးဟူသော ဦးတည်ချက်တွင်သာ အခြေခံခြင်းဖြစ်သည်။ အပြန်အလှန်အားဖြင့်ကား ရောဂါပျောက်ကင်းချမ်းသာသူများ များပြားလာလေလေ၊ ဆေးဆရာ ဆေးနည်း ဆေးကုသူတို့ကို ကျေးဇူးတင်ပူဇော်သူ များလာလေလေ





ဖြစ်မည်ကား မုချမလွဲပင်တည်း။

သံသရာ၌ ကျင်လည်ကြရကုန်သော လူနတ်ဗြဟ္မာသတ္တဝါတို့သည် မွေးခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ မချစ်မနှစ်သက်သောသူတို့နှင့် ပေါင်းဖော်နေထိုင်ရခြင်း၊ ချစ်ခင်နှစ်သက်သူတို့နှင့် ကွေကွင်းရခြင်း၊ ထိုအရာအားလုံးကို မလိုလားခြင်းဟူသော ဆင်းရဲဒုက္ခမျိုးစုံကို ခံစားကြရကုန်၏။ (ဓမ္မစက္ကပဝတ္တနသုတ်)

ထိုဆင်းရဲဒုက္ခမျိုးစုံကို ဖြစ်စေသော အကြောင်းရင်းကား လောဘ၊ ဒေါသ၊ အစရှိသော ကိလေသာတရားဆိုးကြီးများပင် ဖြစ်၏။

ထိုကိလေသာတို့ကို ပါးသထက်ပါးအောင်၊ နည်းသထက်နည်းအောင် ကုသနိုင်လျှင် ဒုက္ခအစိုင်အခဲကြီးလည်း ပါးသထက်ပါး၍ နည်းသထက်နည်းသွား၏။ ကိလေသာတို့ကို အကြွင်းအကျန်မရှိ အမြတ်ပြတ်အောင် ကုသနိုင်လျှင် ဒုက္ခအစိုင်အခဲကြီးလည်း အမြစ်ပြတ်ကုန်ခမ်းသွားတော့၏။

ကိလေသာရောဂါဆိုးတို့ကို ပယ်သတ်ရမည့်ဆေးနည်းကား မဂ္ဂင်ရှစ်ပါးပင် ဖြစ်သည်။ မဂ္ဂင်ရှစ်ပါးကို နည်းအစုံစုံဖြင့် ပြ၏။

ဗုဒ္ဓမြတ်စွာသည် ကိလေသာရောဂါဆိုးတို့ကို နည်းလမ်းအစုံစုံဖြင့် ပယ်သတ်နိုင်ရေးအတွက် ပိဋကတ်သုံးပုံကို ဟောဖော်

ညွှန်ပြဆိုဆုံးမခဲ့ပါသည်။ ပိဋကတ်သုံးပုံကို သင်ယူလေ့လာခြင်း၊ ဖြန့်ဝေခြင်းပြုနေကြကုန်သော သူတို့ကို ပရိယတ္တိလုပ်ငန်းလုပ်သူများဟု ခေါ်၏။ ပိဋကတ်သုံးပုံပါ နည်းနာနိဿယများအတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်နေသူတို့ကို ပဋိပတ္တိလုပ်ငန်းလုပ်သူများဟု ခေါ်ပါသည်။

ဘုရားသည် ဆေးဆရာကြီးနှင့်တူ၏။ တရားသည် ဆေးနည်းနှင့်တူ၏။ သံဃာသည် ဆေးနည်းပြန့်ပွားစေသူနှင့် တူ၏။

တစ်ဘဝစာ ရောဂါများကို ပျောက်ကင်းချမ်းသာစေသော ဆေးဆရာ၊ ဆေးနည်း၊ ဆေးနည်းဖြန့်ဝေသူတို့ကိုပင် ကျေးဇူးတင်ကြရသေး၏။ သံသရာအဆက်ဆက် နှိပ်စက်ညှင်းဆဲတတ်သော ကိလေသာရောဂါဆိုးများကို ပျောက်ကင်းချမ်းသာစေသော ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးများမှာမူ အတိုင်းအဆမရှိ ကြီးမားလှပါ၏။ ထို့ကြောင့် ပူဇော်ကြရခြင်းဖြစ်သည်။ ဗုဒ္ဓမြတ်စွာသာသနာကို ထိန်းသိမ်းကာကွယ်နေကြရခြင်းဖြစ်သည်။

သာသနာတော်ကို ထိန်းသိမ်းကာကွယ်သူတို့အား၊ အချို့သော သူတို့က နောက်လိုက်များ တိုးပွားရေး၊ ဩဇာအာဏာဖြန့်ကျက်ရေးတို့အတွက် အားထုတ်နေသူများဟု ထင်မှတ်မှားကြရာ





၏။ အကုသိုလ်ကို နေရင်းထိုင်ရင်း ရယူနေသူများဖြစ်သည်။

အမှန်စင်စစ်အားဖြင့်မူ ကိလေသာရောဂါဆိုးများ ပျောက်ကင်းချမ်းသာရေးကိုလည်းကောင်း၊ မပျောက်ကင်းနိုင်သေးသည့်တိုင် သက်သာရေးကိုလည်းကောင်း အဓိကဦးတည်၏။ သက်သာသူ၊ ပျောက်ကင်းသူများပြားလာသည်နှင့်အမျှ ပူဇော်သူများလာခြင်းကား ရှိပေလိမ့်မည်။ သို့သော် ပူဇော်သူများလာဖို့ ပျောက်ကင်းချမ်းသာစေခြင်း မဟုတ်။ ဤသည်ကား ဗုဒ္ဓသာသနာကို ထိန်းသိမ်းကာကွယ်ခြင်း၏ အနှစ်သာရပါပေတည်း။

(၁၇-၁၀-၁၃ မိုးမခ)

# စည်းစိမ်ဥစ္စာ၏ လာရာနှင့် လားရာ

လက်ဖက်ရည်ဆိုင်မှာ စကားပြောဖော် ကျူရှင်ဆရာလူငယ်က လူထွေးကို ရင်ဖွင့်သည်။ အဖြစ်က ဒီလို . . .။ သူတို့ဇာတိမြို့လေးမှာ နွမ်းပါးသည်။ မြို့လေးကို အမှီပြု၍ လူတန်းစေ့နေနိုင်ဖို့ ခက်ကသည်။ ထို့ကြောင့် ထိုမြို့မှ လူငယ်များ မြို့ကိုစွန့်ခွာ၍ ရေကြည်ရာ မြက်နုရာသို့ သွားရောက်လုပ်ကိုင်ကြသည်။ စကား ပြောဖော် လူငယ်က ရန်ကုန်သို့ ရောက်လာပြီး၊ ကျူရှင်ဖွင့်၍ ရုန်းကန်နေသည်။ သူ့ကျူရှင်မှနေ၍ ၁၀ တန်းတွင် ၄ ဘာသာ၊ ၅ ဘာသာ ဂုဏ်ထူးရှင်တွေပင် မွေးထုတ်ပေးသည်။ မိဘများကလည်း ယုံကြည်စွာ လာရောက်အပ်နှံကြသဖြင့် လူလည်းရပါသည်။ သို့သော် စာသင့်ခန်းမအတွက် တိုက်ခန်းငှားခတွေက ဈေးကြီး





သည့်အပြင် အထွေထွေ ကုန်ကျစရိတ်တွေက များနေသဖြင့် ကြိုးစားရုန်းကန်နေရဆဲ အဆင့်သာ ရှိ၏။

သူ့အမျိုးတွေက သူ့ထံ မကြာခဏလာသတင်းပို့သည်။ မလေးရှားမှာ သွားအလုပ်လုပ်တဲ့ ဟိန်းသူကတော့၊ ပြန်လာပြီး ရဟန်းခံရှင်ပြုအလှူလုပ်တာ တစ်မြို့လုံး မီးခိုးတိတ် ကျွေးသတဲ့။ ဖါးကန့်မှာ ကျောက်သွားတူးပြီး၊ ကျောက်အောင်လာတဲ့ အေးမင်းက မြို့ဦးကျောင်းမှာ မုခ်ဝကြီးဆောက်လှူတာ ဟီးနေတာပဲ။ ထက်ထက်ကတော့ လူကိုယ်တိုင်ပြန်မလာဘဲ၊ စင်ကာပူမှ ငွေလှမ်းပို့ပြီး စေတီအတွက် စိန်ဖူးလှူသတဲ့။ ကထိန်းခင်သူ၊ စတုဒိသာကျွေးသူ၊ ဘုရားဖူးခေါ်သူ စသဖြင့်လည်း ပြောကြတာ စုံနေ၏။ သူ့အမျိုးတွေကမင်းကော ဘာပြန်လုပ်ဖို့ အစီအစဉ်ရှိလည်းဟု နောက်ဆက်တွဲမေးတတ်ကြသည်။ ထိုမေးခွန်းက သူ့ကိုကသိကအောက် ဖြစ်စေသော မေးခွန်းဖြစ်သည်။ ဗဟုသုတနှင့်ဆင်ခြင်တုံတရားက သိပ်အရေးကြီးကြောင်း ကျူရှင်ဆရာက သိသည်။ ရွာဦးကျောင်းကြီး၏ အုတ်နံရံကြီး၌ ဆရာတော်၏ ခွင့်ပြုချက်အရ အဖီချမိုးထားသော အုတ်တိုက်ခန်းလေး ဆောက်လှူ၍ စာကြည့်တိုက်လေး ဖွင့်ပေးထားသည်။ စာကောင်းပေကောင်း အတော်များများလည်း ဝယ်ပို့ပေးထားသည်။

သို့သော် သူ့အမျိုးတွေက ဒါကို အလှူဟု မြင်ပုံမရ။ သူ့ကျောင်းနေဖက်သူငယ်ချင်းတွေနှင့် ယှဉ်ယှဉ်ပြီး ပြောနေကြသည်။ အခြားသော လူငယ်တွေကို ဆွေမျိုးတွေ၊ မြို့ခံတွေက မသိမသာရော၊ သိသိသာသာပါ ဝိုင်းမြှောက်ပေးနေကြသဖြင့် ဆွမ်းခံဘုန်းကြီးနှစ်ပါး သုတ်ခြေတင် အပြေးပြိုင်ကြရသော ဇာတ်လမ်းမျိုးဖြစ်ကုန်သည်။ လိုအပ်ချက်အရ စေတနာအရ လှူခြင်းထက် ပြိုင်ဆိုင်ခြင်းက အလေးကဲနေတော့သည်။

"ဘုန်းကြီးနှစ်ပါး ဘယ်လို့ အပြေးပြိုင်ကြသလဲ"ဟု ကျူရှင်ဆရာက မေး၍ လူထွေးက ဇာတ်စုံခင်းပြရသေး၏။ ဆွမ်းခံဘုန်းကြီးနှစ်ပါးက၊ ဆွမ်းခံရဝ်း လမ်းမှာ ဆုံကြတော့ ခင်မင်ကျွမ်းဝင်ကြပြီးသားမို့ ရင်းရင်းနှီးနှီး ယှဉ်တွဲပြီးကြွကြသည်။ သူတို့နှစ်ပါးတွင် နောက်ပါဟင်းချိုင့်ထမ်း ကျောင်းသားတစ်ဦးစီပါသည်။ ကျောင်းသားတစ်ယောက်က နောက်တစ်ယောက်ကို တိုးတိုးပြောသည်။ "ဟေ့ကောင် ငါ့ဘုန်းကြီးက မင်းဘုန်းကြီးထက် ခြေလှမ်းသာတယ်ကွ"

ကျန်ကျောင်းသားကလည်း အားကျမခံပြန်ပြောသည်။ "ငါ့ဘုန်းကြီးက လျှော့ပေးထားလို့ပါကွ။ ပိုမြန်အောင် လျှောက်နိုင်တယ်"





ထိုအခါ ထိုဘုန်းကြီးက မိမိကျောင်းသား မျက်နှာမငယ်ရစေရေးအတွက် ခပ်သွက်သွက်လျှောက်သည်။ ကျောင်းသားနှစ်ဦးက ဟိုပြောသည်ပြောဖြင့် မြှောက်ပင့်ပေးလိုက်ကြရာ မသိမသာ အပြေးပြိုင်ကြရာမှ၊ နောက်ဆုံးတွင် ဘုန်းကြီးနှစ်ပါး သုတ်ခြေတင် အပြေးပြိုင်ကြရသော အဆင့်သို့ တစ်ဆင့်ပြီးတစ်ဆင့် ရောက်သွားကြသည်။

ကျူရှင်ဆရာက ထိုဇာတ်လမ်းကို သဘောကျ၍ ဟက်ဟက်ပက်ပက်ရယ်သည်။

"ဘုရားအစရှိသော သူတော်ကောင်းများကတော့ စည်းစိမ်ဥစ္စာထက် စည်းစိမ်ဥစ္စာ၏ လာရာနှင့် စည်းစိမ်ဥစ္စာ၏လားရာကိုပဲ ကောင်းအောင် ဆုံးမတော်မူကြတယ်ဗျ"ဟု စကားစလိုက်သည်။ ကျူရှင်ဆရာ စိတ်ဝင်စားလာသည်။ သူ့ကို မျှဝေဖြစ်ခဲ့သော အကြောင်းအရာများကို ရေးသားလိုက်ရခြင်းပင် ဖြစ်ပါသည်။

* * * * *

လောကလူသားတို့၏ သဘောမှာ စည်းစိမ်ဥစ္စာကို အထင်ကြီးကြကုန်၏။ ချမ်းသာသူကို အခြောက်တိုက်အလကား အထင်ကြီးနေတတ်သကဲ့သို့၊ ဆင်းရဲသူကိုမူ အခြောက်တိုက်အလကား

အထင်သေးနေတတ်ကြသည်။

စည်းစိမ်ဥစ္စာ၏ ဖြစ်ပေါ်တည်ရှိမှုအပေါ်တွင်သာ အဓိက ထား၍ စဉ်းစားကြခြင်းကြောင့်ဖြစ်သည်။ မြတ်ဗုဒ္ဓ၏ တရားတော် အရမူ စည်းစိမ်ဥစ္စာ၏ လာရာနှင့်လားရာကိုသာ အဓိကစဉ်းစား ရမည်ဖြစ်သည်။ ကောင်းသောလာခြင်း၊ ကောင်းသောလားခြင်းကို သာဝုဒေါ် ၏။

**စည်းစိမ်ဥစ္စာ၏လာရာ**

စည်းစိမ်ဥစ္စာကို မည်သို့မည်ပုံရရှိခဲ့သနည်း။ မည်သည့် လမ်းကြောင်းမှ စည်းစိမ်ဥစ္စာလာသနည်း။ စသဖြင့် ဆန်းစစ်ခြင်း ဖြစ်၏။ အနှစ်ချုပ်အားဖြင့် အကုသိုလ်၊ မကောင်းမှုကို အရင်းခံ၍ ရရှိလာသော စည်းစိမ်ဥစ္စသည် လာရာမကောင်းသော(သို့မဟုတ်) လာခြင်းမကောင်းသော စည်းစိမ်ဥစ္စာပင်ဖြစ်သည်။

အကုသိုလ်မကောင်းမှုကို အရင်းမခံပဲ ဓမ္မိယလဒ္ဓ စင်ကြယ် သောနည်းဖြင့်ရရှိလာသော စည်းစိမ်ဥစ္စာသည်သာ လာရာကောင်း သော(သို့မဟုတ်)လာခြင်းမကောင်းသော စည်းစိမ်ဥစ္စာပင်ဖြစ် သည်။

ဗုဒ္ဓ၏သားတော် ရဟန်းများသည် မဂ္ဂင်ရှစ်ပါးအတိုင်း





ကျင့်ကြံအားထုတ်ကြရသည်။ သီလမဂ္ဂင်သုံးပါးမှာ သမ္မာဝါစာ (မှန်စွာပြောခြင်း)၊ သမ္မာကမ္မန္တော(မှန်စွာပြုလုပ်ခြင်း)၊သမ္မာအာ ဇီဝေါ(မှန်စွာအသက်မွေးခြင်း)တို့ဖြစ်သည်။ ဝိနည်းတော်နှင့် မအပ် စပ်သော ပစ္စည်းလေးပါးကို သုံးဆောင်ခံစားစေခြင်း မရှိ။ ခွင့်ပယ် စေတော်မူသည်။ လာခြင်းမကောင်းသော ဥစ္စာကို၊ လာခြင်းမ ကောင်းသော အဖြစ်သို့ ရောက်စေတော်မမူပေ။

စည်းစိမ်ဥစ္စာကို လူသားတို့ ရှာဖွေကြရာတွင် ရဖို့အဓိက ဟု တွေးတတ်ကြ၏။ ငါးပါးသီလကို ကျိုးပေါက်စေသော သူတစ် ပါး၏အသက်ကို သတ်ခြင်း၊ သူတစ်ပါး၏ဥစ္စာကို ခိုးယူလုယက် ခြင်း၊ သူတစ်ပါး၏ သားမယားကို ပြစ်မှားခြင်း၊ လိမ်ညာပြောဆို ခြင်း၊ သေရည်သေရက်သောက်စားခြင်း။ ထိုနည်းလမ်းများဖြင့် စည်းစိမ်ဥစ္စာကို ရှာဖွေစုဆောင်းကြသည်။ ငွေကြေးချမ်းသာသော သူဌေးကတော်နှင့် ဖောက်ပြန်၍ ငွေချူစားနေခြင်းမျိုးသည် သူတစ်ပါး၏သားမယားကို ပြစ်မှား၍ စည်းစိမ်ဥစ္စာရှာဖွေခြင်း ဖြစ်သည်။ သေရည်တပ်မက်သူတစ်ဦးနှင့် သောက်စားမူးယစ် ပေါင်းဖော်၍၊ အခွင့်အရေးရကာ စည်းစိမ်ရှာဖွေခြင်းမျိုးသည် သေရည်သေရက်သောက်စား၍ စည်းစိမ်ဥစ္စာကို ရှာဖွေခြင်းဖြစ် သည်။(ခိုးခြင်းကား ၂၅ မျိုးပင် ရှိ၏။)

ဥပါသကာဂုဏ်ရည်ကို ညှိုးနွမ်းစေသော ဥစ္စာရှာဖွေခြင်းမျိုးသည်လည်း လာခြင်းမကောင်း ဥစ္စာတည်း။ သေရည်သေရက်ရောင်းဝယ်ခြင်း၊ လက်နက်ရောင်းဝယ်ခြင်း၊ အဆိပ်ရောင်းဝယ်ခြင်း၊ မေထုန်ရောင်းဝယ်ခြင်း(ပြည့်တန်ဆာလုပ်ငန်းဖြင့် စီးပွားရှာခြင်း) စသည်တို့ကို ဆိုလို၏။

ဝစီဒုစရိုက် လေးပါးရှိ၏။ လိမ်ညာပြောဆိုခြင်း၊ ဂုံးတိုက်ပြောဆိုခြင်း၊ အကျိုးမဲ့စကားပြောဆိုခြင်း၊ ရုန့်ရင်းကြမ်းတမ်းစွာပြောဆိုခြင်းတို့ဖြစ်သည်။ ထိုလေးမျိုးကို အရင်းပြု၍ ဥစ္စာရရှိခြင်းမျိုးသည်လည်း လာခြင်းမကောင်းသော ဥစ္စာစည်းစိမ်များပင်တည်း။

အကုသိုလ်ဒုစရိုက်အမှုမျိုးဖြင့် ဥစ္စာမရှာဖွေဘဲ၊ ဓမ္မိယလဒ္ဓစင်ကြယ်သော အသက်မွေးမှုဖြင့် ရသောဥစ္စာစည်းစိမ်မှန်သမျှသည် လာခြင်းကောင်းသော ဥစ္စာစည်းစိမ်များပင်တည်း။ ရှေးဘဝများက ဒါနကုသိုလ် အားကောင်းခဲ့သူများသည် ယခုဘဝ၌ ဥစ္စာကြွယ်ဝသော မျိုးရိုးတွင် လူဖြစ်ရတတ်၏။ ထီပေါက်တတ်၏။ အကြံကောင်းတစ်ချက်ဖြင့် သူဌေးဖြစ်တတ်၏။ ထိုသို့စည်းစိမ်ရခြင်းမျိုးသည်လည်း လာခြင်းကောင်းသော စည်းစိမ်ဥစ္စာများပင် ဖြစ်၏။

ဒုစရိုက်အမှုများဖြင့် ဥစ္စာရှာဖွေမှုသည် အပါယ်ဒုဂ္ဂတိဆင်းရဲကို ရစေတ[illegible]၏။ ရေ၊ မီး၊ မင်း၊ ခိုးသူ၊ အမွေခံသားဆိုး





ထိုရန်သူမျိုး ငါးပါး၏ ဘေးရန်တို့ကို ကြုံရနိုင်၏။ ရသော ချမ်းသာနှင့် မကာမီအောင် ပြန်လည်ဆင်းရဲရ၏။ မိမိက မတရားသဖြင့် ရှာဖွေ၍ရလျှင် မိမိနှင့်ပတ်သက်သူ လူအများက လိုက်ပါခံစား၏။ အကုသိုလ်အကျိုးပေးကို ခံရလျှင်ကား မိမိတစ်ဦးတည်းသာတည်း။ ထို့ကြောင့် လာခြင်းမကောင်းသော စည်းစိမ်ဥစ္စာဟုဆိုရပေသတည်း။

မိမိ၏ကျန်းမာရေးကို အထိခိုက်ခံ၍ စည်းစိမ်ရှာဖွေခြင်းသည်လည်း အကုသိုလ်ဒုစရိုက်အမှု မဟုတ်သော်လည်း လာခြင်းကောင်းသော ဥစ္စာစည်းစိမ်ဖြစ်ရန် ခဲယဉ်းလှ၏။

လူထွေး၏ အသိတစ်ဦးသည် သူဌေးကြီးဦးကပ်စီးကဆရာခေါ် ရလောက်အောင် မသုံးရက် မစွဲရက် စုဆောင်း၏။ သူများဆီကသာ ရသမျှကပ်စား၏။ လှိုင်သာယာမှာ မြေကွက်တွေအရောင်းအဝယ်ထိုင်းမှိုင်းစဉ်က ဝယ်ထားရာ၊ နောင်တွင် တော်တော်မြတ်နေပြီ။ သို့သော် ထိုစည်းစိမ်ဥစ္စာကို သူလည်း မခံစား၊ သူများကို ပေးလှူဖို့လည်း ဝေးစွ။

Living Color မဂ္ဂဇင်းတွင် မြည်ပအတွေ့အကြုံရှိသူတစ်ဦးက ဆောင်းပါးရေးဖူးသည်။ ဟောင်ကောင်တွင် အဘွားကြီးတစ်ယောက်တောင်းစားသည်။ အစိုးရထံမှလည်း အထောက်အပံ့ယူ

သည်။ ရသမျှတွေဖြင့် တိုက်ခန်းတွေဝယ်ပြီး ပြန်ငှားစားတာ တော်တော်ပင် ချမ်းသာနေပြီ။ ဒါကို သက်ဆိုင်ရာက သိသွား၍ သူမကို အရေးယူသည်။ ဒါတောင် ငါက အရမ်းဆင်းရဲတာပဲဟု ပြောသေး၏။

အကြီးအကျယ်ကပ်စေးနှဲ၍ ဥစ္စာစည်းစိမ်ရှိခြင်းသည်လည်း လာခြင်းကောင်းသော စည်းစိမ်ဥစ္စာဟု ပြောဖို့ခက်မည်။

ဂျပန်နိုင်ငံတွင် ၁၉၉၀ ပြည့်နှစ်မှစ၍ သွားရောက်လုပ်ကိုင်သူ အမျိုးသမီးတစ်ဦးသည် ၁၀ နှစ်မျှအကြာ ၂၀၀၀ ပြည့်နှစ်လောက်တွင် ပြန်ရောက်လာသည်။ အသားကင်ရောင်းသောဆိုင်တွင် တစ်နေ့လျှင် ၁၄ နာရီထိ လုပ်ခဲ့သည်ဆို၏။ ၁၀ နှစ်အတွင်း ရလိုက်သော ငွေကလည်း မနည်းပါ။ တိုက်ခန်းတွေ၊ ရွှေတွေ၊ မြေယာတွေ ဝယ်ထားတာ သိန်းပေါင်းထောင်ဂဏန်းရှိသည်။ သူမက ပြန်လာချင်၍ ပြန်လာတာ မဟုတ်။ ဆက်၍ ငွေရှာချင်သေးသည်။ သို့သော် ခါးနာတာ ပိုပိုဆိုးလာသဖြင့် ဆေးစစ်ကြည့်ရာ၊ အဆုတ်ကင်ဆာဖြစ်နေ၍ ပြန်လာရခြင်းဖြစ်သည်။ မြန်မာပြည်မှာ ကိုးလပဲနေရပြီး ကွယ်လွန်သွားပါသည်။ တစ်နေ့လျှင် ၁၄ နာရီနှုန်းဖြင့် ၁၀ နှစ်တာရှူခဲ့ရသော မီးခိုးနံ့၊ ညှော်နံ့တွေက သူမ၏ အဆုတ်ကို ထိုးဖောက်ဖျက်ဆီးခဲ့လေပြီ။





**စည်းစိမ်ဥစ္စာ၏လားရာ**

စည်းစိမ်ဥစ္စာ၏လာရာက အရေးကြီးသလို လားရာကလည်း အရေးကြီးလှသည်။ မိမိ၏စည်းစိမ်ဥစ္စာကို မည်သို့မည်ပုံ အသုံးပြုသလဲဆိုသော ကိစ္စဖြစ်၏။

သုမေဓာသူဌေးသားသည် မိဘများကွယ်လွန်သောအခါ ကုဋေပေါင်းများစွာရှိသော စည်းစိမ်ဥစ္စာများကို ကြည့်၍ စဉ်းစားသည်။ (ငါ၏မိဘဘိုးဘွားများသည် စည်းစိမ်ဥစ္စာကို ရှာဖွေရုံသာ ရှာဖွေတတ်သည်။ မိမိနောက်ပါအောင် မလုပ်တတ်ချေတကား။ ငါသည် ထိုစည်းစိမ်ဥစ္စာကို ငါ့နောက်ပါအောင် ယူသွားအံ့)ဟု ဆုံးဖြတ်သည်။ သူသည် ထိုစည်းစိမ်ဥစ္စာများကို အယုတ်၊ အလတ်၊ အမြတ်မရွေး လှူဒါန်း၍ ရသေ့ဝတ်ပြီး တောထွက်လေသည်။ ဘုရားလောင်း၏ အကောင်းဆုံး ဆုံးဖြတ်ချက်အရ၊ သူ၏စည်းစိမ်ဥစ္စာတို့သည် အမြတ်ဆုံးသော လားရာသို့ရောက်သွားကြသည်။ မည်သူတစ်ဦးတစ်ယောက်ကမျှ လိုက်၍မမှီနိုင်သော အမြတ်ဆုံး အသုံးချနည်းပင် ဖြစ်ပါသည်။

သို့သော် ထိုနည်းကို သာမန်လူအများစု လိုက်နာကျင့်သုံးနိုင်မည်မဟုတ်ပေ။ လိုက်နာကျင့်သုံးနိုင်သောနည်းကို မြတ်ဗုဒ္ဓ

က ဟောကြားခဲ့ပါသည်။ ရသောစည်းစိမ်ဥစ္စာကို စုဆောင်းသင့်သလောက် စုဆောင်းခြင်း၊ ရင်းနှီးမြှုပ်နှံသင့်သလောက် ရင်းနှီးမြှုပ်နှံခြင်း၊ စားသောက်သုံးစွဲသင့်သလောက် စားသောက်သုံးစွဲခြင်း၊ လှူဒါန်းသင့်သလောက် လှူဒါန်းခြင်း ထိုလေးနည်းဖြင့် အသုံးပြုရမည်ဟု ဟောတော်မူပါသည်။ စု၊ ရင်း၊ စား၊ လှူ ဟု အတိုကောက်သင်္ကေတပြုကြသည်။

သုတ္တန်ဒေသနာတော်တစ်ခုတွင် မစားရက်၊ မသုံးရက်နေသူများကို မြတ်စုဒ္ဓကကဲ့ရဲ့ရှုတ်ချတော်မူပါသည်။

(ဥစ္စာထဲမှာ အနှစ်ရှာ၊ ရှိတာ ဒါနပဲ)ဟု ဥစ္စာစည်းစိမ်၏လားရာသည် ဒါနဖြစ်သင့်ကြောင်းလည်း မှတ်သားရပါသည်။ သို့သော် ထိုလားရာကို အကောင်အထည်ဖော်ရာ၌ အလွန်သတိပြုထိုက်သော အကြောင်းချင်းရာများလည်း ရှိပြန်ပါသည်။

(၁) သေရည်သေရက်၊ (၂) လက်နက်ခဲယမ်းမီးကျောက်၊ (၃) အဆိပ်၊ (၄) မေထုန် ထိုလေးမျိုးကို အကုန်အကျခံ၍ လှူဒါန်းပါသော်လည်း ကုသိုလ်ကား မဖြစ်။ အကုသိုလ်သာဖြစ်ခြင်းကြောင့် ကောင်းမြတ်သေလားရာ မဟုတ်။ နွားလည်းနွားသေး၊ နံလည်းနံသေး ဆိုသကဲ့သို့ စည်းစိမ်ဥစ္စာလည်း ကုန်းခမ်းသေး၊ ငရဲလည်းရသေးဆိုတာမျိုးဖြစ်သည်။





အချို့သောသူတို့သည် သေရည်သေရက်ကို သောက်စားမူးရူး၍ ဥစ္စာကို ဖြုန်းတီးကြ၏။ အချို့ကား ပွဲလမ်းသဘင်အပျော်အပါးဖြင့် ဥစ္စာကို ဖြုန်းတီးကြ၏။ အချို့ကား အချိန်မဲ့အခါမဲ့ သွားလာခြင်းဖြင့် ဥစ္စာကို ဖြုန်းတီးကြ၏။ အချို့ကား ပါပမိတ္တခေါ် မကောင်းသောမိတ်ဆွေဆိုးများကိုပေါင်း၍ ဥစ္စာကို ဖြုန်းတီးကြ၏။ အချို့ကား လောင်းကစားဖြင့် ဥစ္စာကို ဖြုန်းတီးကြ၏။ အချို့ကား ပျင်းရိခြင်းဖြင့် ဥစ္စာကို ဖြုန်းတီးကြ၏။ ထိုအကြောင်းခြောက်ပါးသည် စည်းစိမ်ဥစ္စာကို ပျက်စီးစေတတ်သော်လည်း အကျိုးမဲ့အချည်းနှီး ဖြစ်စေ၍ စည်းစိမ်ဥစ္စာ၏လားရာကား မကောင်းမြတ်။ ဆိုးရွားလှချေသည်ဟု ဆိုထိုက်၏။ (သေရည်သောက်စား၊ လမ်းသွားခါမဲ့၊ ရှုငဲ့သဘင်၊ ပျော်ရွှင်အန်လောင်း၊ မကောင်းမိတ်ဖွဲ့၊ ပျင်းရိခြင်းကား၊ ယိုယွင်းဥစ္စာ ပျက်ကြောင်းတည်း။ သိင်္ဂါလောဝါဒသုတ္တန်။)

အလှူပေးခြင်းသည် ကောင်းမြတ်သော်လည်း၊ စေတနာ၊ ရည်ရွယ်ချက်ကို လိုက်၍ အယုတ်၊ အလတ်၊ အမြတ် ကွဲပြားသေးရကား၊ စည်းစိမ်ဥစ္စာ၏ လားရာသည်လည်း သုံးမျိုးပင် ကွဲပြား၏။ ကြွားဝါလို၍ သို့မဟုတ် အခွင့်အရေးရလို၍ သို့မဟုတ် အချီးမွမ်းခံလို၍ သို့မဟုတ် မလှူနိုင်သူတို့ကို ကဲ့ရဲ့လို၍ ပေးလှူလျှင်

ကုသိုလ်ပင်ရသော်လည်း အညံ့စားကုသိုလ်ဖြစ်၏။

ဂုဏ်နှင့်ဂုဏ်အကျိုးပေးအရ စည်းစိမ်ချမ်းသာရလိမ့်မည်ဟု ရည်ရွယ်ယုံကြည်၍ ပေးလှူလျှင် အလတ်စားကုသိုလ်ဖြစ်၏။ အလှူခံပုဂ္ဂိုလ်တို့ ချမ်းသာပါစေဟူသော မေတ္တာစေတ်ကို အဓိကထား၍၊ နိဗ္ဗာန်ရည်မှန်းပြီး လှူဒါန်းလျှင် အမြတ်စားကုသိုလ်ဖြစ်၏။

သားမယားကိုလည်းကောင်း၊ မိဘဆွေမျိုးတို့ကိုလည်းကောင်း ပြုစုလုပ်ကျွေးရာ၌ ဥစ္စာစည်းစိမ်ကို အသုံးပြုခြင်းသည် လားခြင်းကောင်းသော ဥစ္စာစည်းစိမ်ဖြစ်ကြောင်း မင်္ဂလာတရားတော်အရ သိရှိနိုင်ပါသည်။

**လေးချက်ညီ စဉ်းစားခြင်း**

လာရာနှင့်လားရာကို မူတည်၍ လေ့ချက်ညီစဉ်းစားနိုင်ပါသည်။

(၁) လားရာကောင်းသော စည်းစိမ်ဥစ္စာကို လားရာကောင်းသော စည်းစိမ်ဥစ္စာအဖြစ် အသုံးချခြင်း။ ။အကုသိုလ်ဒုစရိုက်အမှုများဖြင့် မရှာဖွေဘဲ စင်ကြယ်စွာရရှိလာသော ငွေများကို စုဆောင်း ရင်းနှီးစားသုံးလှူဒါန်းဟူသော





အကျိုးရှိရာကိစ္စများ၌ အသုံးပြုခြင်းသည်။ ဤအမျိုးအစားကို ပညာရှိသူတော်ကောင်းတို့ အနှစ်သက်ဆုံးဖြစ်သည်။

(၂) လာရာကောင်းသော စည်းစိမ်ဥစ္စာကို လားရာမကောင်းသော စည်းစိမ်ဥစ္စာအဖြစ် အသုံးချခြင်း။ ။အကုသိုလ်မဖက်၊ စင်ကြယ်စွာ ရရှိတတ်သော စည်းစိမ်ဥစ္စာဖြစ်သော်လည်း သေရည်သေရက်သောက်စားခြင်၊ သူတစ်ပါးသားမယားပစ်မှားခြင်း စသောအကုသိုလ်ကိစ္စများ၌ အသုံးပြုခြင်းဖြစ်သည်။ ပညာရှိတို့က ၇ ပုံကို နှစ်သက်၍။ သုံးပုံကို မနှစ်သက်။

(၃) လာရာမကောင်းသော စည်းစိမ်ဥစ္စာ့ကို၊ လားရာကောင်းသော စည်းစိမ်ဥစ္စာအဖြစ် အသုံးချခြင်း။ ။အကုသိုလ်ဒုစရိုက်အမှုများဖြင့် ရရှိလာသော စည်းစိမ်ဥစ္စာများကို၊ ကောင်းမှုကုသိုလ်ကိစ္စများ၌ အသုံးပြုခြင်းဖြစ်သည်။ (နိုးယူငွေဖြင့် သားမယားကို လုပ်ကျွေးခြင်း။) ပညာရှိတို့က သုံးစွဲပုံကိုသာ နှစ်သက်သည်။

(၄) လာရာမကောင်းသော စည်းစိမ်ဥစ္စာကို၊ လားရာမကောင်းသော စည်းစိမ်ဥစ္စာအဖြစ် အသုံးချခြင်း။ ။အကုသိုလ်အမှုများဖြင့် ရရှိလာသော စည်းစိမ်ဥစ္စာများကို၊ မကောင်းမှု

အကုသိုလ်ကိစ္စများတွင် အသုံးပြုခြင်းဖြစ်သည်။ (ခိုးယူ ငွေဖြင့် အရက်သောက်ခြင်းမျိုး။)ဤအမျိုးအစားကို ပညာရှိ သူတော်ကောင်းတို့ မနှစ်သက်ဆုံး(အစက်ဆုပ်ဆုံး) အမျိုးအစားဖြစ်သည်။

(၁၃-၈-၁၃ မိုးမခ)



# ဆရာကြီး ဦးလေးမြိုင်၏ ဩဝါဒ

၂၀၁၃ ခုနှစ် မတ်လ ၂၈ နေ့တွင် ဆလိုင်းရွှေလင်း သွားရောက်ကန်တော့ရာ အောက်ပါအတိုင်း ဩဝါဒများပေးပါသည်။

ဆရားသမားများက အဆုံးအမပေးခဲ့ကြတယ် မဟုတ်လား။ လုပ်သင့်တာ၊ လုပ်ချင်တာ၊ လုပ်နိုင်တာ အဲသလိုအမျိုးမျိုးရှိတဲ့အနက် လုပ်သင့်တာတွေထဲမှာ လုပ်နိုင်တာကို ဦးစားပေးရလိမ့်မယ်တဲ့၊ အဲဒါလေးက လိုက်နာဖို့ကောင်းတယ်။

အဖွဲ့အစည်းနဲ့ လုပ်တဲ့အခါကျတော့ ဘာပဲပြောပြော စိတ်ရှည်ရလိမ့်မယ်၊ သည်းခံရလိမ့်မယ်၊ အသလိုစိတ်ရှည်သည်းခံတော့ သူတို့တွေပါ ပျော့ပြောင်းလာတတ်တယ်။

မာယဒေဝလက်ာသစ်ထဲမှာလည်း ကျွဲ၏သဘောဆိုတာပါ

တယ်။ ကျွဲများဟာ သူများကို ရန်လုပ်ချင်တယ်၊ ငြိမ်သက်မှု မရှိဘူး။ လူအချို့ဟာလည်း ဒီလိုပဲ ငြိမ်သက်မှုမရှိဘူး။ မပြည့်တဲ့အိုးဘောင်ဘင်ခတ်ဆိုတာမျိုး၊ ဟိုဟာဆိုလည်း သူသိသူတတ်၊ ထထပြောချင်တယ်။ ဟုတ်လည်း မဟုတ်ဘဲနဲ့။ မြန်မာပြန်လုပ်ခဲ့တုန်းက အဲသလို ကိုယ့်ကိုယ့်ကားယားသမားတွေလည်း ပါတာပဲ။

စ လုပ်တုန်းကတော့ လူတစ်စုလောက်ပဲ တိုင်ပင်လုပ်ကြတာ။ လွတ်လပ်ရေးကိစ္စလည်း ကြည့် ဗိုလ်ချုပ်အောင်ဆန်းတို့ လူတစ်စုပဲတိုင်ပင်လုပ်ကြတာ။ အဲဒီကနေ ကျယ်ပြန့်လာတော့ လူထုကပါလာပြီး လွတ်လပ်ရေးရတဲ့အထိ ဖြစ်လာတယ်။ ဒီပြင်လူတွေလည်း လုပ်ကြတာပဲ၊ သို့သော် မှုမှန်တဲ့သူနဲ့ မမှန်တဲ့သူ အဲသလိုကွဲသွားသေးတယ်။ ဒါကြောင့် လူနည်းပေမယ့် အားငယ်စရာမလိုဘူး။ သရဏဂုံတည်ဖို့ အရေးကြီးတယ်။

သီလ၊ သမာဓိ၊ ပညာကတော့ အဓိကပါပဲ၊ တိုင်းပြည်ကို ဦးဆောင်မယ့်ပုဂ္ဂိုလ်တွေကိုလည်းကြည့်။ ဆိုပါစို့. . . ဟိုခေါင်းဆောင်က နယ်တွေ၊ ဘိုးတော်တွေ ကိုးကွယ်တယ်။ ဝင်းဦးတို့ ကြည်ကြည်ဌေးတို့ သူတို့တွေ သက်ရှိထင်ရှားရှိတုန်းကတောင် သူတို့ကို ဝင်းဦးနက်၊ ကြည်ကြည်ဌေး နတ်ဆိုပြီး လုပ်လာခဲ့သူကို ဆရာတင်တယ်။





အခြားခေါင်းဆောင်က မစိုးရိမ်တိုက်သစ်ဆရာတော်၊ ချမ်းမြေ့ဆရာတော်၊ ရွှေတောင်ကုန်းဆရာတော်၊ ဒီဆရာတော်တွေကို ကိုးကွယ်ဆည်းကပ်တယ်။ ဘယ်ခေါင်းဆောင်က တိုင်းပြည်ကို သိက္ခာရှိရှိနဲ့ ဦးဆောင်နိုင်မလဲဆိုတာ မှန်းလို့ရတယ်နော်။

သာသနာက အလွန်ပျော်စရာကောင်းပါတယ်။ ရည်ရွယ်ချက် မှန်ရင်ပေါ့လေ။ အသိတစ်ဦး ဘုန်းကြီးဝတ်သွားပြီး တို့ဆီကို ကြွလာတယ်။ ဘယ်မှာသီတင်းသုံးနေသလဲလို့ မေးတော့ သူ့အိမ်မှာပဲတဲ့။ လွဲနေပြန်ပြီဆိုတာ သိရတယ်နော်။ ရဟန်းဝတ်မယ့်သူကို မေးခွန်းမေးရမှာ။ ရှောင်ရမှာက ဘာတွေ၊ ဘာတွေ၊ ဆောင်ရမှာက ဘာတွေ၊ ဘာတွေ၊ ဒါတွေကိုပြောရမယ်၊ ဝတ်မယ့်သူကလည်း သိရမယ်။

တို့က ၈၉ နှစ်ထဲ ရောက်တော့မယ်။ သတိသမ္ပဇဉ်လည်း ကောင်းပါတယ်။ နားကတော့ တွေ့တဲ့အတိုင်း တော်တော်လေး ပါတယ်။ အသက်ရှည်ရခြင်း ကျန်းမာရခြင်း၊ အကြောင်းရင်းကတော့ သိကြတဲ့အတိုင်းပေါ့။ ကံဆိုတာ စေတနာ။ စေတနာကောင်းရင် ကံကောင်းတယ်။ အသက်ရှည်တတ်တယ်။ ကျန်းမာတတ်ပါတယ်တဲ့။ ယခင်ဘဝတွေတုန်းက ပြုခဲ့တဲ့ကံကလည်း အကျိုးပေးတယ်။ ဒီဘဝမှာ ပြုခဲ့တဲ့ ကံကလည်း ဒီဘဝမှာပင် အကျိုးပေးတာ

မှုနီးလည်း ရှိတယ်။ ဘုရားဟောလည်း ထင်ရှားပါတယ်။ ပတိရူပဒေသမှာနေရမယ် ဒါကိုလိုက်နာရင် ဒီဘဝမှာတင် အကျိုးပေးပါတယ်။ ကာလ၊ ဒေသ၊ ပယောဂဆိုတာတွေပေါ့။ ဒါန၊ သီလ၊ ဘာဝနာတွေ အကျိုးပေးပါတယ်။ မှန်မှန်ကန်ကန် လုပ်တတ်ဖို့ပဲ လိုတာပါ။

ရဟန်းသံဃာတွေကို ရှိခိုးတာ၊ သက်ကြီးဝါကြီးတွေကို ရှိခိုးတာ၊ အရင်းအနှီး အင်မတန်ကြီးတယ်။ လူ့ခန္ဓာကိုယ်ရဲ့ အမြင့်ဆုံးနေရာ ဦးခေါင်းက အနိမ့်ဆုံးနေရာ ခြေဖဝါးနားကို လာထိတယ်။ ထိခြင်းငါးပါးနဲ့ အသေအချာရှိခိုးတာ၊ စိတ်ပါလက်ပါရှိခိုးတာ - ဂါရဝတွေ၊ နိဝါတတွေ (ရိုသေခြင်း၊ နှိမ့်ချခြင်း) ဒါတွေကို ရင်းနှီးရတယ်၊ မာန်မာနတွေလည်း မရှိတော့ဘူး။ ဒါကြောင့် အရင်းအနှီးက ကြီးသလို အကျိုးပေးကလည်း ကြီးပါတယ်နော်။

သေခါနီးမစိုးရိမ်နဲ့၊ မစိုးရိမ်ဖို့ဆိုတာ သရဏဂုံတည်ထားဖို့ အရေးကြီးတယ်၊ နည်းနည်းလုပ်ထားရင် နည်းနည်းပဲ အကာအကွယ်ရမယ်၊ များများလုပ်ထားရင် များများ အကာအကွယ်ရမယ်။ လုပ်တတ်ဖို့တော့ လိုတယ်။ သရဏဂုံတည်မယ်။ လုပ်တတ်ဖို့တော့ လိုတယ်။ သရဏဂုံတည်သူ သေခါနီး ရုပ်နာမ်ကြည်လင်တယ်။

ချင်းရောင်ခြည်၊ ဩဂုတ် ၂၀၁၃



# ၁၈ နှစ်ကြာHIV ပိုးရှိသူ A မကိုက်သေး

ကိုနိုင်ထွန်းက ခင်မင်နှစ်လိုဖွယ်ရာကောင်းသူဖြစ်သည်။ ပျော်ပျော်နေသေခဲဟု ခံယူထားသူလည်းဖြစ်သည်။ ပျော်ပျော်နေဖို့အတွက် သေရည်သေရက်ကလေးလည်း မှီဝဲတတ်သည်။ ကောင်းပေ့ဆိုသော အစားအသောက်(အဆီအဆိမ့်)များလည်း သုံးဆောင်ခံစားတတ်သည်။ အာရုံငါးပါးအနက် ရသာရုံကို အလေးပေးသည်။ လွယ်လွယ်ပြောရလျှင် လျှာအလိုလိုက်သူဖြစ်၏။

၁၉၉၇-၉၈ ဝန်းကျင်တွင် အုတ်ကျင်းဘူတာရုံလမ်း၌ မြန်မာ့အိမ်ရာစီမံကိန်းများကို ဆောက်ကြရာ သူက ပင်မကန်ထရိုက်ဘက်မှ ကြီးကြပ်ရေးမှူးဖြစ်သည်။ လက်ခွဲကန်ထရိုက်များဘက်မှ လူတွေနှင့် အဆင်ပြေအောင် ပေါင်းသင်းတတ်သလို ပင်မကန်ထ

ရှိက် အင်ဂျင်နီယာအဖွဲ့ကို လက်ခွဲကန်ထရိုက်များက လက်တစ်လုံးခြား လှည့်ပတ်လျှင် အမိအရရှာဖွေဖော်ထုတ်တတ်သူဖြစ်သည်။ ဖင်ပေါ့၍ အကင်းပါးသူဖြစ်၏။ သူ့အထက်က အင်ဂျင်နီယာအဖွဲ့သည် သူ့ကို ခင်မင်အရေးပေးကြသည်။ ပြုံးလိုက်လျှင် ရုပ်ရှင်လူကြမ်း အံ့ကျော်နှင့်တူသဖြင့် သူ့ကို အံ့ကျော်ဟု ခေါ်ကြ၏။ ဒါကို ခဲတော့ သူမကြိုက်ပါ။

သူသည် ဝက်သားတုတ်ထိုးသည်ကို ခေါ်၍ အားပေးလိုက်ရာ ဈေးသည်မျက်လုံးပြူးသွားသည်။ ကုန်လုနီးနီး အားပေးလိုက်၍ ဖြစ်သည်။ ခေါက်ဆွဲကြော်၊ ကြေးအိုး၊ ဒန်ပေါက်များကိုလည်း အလျှဉ်းသင့်သလို အားပေးတတ်သူဖြစ်သည်။

သူ့မိဘများမှာ အိမ်ထောင်ရေးအဆင်ပြေဟန်မတူ။ သူ့အဒေါ်က သူ့ကို ငယ်စဉ်ကတည်းက မွေးစားထားခဲ့၏။ သူ့အဒေါ်အပျိုကြီးက သူ့ကိုချစ်၍ အလိုလိုက်တတ်သလို ကျောင်းဆရာမပီပီ တော်တော်လေးလည်း ကကျိကကြောင်ကျတတ်သည်။ အပျိုကြီးက အသက်ကြီးမှ အိမ်ထောင်ဖက်တွေ့သွားရာ သူကလည်း အဒေါ့်ယောကျ်ားနှင့် အဆင်ပြေအောင်နေသည်။ အဆင်ပြေမပေါ့။ အဒေါ့်ယောကျ်ားကလည်း တစ်ခါတစ်ရံ ယမကာမှီဝဲတတ်သဖြင့် အပြင်မှာချိန်းပြီး မှီဝဲကြသည်။





၂၀၀၇ လောက်တွင် စာရေးသူသည် မလေးရှား၌ သူ့ကို ဆုံတွေ့လိုက်ရသေးသည်။ ဝဝဖိုင့်ဖိုင့် ပြည့်ပြည့်ဖြိုးဖြိုးခန္ဓာကိုယ်မှာ တော်တော်လေး ပိန်ချုံးသွားသည်။ “ခင်ဗျား A ကိုက်နေပြီလား”ဟု စမိသေးသည်။ သူက စိတ်မဆိုးပါ။ “သွေးတိုး၊ ဆီးချိုတွေကြောင့် ခဏခဏ နေမကောင်းဖြစ်တယ်ဗျာ”ဟု ဖြေရှာသည်။ “အစားအသောက် အနေအထိုင် ဆင်ခြင်နိုင်ရင် ဒီရောဂါတွေ သက်သာတယ်လို့ ဖတ်ဖူးတယ်။ ရှောင်သင့်တာရှောင်ပြီး ဆောင်သင့်တာ ဆောင်ဖို့ပဲ လိုမှာပါ။ အထူးသဖြင့်တော့ အဆီအဆိမ့်၊ အငန်၊ ယမကာတွေ ရှောင်ဖို့ရယ် ကိုယ်လက်လှုပ်ရှားမှု လုပ်ပေးဖို့ရယ်၊ အိပ်ရေးဝဝ အိပ်ဖို့ရယ်၊ စိတ်ဓာတ်ကြည်ကြည်အေးချမ်းအောင် တရားထိုင်ဖို့ရယ် အဲဒါတွေလိုမယ်လို့ သုတေသီဆရာဝန်တွေရေးတယ်။ ဟောတယ်။ ကျွန်တော်က လက်ဆင့်ကမ်းဖောက်သည်ချပေးတာပါ။ ဆရာလုပ်တာ မဟုတ်ဘူး။ HIV ပိုးကူးစက်သူ၊ ကင်ဆာ Stage 4 ဖြစ်နေသူတွေကမှ သေမိန့်ကျသလိုဖြစ်နေတာ။ ခင်ဗျားရောဂါက သတိနဲ့ဉာဏ်နဲ့နေရင် အသက်အန္တရာယ် မပေးပါဘူး။ အသက်ရှည်မှာပါ”

၂၀၀၈ လောက်တွင် စာရေးသူသည် ကိုနိုင်ထွန်းနေထိုင်ရာ အလုံ ဆင်မင်းရပ်ကွက်သို့ သွားလည်သည်။ သူ့မွေးစားအမေ

က သူဆုံးတာ နှစ်လလောက်ရှိပြီဟုဆိုသောအခါ အံ့ဩဝမ်းနည်းသွားသည်။ ခုလောက် မြန်မြန်ကွယ်လွန်မည်ဟု မထင်ခဲ့ပေ။ သူနေမကောင်းတော့ ဆရာဝန်တွေ ညွှန်ကြားသလို ရှောင်သင့်တာရှောင်၊ ဆောင်သင့်တာဆောင်၍ ကောင်းကောင်းမွန်မွန်နေပါသေး၏။ အလုပ်အကိုင် ဝင်ငွေကလည်း ယခင်လောက် အဆင်မပြေ။ သူ့ရောဂါကလည်း သူဋ္ဌေးရောဂါလို ပုံမှန်ဆေးဖိုးတွေက မနည်းလှ။ ခပ်ပျော်ပျော် လွတ်လွတ်လပ်လပ်နေလာခဲ့သူက စောင့်စည်းထိန်းချုပ် ငြိမ်ကုတ်နေရတော့ ဒါသည်လည်း တစ်ဒုက္ခ။ ပုတီးစိပ်တရားထိုင်အလုပ်တွေ လုပ်ကြည့်တော့လည်း စည်းဝါးကမကိုက်။ အသက် ၃၈ နှစ်ကျော်နေသော်လည်း ဇနီးမယား၊ သားသမီးတွေက မရှိတော့ သံယောဇဉ်တွယ်စရာနည်းလှသည်။ အသက်ရှင်ရတာအဓိပ္ပာယ်မဲ့သလို ခံစားရ၏။

တစ်နေ့တွင် ကိုနိုင်ထွန်း အပြင်ထွက်၍ ခေါက်ဆွဲကြော်တွေ ဝယ်စား။ ယမကာတွေသောက် လွတ်လွတ်လပ်လပ်နေပစ်လိုက်သည်။ အိမ်ကို ပြန်ရောက်တော့ တော်တော်မိုးချုပ်နေပြီ။ မိုးလင်း၍ သူ့မွေးစားအမေက သွားကြည့်တော့မှ ခုတင်မှာလည်လိမ်၍ သေနေကြောင်း တွေ့ရသည်။

မသေသင့်သော အရွယ်တွင် မသေသင့်သောရောဂါဖြင့်





အသေစောခဲ့လေပြီ။

* * * * *

၂၀၀၉ နှစ်ကုန်ပိုင်းတွင် စာရေးသူ လားရှိုးမြို့သို့ရောက်သွားသည်။ မိတ်ဆွေတစ်ဦးက သူလုပ်နေသော ရေအားလျှပ်စစ်လုပ်ငန်းများ(အသေးစား)ကို လေ့လာရန်နှင့် စိတ်ဝင်စားလျှင်ပူးပေါင်းလုပ်ကိုင်ရန် ဖိတ်ခေါ်သဖြင့် ရောက်သွားခြင်းဖြစ်သည်။ ထိုမိတ်ဆွေကို အင်တာနက်ဝက်ဆိုက်မှတစ်ဆင့် ရေအားလျှပ်စစ်ဆိုင်ရာ အချက်အလက်ဒီဇိုင်းဓာတ်ပုံများ ရှာဖွေကူညီပေးနေသူကိုမိုးနှင့် ခင်မင်ရသည်။ ကိုမိုးက အရပ်မြင့်မြင့် ပိန်ပိန်ပါးပါး၊ ပြုံးလိုက်လျှင် ခင်မင်လေးစားဖို့ အလွန်ကောင်းသူဖြစ်၏။ ရယ်ရယ်မောမောလည်း နေတတ်သည်။

“ကျွန်တော့်ကို လူကောင်းလို့ မထင်နဲ့ဗျ”ဟု သူကဆို၏။

“လူကောင်းမဟုတ်လို့ လူဆိုးစားပြမို့လား”

“HIV ပိုးရှိနေတာကို ပြောတာ။ ရောဂါသည်ဗျ”

ကိုမိုးက မန္တလေး AGTI မှ Civil မြို့ပြအင်ဂျင်နီယာဖြင့်ကျောင်းဆင်းထားသော အင်ဂျင်နီယာဖြစ်သည်။ ထားဝယ်ဘက်သို့ သွား၍ ဆောက်လုပ်ရေးအင်ဂျင်နီယာအဖြစ် လုပ်ကိုင်ခဲ့သည်။

ဝင်ငွေကောင်း၍ လူပျို့လူလွတ်လည်းဖြစ်တာမို့ ပျော်စရာမျိုးစုံကို လိုက်စားခဲ့သပေါ့။ ဇျူတီပါလာဆိုင်ရှင် မမချောနှင့် ရည်ငံမိပြီး အချစ်ရေယာဉ်ကြောမှာ မျောခဲ့သည်။ မမချောနှင့် သမီးလေးတစ်ယောက်ရသည်။ မမချော မကြာခဏ နေမကောင်း၍ ဆေးခန်းပြတော့ သွေးစစ်ရာမှ HIV ပိုးရှိနေမှန်း သိရသည်။ မမချောက ကိုမိုးနှင့် မယူမီကလည်း ဟိုကိစ္စ ဒီကိစ္စများခဲ့ပေသကိုး။

ကိုတော်ချောလည်း ထိတ်လန့်၍ ဆေးစစ်ရာ HIV ပိုးရှိနေမှန်း သိလိုက်ရသည်။ သမီးလေးကတော့ ကံကောင်းထောက်မစွာ HIV ပိုးမရှိပေ။ လည်ပင်ဖြတ်မည့် အာဏာပါးကွက်သားအနားရောက်လာသလို ကိုမိုးထိတ်လန့် တုန်လှုပ်သွား၏။ သိကာစတွင် တစ်ပတ်ခန့် အိပ်မပျော်လောက်အောင် တုန်လှုပ်ချောက်ချားနေခဲ့ကြောင်း ပြန်၍အမှတ်ရနေ၏။

သူ့ဇနီးမမချောကို အလွန်စိတ်ဆိုးသည်။ သူ့ကို သေတွင်းပို့ဖို့ ကြိုးစားသူဟု ယူဆသည်။ သည်ကြားထဲ မမချောက ဘာမျှမဖြစ်သလို ဇျူတီပါလာကို ဆက်ဖွင့်၍ တပည့်မများ မွေးမြူနေမြဲ။ ဝင်ငွေကောင်းနေမြဲ။ သူသည်းမခံနိုင်တော့။ မစင်ကြယ်သော အသက်မွေးမှုမှ ရသောငွေကို မလိုလား။ မစင်ကြယ်သူတွေနှင့်လည်း လက်မတွဲလိုတော့။ ဇနီးကို ကွာရှင်းပြတ်စဲလိုက်သည်။ သမီးလေး





ကို လက်ဆွဲ၍ အငြိမ်းစား မိခင်မုဆိုးမနှင့်အတူ လားရှိုးမှာ လာရောက်အခြေချသည်။ ငါးပါးသီလကို အတတ်နိုင်ဆုံး လုံအောင် စောင့်ထိန်းသည်။

HIV ပိုးကူးစက်ခံထားရသူအား နှစ်သိမ့်ဆွေးနွေးပညာပေးသော လူမှုအဖွဲ့အစည်းများထံ ကိုမိုးဆက်သွယ်သည်။ ဗုဒ္ဓတရားတော်ကို လေ့လာကျင့်ကြံသည်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရအကြောင်း လေးပါးနှင့် ပတ်သက်၍ ပြုပြင်၍ရသော အပိုင်းတွေကို သိလာရသည်။ စင်ကြယ်သော ဝင်ငွေကိုရှာ၍ စင်ကြယ်သောစိတ်ကို ထားနိုင်ဖို့ ကြိုးစားလာသည်။ နေ့စဉ်မှန်မှန် ဆေးသောက်၍ ဘာဝနာ အလုပ်ကို လုပ်သည်။ အိပ်ရေး ဝဝ အိပ်သည်။ သန့်သန့်ရှင်းရှင်း နေသည်။ အသီးအရွက် အသားငါးများကို အာဟာရပြည့်ဝစွာ ချက်ပြုတ်စားသောက်သည်။ မိမိနှင့်ဘဝတူ HIV ပိုးရှိသူများ၊ AIDS ဝေဒနာရှင်များကို တတ်နိုင်သည့်ဘက်မှ ကူညီသည်။ HIV ဆိုင်ရာ ဆီမီနာများ ဟောပြောဆွေးနွေးပွဲများတွင် တက်ကြွစွာပါဝင်သည်။ ပြည်ပသို့ပင် သုံးကြိမ်ခန့် ကိုယ်စားလှယ်အဖြစ် သွားလိုက်ရသေးသည်။

HIV ပိုး ကူးစက်ခံထားရသူများမှာ ကူးစက်ခံရပြီး ငါးနှစ်မှ ၁၀ နှစ်အတွင်း AIDS ဝေဒနာရှင်အဖြစ်သို့ ကျရောက်တတ်

သည်ဟု ဆို၏။ အချို့မှာ ငါးနှစ်မတိုင်မီပင် A ကိုက်တော့၏။ သို့သော် ကိုမိုးမှာမူ ၁၅ နှစ်ကျော်လာသည့်တိုင် A မကိုက်သေး။ မိခင်ကြီးနှင့် သမီးလေးတို့အတွက် ငါကျန်းမာနေမှ အသက်ရှင်နေမှ ဖြစ်မည်ဟု မွန်မြတ်သောစိတ် မေတ္တာစိတ်ကလည်း ဆောင်နေသည်။ သူ့ဇနီးကမူ စောစောကပင် ဆုံးခဲ့ပြီ။

၂၀၁၁ လောက်တွင် စမ်းချောင်းမြို့နယ်တွင် ကိုမိုးကို အမှတ်မထင် ဆုံလိုက်ရသေးသည်။ သူ့သမီးလေးနှင့်အတူ ရန်ကုန်သို့ ဆင်းလာကာ လအတန်ငယ်နေမည်။ AIDS ဆိုင်ရာ INGO တစ်ခု၏ လုပ်ငန်းများကို ဆောင်ရွက်မည်ဟု ပြောပြသည်။ ထိုကာလအထိ သူ A အဆင့်သို့ မရောက်သေး။ ထိုကာလအထိ HIV ပိုးကူးစက်ခံထားရသည်မှာ ၁၈ နှစ်ပြည့်ခဲ့ပြီဟု ဆိုသည်။

* * * * *

ဗုဒ္ဓတရားတော်အရ ကံနှင့်ကံ၏ အကျိုးပေး(တစ်နည်းအားဖြင့်)အကြောင်းကြောင့် အကျိုးဖြစ်ခြင်းသဘောကို လိုရင်းရောက်အောင် သဘောပေါက်ဖို့ လိုပါသည်။

ယခုဘဝ အကျိုးပေးခြင်းများကို ခွဲခြမ်းစိတ်ဖြာရာ၌ (၁) အတိတ်ဘဝကံကသာ အဓိကအကျိုးပေးခြင်း၊ (၂) ပစ္စုပ္ပန်ဘဝကံ





ကသာ အဓိကအကျိုးပေးခြင်း၊ (၃) အတိတ်ဘဝကံနှင့် ပစ္စုပ္ပန်ဘဝကံတို့က ပူးပေါင်း၍ အကျိုးပေးခြင်းဟု တွေးနိုင်သည်။

A ကို သူဌေးကြီးလင်မယားမွေးသည်။ B ကို ဆင်းရဲသားလင်မယားက မွေးသည်။ A သည် မွေးကတည်းက မျက်လုံးတစ်ဖက်ပျက်နေသည်။ B ကမူ ခြေလက်အင်္ဂါစုံစုံလင်လင် မွေးလာသည်။ ဤအကျိုးပေးများမှာ အတိတ်ဘဝကံကသာ အဓိကအကျိုးပေးခြင်းဖြစ်သည်။ A နှင့် B သည် ပစ္စုပ္ပန်ဘဝတွင် မည်သို့ပင် ပြုပြင်သော်လည်း ထိုအကျိုးပေးများ ပြောင်းလဲသွားမည်မဟုတ်ပေ။

X နှင့် Y သည် မိဘနောက်ခံချင်းတူ၏။ ဉာဏ်ရည်ဉာဏ်သွေးချင်းတူ၏။ သို့သော် X က သောက်စားမူးယစ် လေလွင့်ကာ ၁၀ တန်းမအောင်ပေ။ Y က ကြိုးစားပြီး ဘွဲ့ရလာ၏။ ဤအကျိုးပေးမှာ ပစ္စုပ္ပန်ဘဝကံကသာ အဓိကအကျိုးပေးခြင်းဖြစ်သည်။

E နှင့် F တို့သည် အလွန်ခေါင်၍ ဆင်းရဲမွဲတေလှသော ကျေးလက်တောရွာ၌ မွေးဖွားလာကြသည်။ သူတို့ကို ဘုန်းကြီးတစ်ပါးက မြို့ပေါ်သို့ခေါ်လာကာ ကျောင်းထားပေးသည်။ အသက်မွေးမှုပညာသင်ပေးသည်။ E က ကြိုးစားလိုက်ရာ လူလတ်တန်းစားဖြစ်သွားသည်။ အတိတ်ကံကြောင့် ဆရာကောင်းပေါ်လာ၍ ပစ္စုပ္ပန်ကံ

ကြောင့် လူလတ်တန်းဖြစ်သွားသည်။ သူနှင့်အတူ ပါလာသော သူငယ်ချင်း F မှာ မြို့ပေါ်ရောက်လာ သော်လည်း မကြိုးစားသဖြင့် ရွာသို့ပြန်ကာ လယ်ထွန်နေရသည်။ ဤအကျိုးပေးမျိုးမှာ အတိတ်ကံနှင့် ပစ္စုပ္ပန်ကံတို့ ပူးပေါင်း၍ အကျိုးပေးခြင်းဖြစ်သည်။

ကိုနိုင်ထွန်းက သေချာပေါက်သေနိုင်သော ရောဂါမဟုတ်စေကာမူ ပစ္စုပ္ပန်ကံ မကောင်းသဖြင့် စောစောစီးစီး ကွယ်လွန်သွားရခြင်းဖြစ်သည်။

ကိုမိုးကမူ ပစ္စုပ္ပန်ကံ အလွန်ကောင်းအောင် အားထုတ်သဖြင့် HIV ပိုးကူးစက်ခံရပြီး ၁၈ နှစ်ကြာသည့်တိုင် A ရောဂါ မဖြစ်ဘဲ ကျန်းမာနေသေးသည်။

ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်းတရား လေးပါးက ပြုပြင်ပေးနိုင်သည်ဟူသော အချက်ကို သတိမူကြပါကုန်။

တော်ဝင်ပန်းဂျာနယ်(၁၆-၆-၂၀၁၄)



# လွန်ခဲ့သော နှစ်ပေါင်း(၆၀)ကျော်က မြန်မာရဟန်းတော်၏

# WIN~WIN သီအိုရီ

ယခုအခါ ကမ္ဘာပြုမှု Globelization ဖြစ်စဉ်နှင့်အတူ သူလည်းနိုင်၊ ကိုယ်လည်းနိုင်ဟူသော Win~Win သဘောတရားများ ခေတ်စားလာပါသည်။ ယခင်က (သူတည်းတစ်ယောက်၊ ကောင်းဖို့ရောက်မူ၊ သူတစ်ယောက်မှာ၊ ပျက်လင့်ကာသာ၊ ဓမ္မတာတည်း) ဟူသော ဆိုရိုးကို လက်သုံးပြုခဲ့ကြသည်။ တစ်ယောက်ကနိုင်ဖို့ အခြား တစ်ယောက် ရှုံးပေးရမည် ဆိုသည့်သဘော။

တစ်စုတစ်ဖွဲ့၊ တစ်နိုင်ငံနိုင်ဖို့ အခြားတစ်ဖွဲ့၊ အခြားတစ်နိုင်ငံ ရှုံးပေးရမည်ဆိုသည့်သဘော . . .။

ပင်လယ်နီ သဘောတရားဆိုတာလည်း တစ်ယောက်နိုင်ဖို့ အခြားတစ်ယောက် ရှုံးရမည်ဆိုသည့် သဘောပဲဖြစ်၏။ သို့သော် လွန်ခဲ့သော ၁၀ နှစ် ဝန်းကျင်လောက်ကစ၍ သူလည်း အောင်မြင်၊ ကိုယ်လည်း အောင်မြင် Win~Win သဘောတရားများကို

ကျင့်သုံးနိုင်လာကြသည်။ ပင်လယ်နီလို တိုက်ပွဲများဖြင့် သွေးချင်းချင်းမနီစေပဲ၊ ပင်လယ်ပြာလို အားလုံးအဆင်ပြေမည့် နည်းလမ်းများကို ခံယူကျင့်သုံးလာခဲ့ကြသည်။

လွန်ခဲ့သော နှစ်ပေါင်း ၆၀ ကျော်လောက်ကပင် ထိုသို့သော Win~Win သဘောတရားများကို မြန်မာ ရဟန်းတော်တစ်ပါးက ဖွင့်ဟဖော်ထုတ်ခဲ့ပါ၏။ Win~Win သီအိုရီဟု တပ်အပ်သေချာမှည့်ခေါ်ခြင်း မရှိခဲ့သော်လည်း၊ တင်ပြချက်များမှာ ထိုသီအိုရီအတိုင်းပင် တသွေမတိမ်းရှိခဲ့ပေသည်။

စာရေးသူ၏ ဇနီးမှာ ရောဝတီတိုင်း၊ ကျိုက်လတ်ဇာတိဖွားဖြစ်သည်။ သူမ၏ မိခင်နှင့်ဘိုးဘွားများသည် ကျိုက်လတ်မြို့နယ်နှင့် တစ်ဆက်တည်းဖြစ်သော ဒေးဒရဲမြို့နယ်၊ ကျုံသင်ရွာကွန်ဖလိုင်ရွာများတွင် မွေးဖွားခဲ့သူများ ဖြစ်၏။ ၂၀၀၇ ခုနှစ်လောက်တွင် စာရေးသူတို့မိသားစုသည် ကွန်ဗလိုင်ကျေးရွာရှိ ဆွေမျိုးများထံ သွားရောက်လည်ပတ်ခဲ့ကြ၏။ ကိုပိုက်တင်က ဟောင်းနွမ်းဆွေးမြေ့နေသော စာအုပ်တစ်အုပ်ကို ငှားရမ်းခဲ့သည်။ ဝတ္ထုဆိုဒ်၊ စာမျက်နှာ ၈၀ သာ ရှိပါသည်။ သူ တန်ဖိုးထားသဖြင့် နှစ်ရှည်လများ သိမ်းဆည်းထားခဲ့ဟန်တူ၏။ ရန်ကုန်ရောက်သော အခါ ထိုစာအုပ်ကို မိတ္တူ နှစ်စုံကူး၍ တစ်စုံနှင့် မူရင်းကို ကိုပိုက်





တင်ထံသို့ ပြန်ပို့ပေးပါသည်။

စာအုပ်အမည်က လက်ဝဲလက်ျာနှင့် ဗုဒ္ဓသာသနာ။ ရေးသူက ဆရာတော် ဦးကေတုမာလာ။ စာရေးပြီးစီးသောနေ့စွဲကို ၂၈-၅-၅၀ ဟု မှတ်တမ်းပြုထားသည်။

ဗုဒ္ဓဝါဒ လောကနိဗ္ဗာန်ဟူသော ခေါင်းစဉ်အောက်တွင် ရေးသားတင်ပြထားချက်များသည် Win~Win သီအိုရီများကို ဖော်ပြထားခြင်းပင် ဖြစ်သည်။ အောက်ပါအတိုင်း ဖော်ပြပေးလိုက်ပါသည်။

ဘုရားသခင်၏ ညွှန်ကြားချက်အရ လောကနိဗ္ဗာန်ထူထောင်နည်းမှာ သူကလည်း မနိုင် ကိုယ်ကလည်း မရှုံးဘဲ နှစ်ဦးနှစ်ဖက် ကျေကျေနပ်နပ်နှင့် ဝမ်းမြောက်နိုင်မှ လောကနိဗ္ဗာန်ကို ထူထောင်ရနိုင်၏။ အကြောင်းကား ကိုယ့်နိုင်သွားရင် ကိုယ့်မှာ ရန်မကင်းသေး၍ စိတ်မအေးရသေးခြင်း၊ ကိုယ်ရှုံးသွားရင် ကိုယ့်မှာ ကိုယ်ရောစိတ်ပါ မအေးမချမ်း ဖြစ်ရခြင်းတို့ကြောင့် ကိုယ်နိုင်သူနိုင်၊ ကိုယ်ရှုံးသူရှုံး ဝါဒမျိုးဖြင့် ချမ်းသာနိုင်သော နည်းလမ်းကား ဗုဒ္ဓဝါဒတွင် လုံးဝမရှိ။ ဗုဒ္ဓဝါဒအရ လောကနိဗ္ဗာန်နှင့်

လောကုတ္တရာနိဗ္ဗာန်ထူထောင်နည်းမှာ

(၁) သမ္မာဒိဋ္ဌိ ကောင်းသောအမြင်

(၂) သမ္မာသင်္ကပ္ပ ကောင်းသောအကြံ
(၃) သမ္မာဝါစာ ကောင်းသောအပြော
(၄) သမ္မာကမ္မန္တ ကောင်းသောအလုပ်
(၅) သမ္မာအာဇီဝ ကောင်းသောအသက်မွေးမှု
(၆) သမ္မာဝါယမ ကောင်းသောကြိုးစားမှု
(၇) သမ္မာသတိ ကောင်းသောနှလုံးသွင်းခြင်း
(၈) သမ္မာသမာဓိ ကောင်းသောတည်ကြည်ခြင်း

ဤတရားရှစ်ပါးပင် ဖြစ်၏။

ဤတရားရှစ်ပါး ကိုယ်တွင်းမှာ ရှိသူကို ရှာက ကမ္ဘာတွင် အထူးတွေ့ခဲ၏။ (တွေ့ဖို့ခက်ခဲသည်ဟု ဆိုလို၏) ထို့ကြောင့် ကမ္ဘာကြီး မီးတောက်ရ၏။ လူတိုင်းလူတိုင်းတွင် ဤတရားများ ရှိကြလျှင် ဤသည်ကား ဆင်းရဲမှုပဲ၊ ဤသည်ကား ဆင်းရဲခြင်း အကြောင်းပဲ၊ ဤသည်ကား ချမ်းသာမှုပဲ၊ ဤသည်ကား ချမ်းသာ စေတတ်တဲ့ အကြောင်းပါပဲဟု နည်းမှန်လမ်းမှန်ကို မုချရရှိကလိမ့် မည်။

အမြင်မှန်ရအောင် ပြုလုပ်နည်းမှာ ဘုရားသခင် ရာဟုလာကို ဟောကြားခဲ့သည့်အတိုင်း . . .

"တစ်စုံတစ်ခုကို လုပ်မည့်အခါ ဖြစ်စေ၊ ပြောမည့်အခါ





ဖြစ်စေ၊ ကြံမည့်အခါဖြစ်စေ၊ ရှေးဦးစွာ ဤငါလုပ်မည့်အလုပ်ကား၊ ငါပြောမည့်စကား ကား၊ ငါကြံမည့် အကြံကား ငါ၏ ဆင်းရဲမှုလား၊ သူတစ်ပါး၏ ဆင်းရဲမှုလား၊ သို့မဟုတ် သူရော ငါရော ဆင်းရဲမှု လားဟု စဉ်းစားရမည်။ ဤသို့စဉ်းစား၍ ငါ၏ဆင်းရဲမှု သူ၏ ဆင်းရဲမှု သို့မဟုတ် သူရောငါရော ဆင်းရဲမှုဟုသိလျှင် မလုပ်နှင့်၊ မပြောနှင့်၊ မကြံနှင့် ဆင်းရဲမှု မဟုတ်မှ လုပ်ရပြောရ ကြံရမည်။ တကယ်လို့ လုပ်ဆဲဖြစ်လျှင်လည်း ဆက်မလုပ်နှင့် လုပ်ပြီးပြီ ဆိုလျှင်လည်း ပရိသတ်အလယ်တွင် ငါမှားပါပြီ၊ နောက်မလုပ်တော့ ဘူးဟု ဘွင်းဘွင်းကြီး ရှင်းပြရမည်"

(ရာဟုလာဝါဒသုတ်မှ)

ဘုရားသခင်က ဤကဲ့သို့သာ ဟောကြားခဲ့သော်လည်း ဗုဒ္ဓဘာသာ အမည်ခံနေသော ဗမာပြည်တွင် ဤတရားမျိုးရှိသော လူပုဂ္ဂိုလ်ရဟန်းပုဂ္ဂိုလ်ကား အလွန်ရှား၏။ သူတစ်ပါး ဆင်းရဲလျက် မိမိချမ်းသာမှုထင်လျှင် ဝမ်းမြောက်စွာ ပြုလုပ်လိုကြ၏။ မိမိတရား ကင်းသည့်ပမာ သူတစ်ပါးက တရားကင်း၍ မိမိမှာ ဆင်းရဲမှုဖြစ် လာလျှင်ကား တရားကင်းလေခြင်းဟု ငြီးတတ်ကြ၏။ မိမိက တရားကင်းလျက် သူတစ်ပါးမျက်ရည်ကျခါ မိမိမှာ ချမ်းသာရလျှင် ကား၊ ငါတရားကင်းနေပါကလားဟု မတွေးမိရုံမက တပြုံးပြုံးနှင့်

ပီတိလုံးဆိုက်လျှက်သာနေကြ၏။ ယခုအခါတွင် ကွန်မြူနစ်များက သူတစ်ပါးပစ္စည်းကို အလကား သိမ်းပေးမည်ဆိုသဖြင့် ဆင်းရဲသား လူထုများစွာ ဝမ်းမြောက်ကြ၏။ သူတို့၏ အလကားရအောင် ကြိုးစားနေကြသော သူပုန်များကြောင့် ဆင်းရဲဒုက္ခတွေ့ရသော အခါကာ သူပုန်ကိုရော အစိုးရကိုရော အပြစ်တင်ကြ၏။ ဒါနှင့်များ သင်တို့ ဗုဒ္ဓဘာသာအမည်ခံနေကြသလား။

ရှေးအခါက ကမ္ဘာသူ ကမ္ဘာသားတို့ကား အသက်တမ်း သိန်း၊ သန်း၊ ကုဋေ၊ အသင်္ချေတိုင်အောင် ရှည်ကြ၏။

ထိုစဉ်က လူတို့ကား ရောဂါဝေဒနာဟူ၍ လုံးဝမတွေ့ရ။ ဝေတ်မွတ်ခြင်း ဘေးမရှိ အလွန်အေးချမ်းကြ၏။ တစ်ဦးကိုတစ်ဦး ကြောက်ရ စိုးရိမ်ရ သော အလေ့မရှိ။ ဤကဲ့သို့ အေးချမ်းသာယာ အောင် လူတိုင်းလူတိုင်းတွင် တစ်ဦးကိုတစ်ဦး သတ်ဖြတ်ခြင်း မရှိ၊ တစ်ဦးဥစ္စာကို တစ်ဦးက ခိုးယူခြင်း လိမ်ယူခြင်း မရှိ၊ တစ်ဦး သားမယားကို တစ်ဦးက ကျူးလွန်ခြင်းမရှိ။ တစ်ဦးကိုတစ်ဦးက မုသားပြောခြင်း၊ ဂုန်းတိုက်ခြင်း၊ ကြမ်းကြမ်းတမ်းတမ်းပြောဆိုခြင်း မရှိ။ အကျိုးမဲ့စကားကို ပြောလေ့မရှိ။ ဤတရားမျိုးကိုယ်တွင်းမှာ ရှိကြသောကြောင့် ထိုအချိန်အခါကား နိဗ္ဗာန်တမျှ သာယာလှ၏။ ဤတရားမျိုးကို ဘုရားသခင် အထူးဟောခဲ့၏။ သင်တို့ကား ဗုဒ္ဓ





ဘာသာအရေ ခြုံမှုသာဖြစ်၍ ဤကဲ့သို့သာယာသော လောကကို မတွေ့ရ။ သင်တို့ကိုယ်တွင်းမှာ ဗုဒ္ဓဘာသာတရား ဘယ်မှာရှိသလဲ စဉ်းစားကြပါ။ သင်က တရားကင်းလျက် နမူနာပြနေလျှင် သင့်ကို အတုယူကာ အခြားတစ်ဦးက ကျင့်ပြန်၏။ သင်၏အကျင့်ဆိုး တစ်ကမ္ဘာလုံး ကူးစက်သွားလျှင် သင့်အပေါ်မှာ တရားစောင့်မည့်သူ တစ်ဦးမျှမတွေ့ သင်ဆင်းရဲမှု ဖြစ်ရ၏။

သို့ကြောင့် ကမ္ဘာပေါ်မှာ သူနိုင်ကိုယ်နိုင်၊ သူရှုံးကိုယ်ရှုံး ဆိုတဲ့ လက်ဝဲလက်ျာဝါဒ လွှမ်းမိုးနေ၏။ ဤဝါဒကြောင့် ကမ္ဘာသူ ကမ္ဘာသားများ ဆင်းရဲဒုက္ခတွေ့ကြရ၏။ သင်တို့အား ချမ်းသာအောင် ကယ်တင်မည့်ဝါဒ၊ သင်တို့အား ချမ်းသာအောင် ကယ်တင်မည့် ဝါဒ၊ သင်တို့အား ဘေးမတွေ့အောင် ကိုးကွယ်ရာ ဝါဒကား ဗုဒ္ဓ သာသနာခေါ်တဲ့ ဘုရားသခင် ညွှန်ကြားချက်ဖြစ်သော သူမနိုင် ကိုယ်မနိုင်၊ သူမရှုံးကိုယ်မရှုံးဝါဒပင်တည်း။

သဇင်မဂ္ဂဇင်း

မေ၊ ၂၀၁၃

# ပရိယတ္တိမှ ပဋိပတ္တိသို့ ကူးခဲ့သော စွန်းလွန်းဂူဆရာတော်

"ရဟန္တာလို့ကျော်ကြားတဲ့ စွန်းလွန်းဂူ ဆရာတော်ကြီး ဦးကဝိဟာ စာမတတ်ဘူး။ ဒါပေမယ့် တရားပေါက်မြောက်သွားတာပဲ။ စာတတ်ဖို့ မလိုဘူး။ တရားကျင့်ဖို့ပဲ လိုတယ်။ အဲသလို ဆရာတစ်ဦးက ဟောပြောနေတယ် ဟုတ်ပါသလား"

ဓမ္မမိတ်ဆွေတစ်ဦးက ထိုသို့မေး၏။ ထိုသူအား ပြန်လည်ဆွေးနွေးဖြစ်ခဲ့သော အကြောင်းအရာများကို ပြန်လည်မျှဝေလိုက်ပါသည်။

စာတတ်ခြင်းဟုဆိုရာတွင် စာပေအက္ခရာများ ရေးတတ်ဖတ်တတ်ခြင်းကို ဆိုလိုသလား(သို့မဟုတ်) မြတ်ဗုဒ္ဓ၏ တရားတော်များ သင်ယူမှတ်သားခြင်းကို ဆိုလိုသလားဟု ဆန်းစစ်ရန်





လိုပေသည်။ စာပေအက္ခရာများ ရေတတ်ဖတ်တတ်ခြင်းကို ဆိုလိုသည်ဟု ဆိုလျှင် စာတတ်ဖို့ မလိုဟူသောစကားသည် မှန်၏။ မြတ်ဗုဒ္ဓ၏ တရားတော်များ သင်ယူမှတ်သားခြင်းကို ဆိုလိုသည်ဟုဆိုလျှင် စာတတ်ဖို့မလိုဟူသော စကားသည် မှား၏။

ဥပမာတစ်ခု ဆောင်ပါအံ့။ စာပေအက္ခရာရေးတတ်ဖတ်တတ်သူတစ်ဦးနှင့် မရေးတတ် မဖတ်တတ်သူတစ်ဦး ထိုနှစ်ဦးကို သူတို့ဆရာက မြို့ပေါ်စေလွှတ်၍ ပစ္စည်း ၁၀ မျိုးစီ ဝယ်စေ၏။ စာရေးတတ်ဖတ်တတ်သူက စာပေတွင် ရေးမှတ်ပြီးယူသွား၏။ စာပေမရေးတတ် မဖတ်တတ်သူက စိတ်ထဲ၌ပင် သေသေချာချာ မှတ်သား၏။

မြို့ပေါ်ရောက်သောအခါ စာပေတတ်မြောက်သူက သူမှတ်သားထားသော စာရင်းကို ကြည့်၍ ပစ္စည်း ၁၀ မျိုး စုံလင်အောင် ဝယ်နိုင်၏။ စာပေမတတ်မြောက်သူကလည်း စိတ်ထဲ၌ မှတ်သားထားသည့်အတိုင်း ပစ္စည်း ၁၀ မျိုးကို စုံလင်အောင် ဝယ်နိုင်၏။ သူတို့နှစ်ဦးစလုံးသည် ဆရာမှာကြားချက်အတိုင်း ပြည့်စုံမှန်ကန်အောင် ဝယ်ယူလာနိုင်ခဲ့သည်ချည်း ဖြစ်ပေသည်။ ထို့ကြောင့် စာပေရေးတတ် ဖတ်တတ်သူက လိုရင်းကိစ္စကို ဆောင်ရွက်အောင်မြင်နိုင်သလို စာပေမရေးတတ် မဖတ်တတ်သူကလည်း

လိုရင်းကိစ္စကို ဆောင်ရွက်အောင်မြင်နိုင်သည်သာတည်း။ စာပေရေးတတ်ဖတ်တတ်မှ အောင်မြင်နိုင်မည်ဟုဆိုလျှင် မှားပေသည်။

ဗုဒ္ဓမြတ်စွာ၏သာသနာတွင် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓဟု သုံးဆင့်ပြ၏။ ပရိယတ္တိအလုပ်ဟူသည် မြတ်ဗုဒ္ဓ၏တရားတော်များကို သင်ယူခြင်းဖြစ်၏။ ပဋိပတ္တိအလုပ်ဟူသည် မြတ်ဗုဒ္ဓ၏တရားတော်များအတိုင်း ကျင့်ကြံခြင်းဖြစ်၏။ ပဋိဝေဓဟူသည် ကျင့်ကြံခြင်းကြောင့် ရရှိအပ်သော ငြိမ်းအေးချမ်းသာမှုဖြစ်၏။

ပရိယတ္တိမှန်မှ ပဋိပတ္တိမှန်မည်။ ပဋိပတ္တိမှန်မှ ပဋိဝေဓမှန်မည်ဟုလည်း ဆရာအရှင်တို့ မိန့်ဆိုကြကုန်၏။

မြတ်ဗုဒ္ဓ၏တရားတော်များကို သင်ယူခြင်းဟူသော ပရိယတ္တိအလုပ်တွင် နည်းလမ်းအမျိုးမျိုး ရှိနိုင်သည်။ နှုတ်တိုက်ချပေးသည်ကို နားထောင်မှတ်သားခြင်း၊ လိုက်ဆိုကျက်မှတ်ခြင်းများဖြစ်နိုင်သလို စာပေအက္ခရာများဖြင့် ရေးသားကျက်မှတ်ခြင်းမျိုးလည်း ဖြစ်နိုင်သည်။ မည်သည့်နည်းလမ်းကို ကျင့်သုံးသည်ဖြစ်စေ တရားတော်များကို သင်ယူသောအခါ သိရှိမှတ်မိနေဖို့သာ လိုရင်းဖြစ်သည်။

သာသနာခေတ်ဦးပိုင်းတွင် သဒ္ဓါတရားထက်သန်၍ မှတ်ဉာဏ်လည်းကောင်းကြသဖြင့် နှုတ်တိုက်သင်ယူခဲ့ကြ၏။ နောက်





ပိုင်းတွင်မူ သဒ္ဓါတရားလျော့ပါးလာပြီး မှတ်ဉာဏ်လည်း အားနည်းလာခဲ့ရာ ပေထက်အက္ခရာတင်၍ ပိဋကတ်တော်များကို ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြရသည်ဟု ဆိုပါသည်။ သင်္ဂါယနာတင်ပွဲသမိုင်းကြောင်းများကို လေ့လာရာတွင် ရှေ့ပိုင်းသင်္ဂါယနာတင်ပွဲများ၌ နှုတ်ဖြင့်သာ မှတ်တမ်းတင်ခဲ့ကြ၏။ နောက်ပိုင်းသင်္ဂါယနာတင်ပွဲများဖြင့် နှုတ်ဖြင့်သာမက ပေထက်အက္ခရာ၊ ကျောက်ထက်အက္ခရာ၊ ပုံနှိပ်အက္ခရာများဖြင့်လည်း မှတ်တမ်းတင်ခဲ့ကြ၏။

သင်္ဂါယနာတင်ပွဲ၏ တစ်ခုတည်းသောဦးတည်ချက်မှာမူ မြတ်ဗုဒ္ဓ၏တရားစစ်တရားမှန်များကို မပျောက်မပျက်စေရန်ပင်ဖြစ်ပေသည်။ ပရိယတ္တိသည် သာသနာ၏ရေသောက်မြစ်ဖြစ်ခြင်းကြောင့်ဖြစ်၏။

သာသနာသုံးဖြာကို ဆရာအရှင်မြတ်ကို ဥပမာပေးခဲ့ကြပါသည်။ ပရိယတ္တိတည်းဟူသော တရားတော်သင်ယူခြင်းသည် ကန်ပေါင်နှင့်တူ၏။ ပဋိပတ္တိတည်းဟူသော တရားတော်ကျင့်ကြံခြင်းသည် ရေနှင့်တူ၏။ ပဋိဝေဓတည်းဟူသော တရားတော်ရလဒ်သည် ကြာနှင့်တူ၏။ ကန်ပေါင်မရှိလျှင် ရေမရှိနိုင်။ ရေမရှိလျှင် ကြာမရှိနိုင်။ ပရိယတ္တိမရှိလျှင် ပဋိပတ္တိ မရှိနိုင်။ ပဋိပတ္တိမရှိလျှင် ပဋိဝေဓ မရှိနိုင်ပေ။

ထို့ကြောင့် စာပေကို ပရိယတ္တိဟု ယူဆပါမူ စာတတ်မှ တရားရနိုင်သည်ဟု သဘောပေါက်သင့်သည်။ စွန်းလွန်းဂူဆရာတော်သည် လယ်တီဆရာတော်၏တရားပွဲကို နာယူရာမှ အာနာပါန ထွက်လေဝင်လေကို မှတည်၍တရားရှုမှတ်ပုံကို သင်ယူမှတ်သားခဲ့၏။ စာပေဖြင့် ရေးသားကျက်မှတ်ခဲ့ခြင်း မရှိစေကာမူ စိတ်ထဲ၌ မှတ်သားသင်ယူနိုင်ခဲ့ရာ ထိုသို့သင်ယူနိုင်ခဲ့ခြင်းကိုပင် စာတတ်ခြင်း(ဝါ) ပရိယတ္တိအလုပ်ကို လုပ်ခဲ့ခြင်းဟု သဘောပေါက်ရပါမည်။

ပရိယတ္တိကို သုံးပိုင်းခွဲခြားထားရာ သုတ္တန်ကို နည်းလမ်းများဟုလည်းကောင်း၊ ဝိနည်းကို စည်းကမ်းများဟုလည်းကောင်း ဝိနည်းကို စည်းကမ်းများဟုလည်းကောင်း၊ အဘိဓမ္မာကို သဘောတရားများဟုလည်းကောင်း သီတဂူဆရာတော် အရှင်ဉာဏိဿရက အများနားလည်အောင် ဘာသာပြန်ပေးခဲ့ဖူး၏။

မြတ်ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်က လူတို့အား အများဆုံးဟောခဲ့ဖူးသော တရားတော်မှာ သုတ္တန်တရားတော်ဟု သိရပါသည်။ သတ္တဝါတစ်ဦးချင်းစီ၏ဝါသနာ၊ စရိုက်၊ အဇ္ဈာသယ၊ ပါရမီ အနုအရင့်တို့ကို မြတ်ဗုဒ္ဓက သိမြင်တော်မူသဖြင့် တရားတစ်ပုဒ်၊ တစ်ဂါထာမျှ သင်ပေး၍ ကျင့်ခိုင်းရုံဖြင့် အရိယာသူတော်စင်များ





အဖြစ်သို့ ရောက်ခဲ့ကြ၏။ သံသရာဝဋ်ဆင်းရဲမှ လွတ်ခဲ့ကြ၏။ လယ်တီဆရာတော်၏တရားကို နာကြားမှတ်သား၍ ကျင့်ကြံရုံဖြင့် တရားရသည်ဟူသော စွန်းလွန်းဂူဆရာတော်အဖြစ်မှာလည်း အထက်ပါသာဓကများကို ထောက်ရှု၍ ဖြစ်နိုင်သည်ဟု သဘောပေါက်ရပါမည်။

စွန်းလွန်းဂူဆရာတော်ကြီးသည် ပါဠိပါဌ်သားများကို ရွတ်ဆိုဟောကြားခြင်းမပြုစေကာမူ မြန်မာစကားသက်သက်ဖြင့် ဟောကြားလိုက်သော တရားများမှာ ပိဋကတ်ကျမ်းဂန်လာအဓိပ္ပာယ်များနှင့် တူညီရုံမက ဥပမာသာဓကများမှာပို၍ပင် ပြောင်မြောက်နေကြောင်း မှတ်မိလွယ်ကြောင်းလည်း တွေ့ရပါသည်။

တစ်ရံတစ်ခါတွင် ရေတွင်းအနီး၌ အမျိုးသမီးနှစ်ဦး စကားများရန်ဖြစ်ကြရာ ညစ်ညမ်းစွာ ဆဲဆိုရေရွတ်ရုံမက၊ လုံးထွေးသတ်ပုတ်သောအဆင့်အထိပင် ရောက်ကြလေသတဲ့။ စွန်းလွန်းဂူဆရာတော်က ဤသို့မိန့်၏။ (ဒေါသက နှိပ်စက်လို့ သူတို့ခမြာ ပင်ပန်းဆင်းရဲနေလိုက်ကြတာ။ သနားစရာပဲကွယ့်။ ကျက်သရေခန်းထဲက ငှက်ပျောသီးတွေယူပြီး သွားပေးလိုက်ကြ။ အမောပြေ စားကြပါလို့ပြော။ ပြီးတော့မှ ဒေါသခိုင်းတဲ့အတိုင်း ဆက်ပြီးရန်ဖြစ်ချင်ဖြစ်ကြပါလို့ပြော။)

ဆောင်းပါးအစပိုင်းတွင် စာပေအက္ခရာဖြင့် ပစ္စည်း ၁၀ မျိုးဝယ်ရန် စာရင်းမှတ်သူအကြောင်း ဖော်ပြခဲ့၏။ စာပေအက္ခရာ တတ်မြောက်သဖြင့် လွယ်ကူသည်မှာ အမှန်ပင်ဖြစ်၏။ သို့သော် စာရင်းစာရွက်ပျောက်သွားလျှင် ဒုက္ခရောက်ပေမည်။ ထို့ကြောင့် ဦးနှောက်ဖြင့် လည်း ပူးတွဲမှတ်သားသင့်သည်သာတည်း။ စာပေ အက္ခရာမတတ်သူက ဦးနှောက်ဖြင့် မှတ်သားထားရာ လူ့သဘာဝ အရ မေ့ပျောက်တတ်သည်ကိုလည်း သတိထားသင့်၏။ လွယ်ကူ စေသော စာပေအက္ခရာအတတ်ကို အခြေအနေပေးက သင်ယူ လေ့လာသင့်သည်သာတည်း။

စွန်းလွန်းဂူဆရာတော်ကြီးသည် ပရိယတ္တိသင်ယူပြီးမှ ပဋိပတ္တိသို့ ကူးရောက်ခဲ့သည်ကား ငြင်းချက်ထုတ်ဖွယ်မရှိပါပေ။

ပိဋကတ်သုံးပုံဆောင်ပုဂ္ဂိုလ်တို့၏ တာဝန်မှာ တရားတော် များအားလုံးကို သင်ယူထိန်းသိမ်းစောင့်ရှောက်ဖြန့်ဝေရန် ဖြစ်ပေ သည်။ တရားကျင့်ကြံလိုသူတစ်ဦးချင်းစီ၏ တာဝန်မှာမူ မိမိတို့နှင့် သင့်တော်သော နည်းကောင်းလမ်းကောင်းတစ်ခုကို ရွေးချယ်၍ တစိုက်မတ်မတ်ကျင့်ကြံကြိုးကုတ်အားထုတ်ကြရန်ဖြစ်ပေသည်။

စောင်းတန်းလေးသွယ်ရှိသော စေတီတော်တွင် ဂေါပက အဖွဲ့၏တာဝန်မှာ မည်သည့်အရပ်မှတက်လျှင် မည်သည့် စောင်း





တန်းသည် အနီးဆုံးစသဖြင့် စောင်းတန်းအားလုံး၏ အကြောင်းကို နံ့နံ့စပ်စပ်သိရှိ၍ ဘုရားဖူးများအား ညွှန်ပြနိုင်ရေးဖြစ်ပါသည်။ ဘုရားဖူး၏တာဝန်မှာမူ စောင်းတန်းအားလုံး၏ အကြောင်းကို သိရှိရန်မလို။ အနီးဆုံးစောင်းတန်းတစ်ခုတည်းကိုသာ မှတ်သားပြီး လှံ့လစိုက်၍ တက်ရောက်ဖူးမြော်နိုင်ဖို့ဖြစ်သည်။ မိမိတတ်သော စောင်းတန်းကသာ မှန်သည်ဟု စိတ်စွဲမနေသင့်။ မည်သည့် စောင်းတန်းကတက်တက် ဘုရားပေါ်သို့ရောက်နိုင်သည်ဟု သဘောပေါက်ရမည်။ ကမ္ဘဋ္ဌာန်းဆရာကြီး ဦးသန်း ဆုံးမခဲ့သော ဥပမာဖြစ်ပါသည်။

စာရေးသူ၏ သူငယ်ချင်းကိုသက်နိုင်ဝင်း၏ ယောက္ခမမှာ မြန်မာစာရေးတတ်ဖတ်တတ်သူမဟုတ်ပါ။ သို့သော် ကုန်စုံဆိုင်နှင့် ရွှေဆိုင်ကို ဖွင့်ထားသူဖြစ်သည်။ စာရွက်ပေါ် ချတွက်သူထက်ပင် မြန်နေသေး။ မှန်နေသေးသည်။ ကဏန်းပေါင်းစက်ဖြင့်တွက်သူ ကိုတော့ မယှဉ်နိုင်ပေ။ လောကနီတိတွင် ကျမ်းဂန်၌ရှိသောစာ သည် တကယ်အရေးကြုံသောအခါ အသုံးမဝင်ကြောင်း၊ မိမိဦး နှောက်၌ရှိသော စာကသာ အသုံးဝင်ကြောင်း ဖော်ပြချက်များ ရှိသည်။

ပိဋကတ်သုံးပုံဆောင် ဆရာတော်ကြီးများကို ကြည်ညို

ပူဇော်၍ မဝနိုင်အောင် ဖြစ်ရသလို ပိဋကတ်သုံးပုံပါ တရားနည်းလမ်းတစ်ခုတည်းကို ပေါက်ပေါက်မြောက်မြောက်သင်ယူကာ ကျင့်ကြံခံစားခဲ့သော စွန်းလွန်းဂူဆရာတော်လို ပုဂ္ဂိုလ်ထူးများကိုလည်း ကြည်ညိုပူဇော်၍ မဝနိုင်အောင် ဖြစ်ရပါသည်။



# စနေမောင်မောင်နှင့် ဘိုးတော်ပြိုင်ပွဲ သံတူကြောင်းကွဲပြဿနာ

စာရေးသူ၏ ဓမ္မမိတ်ဆွေတစ်ဦးက ဤသို့ဆိုပါ၏။ ၂၀၁၃ ခုနှစ် ဩဂုတ်လထုတ် ချင်းရောင်ခြည်ဗုဒ္ဓဓမ္မမဂ္ဂဇင်းမှာ ကိုကြီးကောင်း(နတ်မတောင်)ရေးတဲ့ ဇာတိနတ်မတောင်ရွာနှင့် ခန်းပူရှိဆိုတဲ့ ဆောင်းပါးကိုဖတ်ရပါတယ်။ ရည်ရွယ်ချက်က အင်မတန်မှပဲ .ကောင်းမွန်မြင့်မြတ်ပါတယ်။ လိုရင်းကို ထိမိအောင်လည်း ရေးထားပါတယ်။ အဲဒီမှာ(နတ်မတောင်နယ်)ချိုးချင်းစကား "ဒီုအတွီးပျှန်း"ဆိုတာ နတ်ကဖန်ဆင်းခြင်းတဲ့။

လူနတ်သတ္တဝါ တောတောင်ရေမြေအားလုံးကို ရောမတန်ခိုးရှင်နတ်မင်းကြီးက ဖန်ဆင်းတယ်လို့ ယုံကြည်ခြင်းဖြစ်ပါတယ်)စသည်ဖြင့် ရေးသားထားပါတယ်။ ဆရာဆလိုင်းရွှေလင်း

မမွရံသီမဂ္ဂဇင်းမှာ ပျူလူမျိုး၊ ချင်းလူမျိုးနှင့် ဗုဒ္ဓသာသနာတော် ဆိုပြီး ဆောင်းပါးတွဲများကို အလျဉ်းသင့်သလို ရေးသားနေတယ်။ “ခန်းဘူးဟူး”လို့ခေါ်တဲ့ မိုးကောင်းကင်က အဘိုးကို ဖန်ဆင်းရှင် အဖြစ်သာ ယုံကြည်ကြကြောင်း ဖော်ပြထားပါတယ်။ ကိုကြီး ကောင်းရော၊ ဆလိုင်းရွှေလင်းပါ ဗုဒ္ဓဘာသာဝင် ချင်းလူမျိုးများ ဖြစ်ရုံမက ဗုဒ္ဓသာသနာထွန်းကားရေးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိ သရွေ့ ဆောင်ရွက်နေကြတာလည်း တူတယ်။ ထိုသို့တူပါလျက် တစ်ဦးက ချင်းရိုးရာအယူအဆအရ “ခန်းဘူရှိ”က ဖန်ဆင်းရှင် လို့ ယူဆခဲ့ကြကြောင်း ရေးတယ်။ အခြားတစ်ဦးက တန်ခိုးရှင်လို့ သာ ယူဆခဲ့ကြကြောင်း ရေးတယ်။ ဘယ်လိုဖြစ်ပြီး ဒီလိုကွဲပြား နေတာလဲ။ ဘာသာခြားတွေ လေ့လာသူတွေအဖို့ ရယ်ဖွယ်လိလိ ဖြစ်မနေဘူးလား။

ထိုမမွမိတ်ဆွေအား ပြန်လည်ရှင်းပြခဲ့သော အချက်များ ကို စာရှုသူတို့ထံ ဤစာဖြင့် ဝေမျှလိုက်ရပါသည်။

ချင်းတို့တွင် စာပေမရှိခဲ့ပေ။ (စာပေရှိခဲ့နိုင်သော်လည်း တိမ်မြုပ်ပျောက်ကွယ်သွားခြင်းဖြစ်နိုင်ကြောင်း အချို့ကယူဆ၏) စာပေမရှိခဲ့ရုံမျှမက ဒေသန္တရစကားများလည်း အမျိုးမျိုးကွဲပြား သည်။ မြန်မာမှု၌ “တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း”





သည်ဟု ဆိုရိုးရှိသည်။ ချင်းလူမျိုးများ၌လည်း ချောင်းတစ်ချောင်း ခြားလျှင်(သို့မဟုတ်) တောင်တစ်လုံးကွယ်လျှင် စကားအသုံးအနှုန်း ကွဲသွားခြင်း၊ ရာဇဝင်နှုတ် သမိုင်းပြောင်းသွားခြင်းများ ကေန်မုချ ရှိနေ၏။ စာပေမှတ်တမ်း အခိုင်အမာရှိနေသော လူမျိုးများသည် ပင် အာစရိယဝါဒ(ဆရာသမားချင်းအယူအဆ)မတူညီသဖြင့် ဆွေးနွေးငြင်းခုန်ရသောအဖြစ်များစွာရှိနေ၏။ စာပေမှတ်တမ်းမရှိ သော ချင်းလူမျိုးများအဖို့ကား အဘယ်မှာဆိုဖွယ်ရာ ရှိတော့အံ့ နည်း။

ထို့ကြောင့် ပထမအချက်အနေဖြင့် မျိုးနွယ်စုများကြား၌ ရိုးရာအယူအဆများ၊ နှုတ်ငြံပြောသမိုင်းများ၊ ပုံပြင်ဒဏ္ဍာရီများသည် သိသိသာသာဖြစ်စေ၊ မသိမသာဖြစ်စေ ကွဲပြားခြားနားသည်ဟူ သော အချက်ကို လက်ခံရမည်သာ ဖြစ်သည်။ ယခုအခါ ခေတ် စားနေသော စကားရှိ၏။ မတူကွဲပြားမှုကို သဘောတူလက်ခံခြင်း (Agree to Disagree)ပင်ဖြစ်သည်။

ကိုကြီးကောင်း၏ဇာတိရွာနှင့် ဆလိုင်းရွှေလင်း၏ ဇာတိ ရွာသည် ချောင်းကြီးတစ်ချောင်းသာ ခြားသော်လည်း ရွာသားများ ပြောဆိုသော စကားမှာ လေယူလေသိမ်း အနည်းငယ်ကွဲပြားကြ ၏။ သားပေးသမီးယူ အဆက်အဆံရှိလာသည်မှာလည်း များစွာ

မကြာမြင့်သေးပေ။ စာရေးသူ ဆလိုင်းရွှေလင်း၏ အမဒေါ်တီး သာလိန်းက စာရေးသူကို ပြောဖူး၏။

“တို့မိဘဘိုးဘွားတွေရဲ့ နှုတ်ပြောသမိုင်းတွေ၊ ပုံပြင်တွေ ဒဏ္ဍာရီတွေဟာ လှလောင်းပန်းဖက်က နှုတ်ပြောသမိုင်းတွေနဲ့ နည်းနည်းကွဲပြားတယ်။ တစ်ခါတစ်လေ ပြောရင်းဆိုရင်းနဲ့ ကိုယ်ပြောတာပဲ မှန်တယ်ဆိုပြီး ငြင်းခုန်ရတာအမောပဲ။ ငယ်ငယ်တုန်းကတော့ သိမှမသိတာ။ တို့က မိုးကောင်းကင်ကအဘိုးကို “ခန်းဘူ ဟူး”လို့ခေါ်တယ်။ သူတို့က “ခန်းဘူရှိ”လို့ ခေါ်တယ်။ ဒါမျိုးက အစပေါ့”

အရှေ့အရပ်မှ လာသူဖြစ်စေ၊ အနောက်အရပ်မှ လာသူဖြစ်စေ သားရဲတိရစ္ဆာန်ပေါသောနေရာကို အလိုမရှိ။ ခိုင်ခံ့လုံခြုံသောနေရာကိုသာ အလိုရှိသကဲ့သို့ မည်သို့သော ရိုးရာအယူအဆဖြင့် ကြီးပြင်းလာသူဖြစ်စေ ကိလေသာရန်သူဆိုးများကို သိဖို့လို၏။ ဘေးကင်းစေနိုင်သော ဗုဒ္ဓတရားများကို သင်ယူကျင့်ကြံ သဘောပေါက်ဖို့သာ လိုရင်းဖြစ်ပေသည်။

ကိုကြီးကောင်းရော ဆလိုင်းရွှေလင်းပါ ဗုဒ္ဓတရားတော်၏ အမြိုက်အရသာကို ခံစားသိမြင်ဖို့သာ လိုရင်းဖြစ်ပေသည်။

စာရေးသူသည် ပျူလူမျိုး၊ ချင်းလူမျိုးနှင့် ဗုဒ္ဓသာသနာ





ဆိုသော ဆောင်းပါးတွဲများကို ရေးသားရာ၌ အဓိကရည်ရွယ်ချက်မှာ ဘာသာခြားအချို့၏ လှည့်ကွက်များကို သတိပြုစေလိုခြင်းဖြစ်သည်။

ဘာသာခြားအချို့သည် သူတို့ဘာသာပြန့်ပွားရေးကို အားထုတ်ကြရာ၌ လူမျိုးရေး၊ နိုင်ငံရေးတို့ကိုပါ အသုံးချလေ့ရှိကြောင်း တွေ့ရသည်။

ဥပမာ - ချင်းတို့၏ ရိုးရာဓလေ့အရ ဖန်ဆင်းရှင်ရှိကြောင်း၊ သူတို့ကိုးကွယ်သော ဖန်ဆင်းရှင်နှင့်တူကြောင်း၊ သူတို့ကိုးကွယ်သော ဖန်ဆင်းရှင်နှင့်တူကြောင်း ဘွဲ့ယူကျမ်းများ၊ စာတမ်းများ၊ ဟောပြောပို့ချမှုများ၌ ရွှန်းရွှန်းဝေအောင် ထည့်သွင်းလေ့ရှိကြသည်။ လိုရာဆွဲ၍ သာသာထိုးထိုးပြောကြခြင်းမျိုးလည်း ရှိသည်။ သို့သော် သူတို့ဖော်ပြခြင်းမပြုသော တွေးခေါ်ယူဆပုံများ၊ ရိုးရာအယူအဆများ၊ ကျင့်သုံးဆောင်ရွက်မှုများလည်း ရှိသေးကြောင်း၊ အချို့သော အချက်အလက်၊ အခြားသောရှုထောင့်လည်း ရှိသေးကြောင်း၊ နှံ့နှံ့စပ်စပ်လေ့လာ၍ ဆင်ဆင်ခြင်ခြင်သုံးသပ်ရန် လိုကြောင်း သိစေလိုခြင်းဖြစ်သည်။

လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်ရှိသော်လည်း လွတ်လပ်စွာ လှည့်စားအယုံသွင်းခွင့် မရှိကြောင်း သိစေလိုသည်။ ■

ချင်း၏ ဗုဒ္ဓဆောင်းပါးတွဲများကို ရေးသားရာ၌ အထောက်အထား အကိုးအကားများကို ခိုင်မာအောင် အတတ်နိုင်ဆုံး ကြိုးစားထားသည်။ လူပုဂ္ဂိုလ်အနေဖြင့် စာရေးသူ၏မိခင်ကြီး အသံ သွင်းပေးထားခဲ့သော ချင်းပုံပြင်နှင့် နှုတ်ပြောရာဇဝင်များက များစွာ အထောက်အကူဖြစ်သည်။

ချင်း၊ ဗမာ၊ အင်္ဂလိပ် ထိုသုံးမျိုးနှံ့စပ်သော ဆရာဆလိုင်းဟန်လင်း(၁၉၈၀ ဝန်းကျင်တွင် ရန်ကုန်တက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့(သမိုင်း) ရရှိသူ)ကလည်း များစွာအထောက်အကူဖြစ်သည်။ သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်း၏ ဆောင်းပါးများကလည်း များစွာ အထောက်အကူဖြစ်သည်။

စာရေးသူတို့ရွာတွင် မိုးကောင်းကင်အဘိုး"ခန်းဘူဟူး" ကို ဖန်ဆင်းရှင်အဖြစ် ယုံကြည်သူ အမျိုးသမီးတစ်ဦးရှိ၏။ တစ်နေ့တွင် သူမကို မတရားလုပ်သွားသောကိစ္စနှင့် စပ်လျဉ်း၍ မခံမရပ်နိုင်ဖြစ်ကာ အိမ်အပြင်သို့ထွက်လာပြီး မိုးကောင်းကင်ထက် မော့ကြည့်၏။ ရင်ဘတ်ထု၍ ဤသို့အော်ငို၏။

"ခန်းဘူဟူးဝိုး ယူးကုံးတူလို့ မုလို့တူဝါး"

"မိုးကောင်းကင်က အဘိုးရေ ဆင်းသက်လာပြီး ကြည့်ပါလှည့်"ဟုဆိုလိုသည်။ သူမ ဆက်ပြောသည်ကား မတရားသောအမှု





ကို တရားအောင် စီရင်ဆုံးဖြတ်ပေးပါ။ အပြစ်ရှိသူကို ဒဏ်ခတ်ပါ ဟူ၏။ သူမသည် "ခန်းဘူဟူး"ကို တရားစီရင်နိုင်သော အာဏာရှိသူအဖြစ် အားကိုးခြင်းဖြစ်သည်။

ထိုအချက်သည် တရားအတိုင်း လိုက်နာကျင့်ကြံခြင်း၊ မှန်ကန်မျှတခြင်းကို "ခန်းဘူဟူး"က လိုလားကြောင်း၊ မှန်ကန်မျှတမှုကို အလိုရှိသူတို့ကသာ "ခန်းဘူဟူး"ကို လိုးလားတောင့်တကြကြောင်း ပေါ်လွင်စေသည်။ မှန်ကန်မျှတဖို့ လိုက်နာကျင့်ကြံရသော အနှစ်သာရသည် ဗုဒ္ဓတရားတော်၌သာ ရှိသောတရားဖြစ်သည်။ ဖန်ဆင်းရှင်ဟု ယုံကြည်သူအချို့ပင် တရားအတိုင်းကျင့်ကြံဖို့သာ လိုရင်းပြသော အတွေးအခေါ်ဖြစ်သည်။

ဘာသာခြားတို့ကမူ (တစ်)ဖန်ဆင်းရှင်က ဖန်ဆင်းသည်ကို ယုံခြင်း (နှစ်) မိမိအပြစ်ကို ဝန်ချတောင်းပန်၍ အားကိုးဆုတောင်းနေခြင်း ထို နှစ်ချက်သာ အဓိကထား၏။ အကျင့်အားဖြင့် ကောင်းကင်ဘုံသို့ မရောက်နိုင်ဟု အတိအလင်းဖော်ပြထားပေရာ တရားအတိုင်း ကျင့်ကြံနေထိုင်မှုကို အဓိကထားသော ခန်းဘူဟူးအယူအဆနှင့် လားလားမျှ မတူကြောင်း သတိပြုအပ်၏။ ချင်းတို့၏ ရိုးရာအယူအဆကို အပေါ်ယံရှုပ်၍ မလေ့လာဘဲ အတွင်းကျကျ လိုရင်းမိမိလေ့လာသိရှိရန် လိုအပ်ပေသည်။

ဤစာကိုရေးရင်း စနေမောင်မောင်နှင့် ဘိုးတော်တစ်ဦးတို့ တန်ခိုးပြိုင်ကြပုံကို သတိရလာသည်။ မင်းသိခ်၏ စနေမောင်မောင်ဝတ္ထုကို စာရေးသူ အထူးနှစ်ခြိုက်မိ၏။

စနေမောင်မောင်နှင့် ဘိုးတော်တစ်ဦးတို့သည် ရန်ကုန်မှ မန္တလေးသို့သွားကြသည်။ ဦးစွာရောက်သူက အနိုင်ဖြစ်သည်။ စနေမောင်မောင်က ရထားဖြင့်သွားရာ မန္တလေးသို့ရောက်သောအခါ၊ သူ့ထက်နာရီများစွာစော၍ ရောက်နေသော ဘိုးတော်ကို တွေ့ရသည်။ ဘိုးတော်က မြေလျှိုးမိုးပျံ၍ ရောက်နေသလားဟု ထင်ကြ၏။ အားလုံးက ဘိုးတော်ကိုအနိုင်ပေးတော့မည်။ စနေမောင်မောင်က အကြံပြုသည်။ သူနှင့်ဘိုးတော် တံခါးပိတ်၍ တန်ခိုးထပ်ပြိုင်မည် ရှိခိုးခံရသူက အနိုင်ဖြစ်မည်။

တံခါးလည်းဖွင့်လိုက်ရော ဘိုးတော်က စနေမောင်မောင်၏ ခြေထောက်ကို ဦးခေါင်းဖြင့်ထိ၍ ရှိခိုးနေသည်။ စနေမောင်မောင်ကတော့ မိန့်မိန့်ကြီးပြုံးလို့။ ဘိုးတော်က တန်ခိုးကြီးလှသော စနေမောင်မောင်ကို ကြောက်လှပါကြောင်း၊ နောက်နောင်မယှဉ်ပြိုင်ဝံ့တော့ပါကြောင်း ပြောနေသည်။

အဖြစ်မှန်က ဘိုးတော်မှာ ရုပ်ချင်းတူလှသော အမွှာညီရှိသည်။ သူ့ညီက မန္တလေးမှာနေ၍ အဆင်သင့်စောင့်နေခြင်းဖြစ်





သည်။ စနေမောင်မောင်က ခြေသန်းပုံစံမတူတာကို သတိပြုမိရာမှ သိသွားခြင်းဖြစ်သည်။ အခန်းထဲနှစ်ဦးသား ရောက်သောအခါ စနေမောင်မောင်က "မင်းတို့အမွှာညီအစ်ကိုတွေ လိမ်စားနေတာငါသိတယ်။ ငါ့ကိုမရှိခိုးရင် မင်းတို့အကြောင်း ဖော်လိုက်မယ်"ဟု ပြောသည်။

အသင် စာဖတ်သူ ရုပ်ချင်းတူလှပေမယ့် လူမတူတာကို သိနိုင်သည်။ သဘောတရားကိစ္စမှာလည်း သံတူကြောင်းကွဲရှိပါသည်။

ချင်းရောင်ခြည်၊ ဇန်နဝါရီ ၂၀၁၄

# အရှိချင်း ဓမ္မပဒဘာသာပြန် ကုသိုလ်တော်မှတ်တမ်း

ချင်းဗုဒ္ဓသာသနာ့ပါလကအဖွဲ့၏ စီစဉ်မှုဖြင့် အရှိုချင်း၊ မြန်မာ၊ အင်္ဂလိပ် သုံးဘာသာစာအုပ်ကို ၂၀၁၄ ဇန်နဝါရီလတွင် အုပ်ရေ ၃၀၀၀ ထုတ်ဝေနိုင်ခဲ့သည်။သဒ္ဓမ္မဇောတိကဓဇ မိုင်းဖုန်းဆရာတော် ဘဒ္ဒန္တဉာဏသံဝရ၏ ရွှေရတုဝိဇတမင်္ဂလာအထိမ်းအမှတ်အဖြစ် အောက်စဖို့ဒ်ဆရာတော် ဘဒ္ဒန္တဒေါက်တာဓမ္မသာမိနှင့် တပည့်ဒါယကာ+ဒါယိကာမအပေါင်း၏ ဓမ္မဒါန အမတကုသိုလ်တော်အဖြစ် လှူဒါန်းခြင်းဖြစ်သည်။ ထို့အပြင် ချင်းစာသင်တန်းနှင့် ဗုဒ္ဓဓမ္မသင်တန်းများတွင် အသုံးပြုနိုင်ရန် ပရိုဂျက်တာ တစ်စုံကိုလည်း လှူဒါန်းခဲ့ပါသည်။ ဘာသာပြန်ပေးသူ အရှင်နန္ဒမာလာအတွက် ဉာဏ်ပူဇော်ခကိုလည်း လှူဒါန်းသည်။ အရပ်ရပ်လှူဒါန်းငွေ ကျပ် ၁၈ သိန်း နီးပါးခန့်ရှိပါသည်။





ဓမ္မပဒဘာသာပြန်စာအုပ်တွင် ဒေါက်တာဓမ္မသာမိအရှင်မြတ်၏ အမှာစာပါရှိခဲ့ရာ အောက်ပါအတိုင်းဖြစ်သည်။ (အင်္ဂလိပ်ဘာသာမှ ပြန်ဆိုထားပါသည်)

* * * * *

မကြာမီက မမျှော်လင့်ဘဲ အီးမေးလ်တစ်စောင် ရရှိခဲ့ပါသည်။ ထိုမတိုင်မီကဆိုလျှင် မြတ်ဗုဒ္ဓရဲ့အလွန်အရေးပါလှသော အဆုံးအမဒေသနာတော်ဖြစ်တဲ့ ဓမ္မပဒကျမ်း ချင်းဘာသာဖြင့်ရှိနေသည်ကို အသာထား ချင်းလူမျိုးများ၏ ဗုဒ္ဓဘာသာဆိုင်ရာကြိုးပမ်းဆောင်ရွက်မှုများ ရှိနေခြင်းကိုပင် မသိရှိခဲ့ကြောင်း ဝန်ခံရပေမည်။

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်(ရန်ကုန်)၌ ချင်းရဟန်းတော်တစ်ပါးနှင့်တော့ ဆုံခဲ့ဖူးပါသည်။ စစ်ကိုင်းမြို့ သုဓောဓာရာမကျောင်းတိုက်တွင် ပရိယတ္တိစာပေများ သင်ကြားခဲ့ဖူးပြီး၊ ပါမောက္ခချုပ် ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသ၏ ပုဏ္ဏာသမဏလည်း ဖြစ်ပါသည်။

ယခင်က မိမိနဲ့လုံးဝမသိခဲ့ဖူးသူ ဆလိုင်းရွှေလင်းထံမှ အီးမေးလ်စာကို ဖတ်လိုက်ရသောအခါ ချင်းလူမျိုးဗုဒ္ဓဘာသာဝင်

များအတွင်း သာသနာတော်သန့်ရှင်းတည်တံ့ထွန်းကားစေရန် ရည်ရွယ်၍ ဖွဲ့စည်းထူထောင်ထားသော ချင်းဗုဒ္ဓသာသနာပါလက အဖွဲ့အကြောင်းကို သိရှိလာသည်။

မိမိဆရာသမားဖြစ်သူ မိုင်းဖုန်းဆရာတော်ဘုရား ဘဒ္ဒန္တ ဉာဏသံဝရ၏ သက်တော် ၅၀ ပြည့် ရွှေရတုမွေးနေ့အထိမ်းအမှတ်အဖြစ် ဘာသာပေါင်းများစွာဖြင့် ဓမ္မပဒဘာသာပြန်များ ထုတ်ဝေလှူဒါန်းရန် စီစဉ်အားထုတ်လျှက်ရှိပါသည်။

ချင်းစာတစ်မျိုးမျိုးဖြင့် ပြန်ဆိုထားသော ဓမ္မပဒဘာသာပြန်ရှိနေမလားဟု အမှန်တကယ် စိတ်ဝင်စားနေခဲ့ပါသည်။ စပိန်ဘာသာဖြင့် အုပ်ရေ၁၀၀၀(တစ်ထောင်)၊ ဆားဘီးယားဘာသာဖြင့် အုပ်ရေ ၁၀၀၀(တစ်ထောင်)၊ ချက်ဘာသာဖြင့် အုပ်ရေ ၂၀၀၀ (နှစ်ထောင်)၊ တရုတ်ဘာသာဖြင့် (တရုတ်-အင်္ဂလိပ် နှစ်ဘာသာတွဲ) အုပ်ရေ ၃၀၀၀(သုံးထောင်)၊ ပေါ်တူဂီဘာသာဖြင့် အုပ်ရေ ၁၀၀၀၀ (တစ်သောင်း)တို့ကို ထုတ်ဝေလှူဒါန်းခဲ့ပြီးဖြစ်သည်။ ထိုစာအုပ်များကို စပိန်နှင့်ပေါ်တူဂီ စကားများပြောဆိုသော လက်တင်အမေရိက၊ တောင်အမေရိက၊ အာဖရိကနှင့် တရုတ်ပြည်မကြီးတို့တွင် ဖြန့်ဝေလှူဒါန်းပါသည်။

မြန်မာနိုင်ငံရှိ တိုင်းရင်းသားမျိုးနွယ်အသီးသီးတို့၏ ဘာ





သာစကားများကို ပြန်ဆိုထုတ်ဝေလှူဒါန်းရန်လည်း အာရုံစိုက်ခဲ့ပါသည်။ ချင်းဘာသာပြန်ဓမ္မပဒကို အဆင်သင့်မရနိုင်ပါက တစ်စုံတစ်ဦးကို တာဝန်ယူပြန်ဆိုပေးဖို့ တိုက်တွန်းရန် မိမိစဉ်းစားခဲ့ပါသည်။ သို့သော် ချင်းရဟန်းတော်အရှင်နန္ဒမာလာသည် အရှိုချင်းစာဖြင့် ဓမ္မပဒဘာသာပြန်ကို ရေးသားပြန်ဆိုထားပြီးဖြစ်ကြောင်း၊ ပုံနှိပ်ထုတ်ဝေရန် လိုလားလျက်ရှိကြောင်း ဆလိုင်းရွှေလင်း၏ အီးမေးလ်စာမှတစ်ဆင့် သိရသောအခါ အလွန်အံ့ဩဝမ်းမြောက် ပီတိဖြစ်မိပါသည်။

မိုင်းဖုန်းဆရာတော်ရဲ့တပည့်သာဝကများအတွက် ဓမ္မပဒ (ချင်းဘာသာပြန်)တို့ ထုတ်ဝေလှူဒါန်းရန် အခွင့်ကောင်းရသဖြင့် အလွန်ဝမ်းမြောက်ရွှင်လန်းဖြစ်ရပါသည်။ ဤချင်းဘာသာပြန် ဓမ္မပဒသည် မြန်မာတိုင်းရင်းသားမျိုးနွယ်များ၏ ဘာသာစကားများတွင် မိမိတို့ပထမဦးဆုံး ထုတ်ဝေလှူဒါန်းသော ဘာသာစကား ဖြစ်ပေသည်။

သစ္စာလေးပါးမြတ်တရားကို ဆရာမလို ကိုယ်တော်တိုင် ထိုးထွင်းသိမြင်တော်မူသော မြတ်ဗုဒ္ဓ၏ ဉာဏ်ပညာရတနာများကို ပေါင်းရုံးသိမ်းဆည်းထားသော ကျမ်းစာမှာ ဓမ္မပဒပင်ဖြစ်ပါသည်။ အင်္ဂလိပ်ဘာသာသို့ အများဆုံးဘာသာပြန်ဆိုထားသော ကျမ်းစာ

လည်း ဖြစ်သည်။ အင်တာနက်ပေါ်၌ ဓမ္မပဒ အင်္ဂလိပ်ဘာသာပြန်များကိုမူ (Version)အမျိုးမျိုး အခမဲ့ ရရှိနိုင်ပါသည်။ ကမ္ဘာတွင် နာမည်ကျော်ကြားလှသော ပင်ကွင်း(Penguin)ပုံနှိပ်တိုက်နှင့် အောက်စ်ဖို့ဒ်တက္ကသိုလ် ပုံနှိပ်တိုက်တို့သည်လည်း ဓမ္မပဒကို ၎င်းတို့ကိုယ်ပိုင်မူဖြင့် အင်္ဂလိပ်လိုဘာသာပြန် ထုတ်ဝေထားကြပါသည်။ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် အစဉ်အလာကြီးမားသော ဗုဒ္ဓဘာသာနိုင်ငံများ၌ ဓမ္မပဒ၏ အရေးကြီးသော အခန်းကဏ္ဍကို ဖော်ပြလိုသောကြောင့် ဓမ္မပဒကို ပထမပြန်စာမေးပွဲများ၌ ပြဋ္ဌာန်းလာခဲ့သည်မှာ နှစ်ပေါင်းရာချီခဲ့ပေပြီ။

ဓမ္မပဒကို တရုတ်မဟာယာနဗုဒ္ဓဘာသာတွင် ပါဠိတော်မူထက် ပိုရှည်လျားသော အနည်းဆုံးမူကွဲ နှစ်ခုတွေ့နိုင်ပေသည်။ တိဗက်ဗုဒ္ဓဘာသာတွင်လည်း ထိုသို့ပင် ပါဠိတော်မူထက် ပိုရှည်လျားသော မူတစ်ခုရှိပေသည်။ သီရိလင်္ကာနှင့် အိန္ဒိယနိုင်ငံများရှိ အချို့သော နိုင်ငံရေးခေါင်းဆောင်များသည် ကုလသမဂ္ဂအထွေထွေညီလာခံများ၌ မိန့်ခွန်းပြောကြားရတွင် ပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးစိတ်ဓာတ်များအတွက် ဓမ္မပဒလာဂါထာအချို့ကို မကြာခဏ ကိုးကားကြသည်။ တွေးခေါ်မြော်မြင်သူများ၊ ခေါင်းဆောင်များ၊ အမှန်တရားရှာဖွေသူများ၊ ငြိမ်းချမ်းရေး





မြတ်နိုးသူများအပေါ် ဓမ္မပဒသည် လွန်စွာလွှမ်းမိုးကြောင်း သံသယဖြစ်ဖွယ်မရှိပေ။ ဓမ္မပဒဂါထာများသည် ဘာသာတစ်ခုခုကို ကိုးကွယ်သူများသာမက ဘာသာမဲ့များအတွက်ပါ အကျိုးရှိပါသည်။

ဆရာသမားဖြစ်သူ မိုင်းဖုန်းဆရာတော်ဘုရား ဘဒ္ဒန္တဉာဏသံဝရနှင့် ကမ္ဘာတစ်ဝှမ်းရှိ ဆရာတော်ဘုရား၏ တပည့်သာဝကများအားလုံးတို့၏ကိုယ်စား တန်ဖိုးမြင့်မားလှသော ဓမ္မပဒပါဠိတော်ကို ချင်းဘာသာသို့ ပြန်ဆိုပေးသော ချင်းရဟန်းတော် အရှင်နန္ဒမာလာနှင့် ထုတ်ဝေလှူဒါန်းနိုင်ရန် ထိရောက်သောစီမံခန့်ခွဲမှုအတွက် ဆလိုင်းရွှေလင်းတို့ကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

ဤကောင်းမှု၏အကျိုးအားကြောင့် မိုင်းဖုန်းဆရာတော်ဘုရားသည် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး ခန္ဓာ့ဝန် သာသနာ့ဝန်ကို လွယ်ကူစွာ ဆောင်ရွက်နိုင်ပါစေသတည်း။

ဓမ္မပဒတရားမြတ်သည် သတ္တဝါအားလုံးတို့၏ နှလုံးသားဝယ် သစ္စာမျိုးစေ့များ ပြုစုပျိုးထောင်ပေးပြီး ငြိမ်းချမ်းရေးစိတ်ဓာတ်များ အသက်သွင်းပေးပါစေသတည်း။

ဒေါက်တာအရှင်ဓမ္မသာမိ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဓမ္မာစရိယ(ရှမ်း/မြန်မာ) MA, Mphil(Kelaniya), DPhil (Oxford) Buddhist Chaplain ဗြိတိန်နိုင်ငံ၊ အောက်ဖို့ဒ်တက္ကသိုလ်ပါမောက္ခ။

ရန်ကုန်အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ အကျိုးတော်ဆောင်ချုပ်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်များအသင်းကြီး(IATBU)၌ သာသနာပြုတာဝန်များကို ထမ်းဆောင်လျက်ရှိသည်။

ထိုစာအုပ်တွင် ချင်းဗုဒ္ဓသာသနာပါလက အဖွဲ့၏ အမှာစာကို ဖော်ပြခဲ့ရာ အောက်ပါအတိုင်းဖြစ်သည်။

၁၂-၂-၂၀၁၂ (ပြည်ထောင်စုနေ့)တွင် အတည်ပြုဖွဲ့စည်းခဲ့သော ချင်းဗုဒ္ဓသာသနပါလကအဖွဲ့သည် လူမျိုးရေးအဖွဲ့အစည်းမဟုတ်၊ နိုင်ငံရေးအဖွဲ့အစည်းမဟုတ်၊ ဘာသာရေးအဖွဲ့အစည်းသာ ဖြစ်ပါသည်။

လိုအပ်ချက်အရ 'ချင်း'ဟူ၍ သုံးနှုန်းထားရသည့်တိုင်အောင်၊ အဖွဲ့၏လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာ၌ကား ချင်းဗုဒ္ဓဘာသာဝင်များနှင့်အတူ အခြားလူမျိုး ဗုဒ္ဓဘာသာဝင်များလည်း စွမ်းစွမ်းတမံပါဝင်လျက်ရှိကြပါသည်။

အဖွဲ့၏ဖွဲ့စည်းပုံစည်းမျဉ်းတွင် ရည်ရွယ်ချက် ငါးချက်ရှိရာ ပထမအချက်မှာ (ဗုဒ္ဓဘာသာဝင်ချင်းတိုင်းရင်းသားများသည် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိစ္စများ၌ အခြားသော သာသနာပြုအဖွဲ့များနှင့်အတူ စည်းလုံးညီညွတ်စွာ



ဆောင်ရွက်နိုင်ကြစေရန်)ဟူ၍ဖြစ်သည်။ အခြားသောသာသနာပြုအဖွဲ့များဟု ဆိုရာတွင် မြန်မာနိုင်ငံအတွင်းရှိ အဖွဲ့များအပါအဝင် ကမ္ဘာတစ်ဝှမ်းရှိ အဖွဲ့များအားလုံးကို ဆိုလိုပါသည်။

သဒ္ဓါတရားကြီးမားသော ရှမ်းတိုင်းရင်းသားများသည် ဗုဒ္ဓဘာသာကို အစဉ်အလာကြီးမားစွာ ဆည်းကပ်ကိုးကွယ်လာကြသူများဖြစ်ပါသည်။ ရှမ်းဆရာတော်များနှင့် တပည့်ဒါယကာများ၏ သာသနာပြုစွမ်းအားသည် ချင်းဆရာတော်များနှင့် တပည့်ဒကာများ၏ သာသနာပြုစွမ်းအားကို အားပေးပေါင်းစုံလာကြောင်း ဤဓမ္မပဒ(မြန်မာ-အရှိုချင်း-အင်္ဂလိပ်)စာအုပ်က အခိုင်အမာသက်သေခံလျက်ရှိပါသည်။

အိတာလျှံဘုန်းတော်ကြီး ဦးလောကနာထသည် လူ့ဘဝတုန်းက ဓမ္မပဒဘာသာပြန်တစ်ပိုဒ်ကို ဖတ်ရှုသဘောကြရာမှ ဗုဒ္ဓသားတော် ရဟန်းမြတ်ဖြစ်ခဲ့ကြောင်း သိရ၏။ "သိသူဖော်စား" ဆိုစကားအရ ငြိမ်းအေးချမ်းသာရေးအတွက် ဓမ္မပဒကို လေ့လာကျင့်ကြံရရှိခံစားကြပါကုန်။

ချင်းဗုဒ္ဓသာသနာပါလကအဖွဲ့
(၂၂-၁၀-၂၀၁၃)
ချင်းရောင်ခြည် မေ ၂၀၁၄

# ပါရမီဖြည့်ကြရာဝယ်

ဗုဒ္ဓဒေသနာတော်တွင် ကိုယ်တိုင်၊ တိုက်တွန်း၊ ချီးမွမ်း၊ စိတ်တူဟူ၍ ရှိ၏။ ကုသိုလ်အမှု၌ဖြစ်စေ၊ အကုသိုလ်အမှု၌ဖြစ်စေ ထိုလေးချက်ပါဝင်မှုကို လိုက်၍လည်းကောင်း၊ စေတနာထက်သန်မှု အနည်းအများကို လိုက်၍လည်းကောင်း၊ ကုသိုလ်အင်အား၊ အကုသိုလ်အင်အားကို ခန့်မှန်းကြရစမြဲဖြစ်ပါသည်။

ကုသိုလ်တရားများကို အနှစ်ချုပ်လိုက်လျှင် ဒါန၊ သီလ၊ ဘာဝနာဟု သုံးမျိုးတွေ့နိုင်သည်။ အကုသိုလ်တရားများကို အနှစ်ချုပ်လိုက်လျှင် လောဘ၊ ဒေါသ၊ မောဟ ဟု သုံးမျိုးတွေ့နိုင်သည်။

အကြင်သူသည် မိဘဆွေမျိုးတို့ကို သို့မဟုတ် မိတ်ဆွေ





သူငယ်ချင်းတို့ကို (သို့မဟုတ်) အိမ်ထောင်ဖက်ကို (သို့မဟုတ်) ဆရာသမားအကြီးအကဲတို့ကို အားနာ၍ဖြစ်စေ၊ သူတို့ကို အဆင်ပြေ ချမ်းသာ၍ဖြစ်စေ၊ သူတို့အလိုကျ ဆောင်ရွက်ခဲ့မှုများ ရှိနိုင်သည်။ ထိုဆောင်ရွက်မှုများသည် ကုသိုလ်လည်းဖြစ်နိုင်သည်။ အကုသိုလ်လည်း ဖြစ်နိုင်သည်။ အကုသိုလ်ဖြစ်နေပါမူ မိမိက စိတ်အားထက်သန်မှု နည်းလေ၊ ကောင်းလေဖြစ်၏။ ကုသိုလ်ဖြစ်နေပါမူ မိမိက စိတ်အားထန်သက်မှုများလေ၊ ကောင်းလေဖြစ်၏။

ကုသိုလ်ဖြစ်စေ၊ အကုသိုလ်ဖြစ်စေ ကိုယ်တိုင်ပြုခြင်း၊ ပြုရန် တိုက်တွန်းခြင်း၊ ပြုသူကို ချီးမွမ်းခြင်း၊ ပြုသူ၏ပြုလုပ်မှုကို စိတ်ထဲမှာ သဘောတူခြင်း ထိုလေးချက်သည် ကံမြောက်သည် ချည်းပင်ဖြစ်၏။ ကံမြောက်မှုချင်း တူစေကာမူ၊ စေတနာအင်အား အကြီးအသေးကိုလိုက်၍ ကံအင်အားကြီးမှု၊ သေးမှုများ ကွာခြားမည်ဖြစ်သည်။

လယ်သမားတစ်ဦး လယ်ထွန်နေစဉ် နိရောဓသမာပတ်ဝင်စားရာမှ နိုးထလာသော ရဟန္တာအရှင်မြတ်သည် ထိုလယ်သမားထံသို့ ဆွမ်းခံကြွလာ၏။ လယ်သမားသည် စားအုံ့ဆဲဆဲ ထမင်းလုတ်ကို အလွန်ကြီးမားသော သဒ္ဓါတရားဖြင့် ပေးလှူ၏။ လယ်သမားက ဝမ်းမြောက်ရွှင်လန်းစွာ ဇနီးမယားအား ပြောပြ

၏။ ဇနီးမယားကလည်း ထိုအလှူကို သဘောတူ ဝမ်းမြောက်ပြီး လျှင် သာဓုခေါ်၏။ မကြာမီ လယ်ထဲမှ ရွှေအိုးများပေါ်လာပြီး၊ ရှင်ဘုရင်အား ဆက်သရာ ရှင်ဘုရင်က ထိုလယ်သမားအား ရွှေအိုးများပြန်ပေး၍ သူဌေးဘွဲ့ပေး၏။ လယ်သမားဇနီးမောင်နှံလည်း ဥစ္စာစည်းစိမ်များကို အတူတကွ ခံစားကြရလေသည်။ အကယ်၍ လယ်သမား၏ ဇနီးသည် ခင်ပွန်းလင်၏ အလှူကို သဘောမတူ ခဲ့ပါမူ အကြောင်းအမျိုးမျိုးကြောင့် သူဌေးကတော်အဖြစ်မှ လွဲချော်မည်ဖြစ်သည်။ လင်၏ ကုသိုလ်ကို မယားက သဘောတူသဖြင့် မယားလည်း လင်၏ကုသိုလ်ကို ရ၏။

ဆွမ်းတစ်နပ်ကပ်ရုံဖြင့် သူဌေးကြီးချက်ချင်းဖြစ်နိုင်ပါ့ မလားဟု အချို့က သံသယဖြစ်ကောင်း ဖြစ်မိလိမ့်မည်။ ကျည်ဆံတစ်တောင့်ချင်းစီဖြင့် ပစ်ချင်းတူစေကာမူ ထိသူက ထိ၏။ လွဲသူက လွဲ၏။ ကျွမ်းကျင်မှု ကွာခြား၏။ အလှူရှင်တို့သည်လည်း စေတနာအကြီးအသေး ကွာခြားကြ၏။ အလွန်ကြီးမားသော သဒ္ဓါတရားသည် အလွန်ကြီးမားသော အကျိုးကို ပေးမည်ကား ယုံမှားဖွယ်မရှိပေ။

ဆက်၍ အတွေးဖြန့်ကျက်ကြည့်ပါ။ ကျည်ဆံတစ်တောင့်ဖြင့် ပစ်ချင်းတူ၍ ထိတာချင်းတူစေကာမူ သားကောင်းက မတူ





ပေ။ အချို့က ငှက်ကို ပစ်မိမည်၊ အချို့က ယုန်ကို ပစ်မိမည်၊ အချို့က တောဝက်ကို ပစ်မိမည်၊ အချို့က အလွန်ကြီးမားသော ပြောင်၊ စိုင်၊ ဆတ်၊ ဆင်တို့ကို ပစ်မိမည်။ အလားတူပင် အလှူခံပုဂ္ဂိုလ်၏ ဘဝပေးတန်ဖိုးက ကွာသည်။

တိရစ္ဆာန်လား၊ သီလမဲ့လူလား၊ သီလရှိသောလူလား၊ သီလမဲ့ရဟန်းလား၊ သီလဝန္တ သီလရှိသော ရဟန်းလား၊ အရိယာရဟန်းလား၊ ရဟန္တာလား စသဖြင့် ကွာသည်။ သီလရှိသော ပုထုဇဉ်ရဟန်းကို လှူခြင်းထက် ရဟန္တာအရှင်မြတ်ကို လှူခြင်းက အကျိုးကျေးဇူးကြီးမားမည်ကား မလွဲပေ။ ရဟန္တာအရှင်မြတ်ကို လှူခြင်းထက် သက်တော်ထင်ရှား မြတ်စွာဘုရားကို လှူခြင်း သို့မဟုတ် သက်တော်ထင်ရှား မြတ်စွာဘုရား မရှိစေကာမူ သက်တော်ထင်ရှားမြတ်စွာဘုရားကို ကြည်ညိုဘိသကဲ့သို့ အာရုံပြုပူဇော်လှူဒါန်းခြင်းသည် ပို၍ အကျိုးကျေးဇူး ကြီးမားပါသည်။

တစ်ဖန် အချိန်အခါကို ကြည့်ပါ။ လယ်သမားလှူချိန်၌ ရဟန်းသည် နိရောဓသမာပတ်မှ နိုးထလာကာစဖြစ်သည်။ ထို့ကြောင့် လှူသူကလည်း ရဟန္တာသုံးပါးကို အလွန်ယုံကြည်မြတ်နိုးသော သဒ္ဓါစိတ်ဖြင့် လှူခြင်း၊ အလှူခံပုဂ္ဂိုလ်ကလည်း ရဟန္တာဖြစ်ခြင်း၊ လှူချိန်ကလည်း နိရောဓသမာပတ်မှ နိုးထလာကာစဖြစ်

ခြင်း၊ ထိုအကြောင်းများကြောင့် ဒိဌဓမ္မဝေဒနီယကံက အကျိုး ပေးခွင့်သာ၍ ယခုဘဝ၌ပင် ချက်ခြင်းဆိုသလို သူဌေးကြီးဖြစ်သွား ရခြင်းဖြစ်သည်။

(မှတ်ချက်။ ။ ကျည်ဆံသုံး၍ အမဲပစ်ခြင်းသည် အကုသိုလ် အမှုကြီးဖြစ်သော်လည်း၊ ကုသိုလ်ရေးကိစ္စ အကျိုးပေးပုံ၌ ဥပမာ ပေးရခြင်းသာ ရလဒ်ကို ထင်သာမြင်သာဖြစ်စေရန် ရည်ရွယ်၏)

စာရေးသူ၏ အသိမိတ်ဆွေ ဇနီးမောင်နှံရှိ၏။ သူ့ခင်ပွန်း မှာ လုပ်ပိုင်ခွင့်ကြီးမား၍ လာဘ်ငွေ ရှင်လှ၏။ ငွေကြေးဥစ္စာများ ဝင်လာမစဲ တသဲသဲဖြစ်၏။ ဇနီးမှာ တရားဓမ္မလေ့လာသူဖြစ်၍ မစင်ကြယ်သော ရငွေများကို မနှစ်သက်။ သို့စေကာမူ ခေတ်ကာလ အခြေအနေအရ တရားသောအလုပ်ဖြင့်လည်း ဓမ္မိယလဒ္ဓဝင်ငွေ ကို ရရန် ခဲယဉ်းနေသဖြင့်အလုပ်ထွက်ခိုင်းရန် မဖြစ်။ ဇနီးလည်း ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်း၍ အခါအားလျော်စွာ ဥပုသ်စောင့်၏။ စာသင်သားရဟန်းငယ်များကို နေ့စဉ်ဆွမ်းလောင်း ၏။ အကျိုးကျေးဇူးများမည့် ကိစ္စများ၌ အလှူကြီးပေး၏။ နေ့စဉ် ဘုရားဝတ်ပြု၏။ လင်ယောကျ်ားကို ရွှေတိဂုံသို့ တစ်လတစ်ကြိမ် ခေါ်၍ ဇနီးက သူလုပ်နိုင်ခဲ့သော ဒါနကုသိုလ်၊ သီလကုသိုလ်၊





ဘာဝနာကုသိုလ်များကို လင်ယောကျ်ားအား အစီအစဉ်တကျ ပြည့်ပြည့်စုံစုံပြောပြသည်။ ထိုသို့ကုသိုလ်များ လုပ်နိုင်ခြင်းမှာ ခင် ပွန်း၏ ရှာဖွေထောက်ပံ့မှုကြောင့်ဖြစ်၍ ခင်ပွန်း၏ကုသိုလ်များဟု နှလုံးသွင်းရန်လိုကြောင်း၊ မြတ်ဗုဒ္ဓက အိမ်ထောင်ဖက်တစ်ဦး၏ ကုသိုလ်ကို ကျန်အိမ်ထောင်ဖက်က သဘောတူ ဝမ်းမြောက်ရုံမျှ ဖြင့် ကုသိုလ်အဖို့ဘာဂကို ရရှိသည်ဟု ဟောထားကြောင်း အ ကြောင်းကိစ္စ တစ်စုံတစ်ရာဖြစ်လာလျှင် ထိုကုသိုလ်များကို နှလုံး သွင်း သစ္စာပြုရန်လိုကြောင်း ပြောပြသည်။

ခင်ပွန်းကလည်း ဇနီး၏စကားကို လိုက်နာသည်။ အ ပြောင်းအလဲ အလှုပ်အခတ်တစ်ခုတွင် ထိုသူကို အုပ်စု ထောင်ထဲ ရောက်ကြ၏။ သို့သော် သူများလောက် မထိခိုက်၊ မပွန်းရှခဲ့ချေ။ ထောင်မှပြန်လွတ်သောအခါ ထိုသူအငှားယာဉ်မောင်း၍ မသောက် မစား လောင်းကစားမလုပ်ဘဲ ဘဝကို ပြန်လည်ထူထောင်နိုင်ခဲ့ ၏။ သူ့လုပ်ဖော်ကိုင်ဖက် **အချို့**မှာ ရွှေထီးဆောင်ခဲ့စဉ်က အခြေ အနေကို တမ်းတကာ သောက်စားရင်း စိတ်ဓာတ်ကျရင်း ဘာမှ မလုပ်ကြတော့ဘဲ အိမ်ထောင်ရေးပါယိုင်နဲ့ကုန်ကြသည်။ ဘုရားပေး သော တရားဆေးကို မှီဝဲနိုင်ဖို့ စီစဉ်ပေးနိုင်သူ ဇနီးကောင်း ဇနီးမြတ်ကြောင့် စာရေးသူ၏အသိမိတ်ဆွေမှာ ကြံ့ကြံ့ခံနိုင်ခဲ့သည်။

ဘုရားခေတ်က ဇနီးမောင်နှံနှစ်ဦးအကြောင်းလည်း သတိရလာသည်။ မယားက သောတာပန်၊ လင်က မုဆိုး၊ မုဆိုးတောတိုးဝင်ကာနီးတွင် မယားက လက်နက်လေးများတို့ကို ပေးကမ်း၏။ တောမှ ပြန်လာသောအခါ မယားက လက်နက်လေးများတို့ကို ယူဆောင်သိမ်းဆည်းပေး၏။ အချို့က ဝေဖန်၏။ (မယားသည် သောတာပန်ဖြစ်လျှင် ရတနာသုံးပါးကို မမှိတ်မသုန် ယုံကြည်၍ ငါးပါးသီလမြဲသူဖြစ်ရမည်။

ယခုကား ငါးပါးသီလကျိုးပေါက်စေသော လက်နက်၊ လေး၊ မြားတို့ကိုပေးကမ်းခြင်း သိမ်းဆည်းခြင်းပြု၏။ သောတာပန်အင်္ဂါရပ်နှင့် မညီ)ဟု ဝေဖန်သည်။ အကယ်စင်စစ်ကား မယားသည် သောတာပန်ဖြစ်၍ တိရစ္ဆာန်တို့ကို သေစေလိုသော စေတနာမရှိ။ လင်မုဆိုးကြီးအား မယားဝတ္တရားအရ အကူအညီပေးခြင်းသာဖြစ်၏။ ငါးပါးသီလကျိုးပေါက်ခြင်း မရှိပါပေ။ သောတာပန်မယားသည် လင်ကို ငါးပါးသီလထိန်းစေလို မည်မျှ ယုံမှားဖွယ်မရှိပေ။ သို့သော် ပြောမရလောက်အောင် လင်က ပါရမီနည်းလွန်းခြင်းလည်းဖြစ်နိုင်ပေသည်။

သီလနှင့်ပတ်သက်၍ အိမ်ထောင်ဖက်ဇနီးမောင်နှံများကိုဥပမာပေးခဲ့ပုံမှာလည်း မှတ်သားဖွယ်ဖြစ်၏။





(၁) သီလရှိသောလင်နှင့် သီလရှိသောမယား၏ ပေါင်းဖော်ခြင်းသည် နတ်သားနှင့် နတ်သမီးတို့၏ ပေါင်းဖော်ခြင်းနှင့်တူ၏။ အဘယ်ကြောင့်ဆိုသော် သီလအကျိုးအားကြောင့် နတ်စည်းစိမ်ကို အတူတကွ ရစေတတ်သောကြောင့် ဖြစ်သည်။

(၂) သီလရှိသော လင်နှင့် သီလမဲ့သော မယား၏ ပေါင်းဖော်ခြင်းသည် နတ်သားနှင့် လူသေကောင်၏ ပေါင်းဖော်ခြင်းနှင့် တူ၏။

(၃) သီလမရှိသော လင်နှင့် သီလရှိသော မယား၏ ပေါင်းဖော်ခြင်းသည် လူသေကောင်နှင့် နတ်သမီးတို့၏ ပေါင်းဖော်ခြင်းနှင့် တူ၏။

(၄) သီလမရှိသော လင်နှင့် သီလမရှိသော မယား၏ ပေါင်းဖော်ခြင်းသည် လူသေကောင်းအချင်းချင်း ပေါင်းဖော်ခြင်းနှင့် တူ၏။

ကံနှင့် ကံ၏ အကျိုးပေးကိုလည်းကောင်း၊ ဘဝသံသရာကိုလည်းကောင်း၊ ရတနာသုံးပါးကိုပည်းကောင်း မယုံကြည်သော မိစ္ဆာဒိဋ္ဌိတစ်ဦးမှာ ပါယာသိမင်းကြီးဖြစ်၏။ အရှင်ကုမာရကဿပ ရဟန္တာအရှင်မြတ်ကြီးက ဥပမာသာဓက စကားတန်ဆာတို့ဖြင့်

ဟောဖော်ညွှန်ပြ ဆိုဆုံးမသဖြင့် ပါယာသိမင်းကြီးသည် ရတနာသုံးပါးကို ဆည်းကပ်သူ ဗုဒ္ဓဘာသာဝင်ဖြစ်လာသည်။ မင်းကြီးသည် တပည့်ကျောကျွန်တစ်ဦးအား တာဝန်ခံအဖြစ်ထားကာ သံဃာများကို ဆွမ်းလုပ်ကျွေးစေ၏။

ထိုတာဝန်ခံသည် အလွန်ကြီးမားသော သဒ္ဓါတရား အလွန်ထက်သန်သော စေတနာ အလွန်နိုးကြားသော ဝီရိယ တို့ဖြင့် သံဃာတော်တို့အား ဆွမ်းလုပ်ကျွေးသည်။

မင်းကြီးနှင့် တာဝန်ခံကို သေလွန်သော် နတ်ပြည်၌ နတ်စည်းစိမ်ကို ရကြသည်။ သို့သော် မင်းကြီးက သာမန်နတ်မျှသာ ဖြစ်၍ တာဝန်ခံက အ လွန်အရှိန်အဝါကြီးသော နတ်မင်းကြီး ဖြစ်နေ၏။ မင်းကြီးက ဥစ္စာငွေကြေးများကို အကုန်ခံလှူဒါန်းခဲ့သော်လည်း၊ ဝေယျာဝစ္စလုပ်ခဲ့သော တာဝန်ခံ၏ သဒ္ဓါ၊ စေတနာ၊ ဝီရိယတို့ကို မမီသဖြင့် ဘဝပေးကွာခြားသွားရခြင်းဖြစ်သည်။

ဇနီးမောင်နှံတို့တွင်လည်း လင်၏ ရှာဖွေပေးကမ်းမှုဖြင့် မယားက စီမံချက်ပြုတ်လှူဒါန်းသော်လည်း၊ သဒ္ဓါ၊ စေတနာ၊ ဝီရိယများ ကြီးမားညီမျှနေမှ အကျိုးပေးညီမျှကြပေမည်ဖြစ်သည်။ (ခင်ပွန်း၏ သာသနာပြုလုပ်ငန်းများကို မငြီးမငြူအပင်ပန်းခံ ပံ့ပိုး၍ ပါရမီဖြည့်ပေးနေသော အစ်မကြီး ဒေါ်တင်သိန်းအားလည်း

မိတ်ဆွေစာပေ



ကောင်း၊ သူမကဲ့သို့သော အိမ်ထောင်ဖက်များအားလည်းကောင်း ဤစာမူဖြင့် ဂုဏ်ပြုအပ်ပါသည်)

ချင်းရောင်ခြည် ဇန်နဝါရီ ၂၀၁၄

# စည်းစိမ်ဥစ္စာများ ပေးလှူနေသော ရဟန်းတော်များ

## အရှင်မြတ်များ၏ စေတနာလှံ့လကြောင့်

ကျွန်ုပ်တို့တိုင်းပြည်တွင် သံဃာတော်အရှင်မြတ်များသည်
ရာဇဝင်တစ်လျှောက်လုံး ကျွန်ုပ်တို့လူမျိုး၏ ရှေ့က
မားမားမတ်မတ်ရပ်လျက် မြင့်မြတ်သော အမှုမျိုးကိုသာ
ပြုခဲ့ကြပေ၏။ ရှေးခေတ်များ၌ သံဃာတော်အရှင်မြတ်
များသည် ကျွန်ုပ်တို့ တစ်မျိုးသားလုံးကို ပညာသင်ပေးရန်
တာဝန်ထမ်းဆောင်ခဲ့ကြပေသည်။
ယခုခေတ်၌ပင် တောရွာများတွင် သံဃာတော်အရှင်မြတ်များ
ပညာသင်ကြားပေးလျှက်ရှိသောကြောင့် မြောက်မြားစွာသော





အမျိုးသားတို့သည် စာပေတတ်မြောက်ကြ၏
အချုပ်မှာ သံဃာတော်အရှင်မြတ်များ၏
စေတနာလှံ့လကြောင့် ကျွန်ုပ်တို့၏ စိတ်ဓာတ်မြင့်မြတ်မှု၊
အသွင်အပြင်ယဉ်ကျေးမှုတို့သည် အထူးသဖြင့်
တိုးတက်ခဲ့လေသည်။

ဗိုလ်ချုပ်အောင်ဆန်း

ရဟန်းသံဃာတော်များသည် လူပုဂ္ဂိုလ်များထံမှ ပစ္စည်းလေးပါးဖြင့် နဝကမ္မဝတ္ထုများကို အလှူခံရရှိနေခြင်းသာ ကြုံတွေ့ကြားသိဖန်များနေကြ၏။ ရဟန်းသံဃာများက လူပုဂ္ဂိုလ်များအား ပစ္စည်းလေးပါး ကြွယ်ဝချမ်းသာစေခဲ့ခြင်း(တစ်နည်းဆိုရသော် လူတို့အား သွယ်ဝိုက်သောအားဖြင့် ငွေကြေးနှင့် စီးပွားဥစ္စာများ ပေးလှူခြင်း)များလည်း လောက၌ အထင်အရှားပင် ရှိနေပါ၏။ ရဟန်းသည် ယူသူအဖြစ်ချည်းသာ ရှိနေသည်မဟုတ်။ ပေးသူအဖြစ်လည်း ရှိနေ၏။ သို့သော် ဝိနည်းတော်အရ မိဘအရင်းများကိုသာ ပေးကမ်းကျွေးမွေးနိုင်ပြီး အခြားသူဖြစ်လျှင်မူ ဆွေမျိုးညီအစ်ကို မောင်နှမများကိုပင် ပေးကမ်းခြင်း မပြုရပေ။ ချွင်းချက်အနေအားဖြင့် လုံလောက်သော အကြောင်းပြချက်ရှိလျှင်ကား

ပေးကမ်းနိုင်ပါ၏။ ဥပမာ ခိုးကိုးရာမဲ့ ဒုက္ခိတ ဒုက္ခသည်များ၊ ဓားပြများ၊ ဝေယျာဝစ္စပြုသူများ . . . ။ လူတို့သည် နဖူးမှချွေးခြေမကျသည်အထိ ပင်ပန်းဆင်းရဲစွာ ရှာဖွေ၍ရသော ဥစ္စာပစ္စည်းကို ရဟန်းတို့ကို လှူဒါန်းခဲ့ကြသည်ဖြစ်ရာ၊ အကျိုးမဲ့အချည်းနှီးမဖြစ်စေခြင်းငှာ မြတ်ဗုဒ္ဓက ဆုံးမ ပညတ်ခဲ့ပါသည်။ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃဂုဏ်များကို ကြည်ညိုဦးခိုက်ဖွယ်ဖြစ်ပါသည်။

ဆရာတော် သံဃာတော်အချို့သည် လူတို့အား ငွေကြေးစည်းစိမ်ပေးလှူခဲ့ကြရာ ထိုသာဓကကောင်းများကို ဤစာ၌ ဖော်ပြလိုခြင်းဖြစ်ပါသည်။ ကာယကံရှင် သံဃာများထံ ခွင့်မတောင်းရန်အချိန်မရသဖြင့် အမည်လွှဲ ဒေသလွှဲ၍ ဖော်ပြပါမည်။

* * * * *

။ ၁ ။

သရက်ကုန်းရွာသို့ ရဟန်းတော် ဦးတိဿ ကျောင်းထိုင်ကာစအခြေအနေမှာ ယခုအခြေအနေနှင့် ယှဉ်လျှင် ရေနှင့်ဆီလိုဖြစ်နေသည်။ ရွာသားအများစု ဆင်းရဲလိုက်ကြသည်မှာ အထူးဆိုဖွယ်မရှိ။ လယ်တစ်ကေပင် ပိုင်သူမရှိ။ အားလုံးနီးပါး တောင်





ယာခုတ်ကြရ၏။ တောင်ယာခင်းစပါးက ဝမ်းစာပင်မလောက်။ ပဲမြောင်းတို့ဖြင့် ရောနှောချက်ပြုတ်စားသောက်ရ၏။ ခပ်များများပညာမဲ့တွေ များသဖြင့် ဤရွှေ့ဤမျှ ခေါင်းပါးသောရွာမှ လာ၍ကျောင်းထိုင်ပြီး၊ အလှူအတန်းကို မျှော်နေသင့်သလားဟုပင် ရွာသားအချို့ တွတ်ထိုးသံကို ကြားရ၏။ ရွာကို စွန့်ခွာ၍၊ လာဘ်ပေါများသော ဒေသသို့ ကြွချီတော့မည်ဟုပင် စဉ်းစားခဲ့ဖူးသည်။ သို့သော် အကြောင်းနှစ်ချက်ကြောင့် မစွန့်ခွာဖြစ်ခဲ့။

ပထမအချက်မှာ "ရေကြည်ရာ မြက်နုရာသွားတယ်ဆိုတာ လူတိုင်းလုပ်တတ်တဲ့အလုပ် လက်ရှိနေရာကို ရေကြည်အောင် မြက်နုအောင် လုပ်တဲ့သူသာ အာဇာနည်ပုဂ္ဂိုလ်ကွ" ဟူသော ဆရာသမား၏ ဆုံးမစကားကို ကြားယောင်မိခြင်းကြောင့်ဖြစ်သည်။

ဒုတိယအချက်မှာ လူဆင်းရဲပေမယ့် သဒ္ဓါတရားမဆင်းရဲသော ရွာခံဒကာအချို့ကြောင့်ဖြစ်သည်။ "အရှင်ဘုရားမရှိလျှင်၊ ဤရွာကို ဘာသာခြားတို့ လွှမ်းမိုးလာနိုင်ပါတယ်ဘုရား" ဟုလည်း အမြော်အမြင်ရှိသူ ရွာခေါင်းဆောင်က အားကိုးတကြီးလျှောက်ထားခဲ့သည်။

ဦးတိဿက ဤရွာ၏စီးပွားရေးကို မည်သို့တိုးတက်စေ

ရမလဲဟု အမြဲတစေ ကြံဆရှာဖွေနေ၏။ ရွာနှင့်အတန်ငယ်လှမ်းသော တောင်ပေါ်တွင် ချောင်းကြီးတစ်ခု စီးဆင်းကာ အခြားဘက်ခြမ်းရှိ ချောင်းမကြီးသို့ ပေါင်းစုံသည်။ မည်သူကိုမျှ အကျိုးမပြုသော ချောင်းရေကို ဤရွာသားများအတွက် သုံးလိုက်ရလျှင် . . . ။ ဟု တွေး၏။

.ထိုအကြံအစည်ကို စတင်အကောင်အထည်ဖော်ကာစပင် ရွာသား ဆယ်ပုံတစ်ပုံပင် ဦးတိဿနောက် မလိုက်၏။ တောင်ပေါ်မှ ချောင်းရေကို မြောင်းသွယ်၍ ခေါ်လာခဲ့၏။ ကျောက်ဆောင်ကျောက်တုံးပေါများသော အရပ်မို့ ကျောင်းသားများ အမာခံဖြင့် မြောင်းကို ဖောက်လာခဲ့သည်။ ဘိလပ်မြေနှင့် သဲကိုတော့ ဝယ်ကြရသည်။ တောင်ပေါ်မှ ကွေ့ပတ်ဖောက်လာခဲ့သော မြောင်းမှာ ရွာနှင့် နီးကပ်လာပြီး၊ လွယ်ကူသောအခါ၌မူ ရွာသားများအားလုံး ပါဝင်လာကြတော့၏။ တောင်ယာခင်တွေကို လယ်တည်၍ ရေသွင်းစိုက်ပျိုးမှု လုပ်နိုင်ခဲ့ကြ၏။ ငါးနှစ်အတွင်းလောက်မှာပင် ရွာ၏ စီးပွားရေးဟာ အတော်လေး တိုးတက်လာခဲ့သည်။ ယခင်က မြောင်းသွယ်လျှင် တောင်စောင့်နတ်မင်းက အပြစ်ပေးမည်ဟု ဒေသခံများ ယုံကြည်စွဲလမ်းခဲ့ကြရာ၊ ဦးတိဿက ရယ်ရယ်မောမော ဘုရားဟောရသေး၏။ "တောင်စောင့်နတ်တွေက တို့





တွေ သာသနာပြုတာကို အားပေးပုံရပါတယ်ကွ"

ရွာမှာ ဝမ်းစာစပါးလောက်သည့်အပြင် ကြက်သွန်ဖြူများနှင့် ရောင်းတမ်းဝင် သီးနှံများကို စိုက်ပျိုးရောင်းချလာနိုင်သည်။ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးများ တိုးတက်လာခဲ့သည်။

အပြစ်ကင်းတဲ့ ကြီးပွားတိုးတက်နည်းတွေကို ရဟန်းတွေက လမ်းညွှန်ပြနိုင်ရမယ်။ လူမှုဘဝတိုးတက်လာတော့၊ တွေးခေါ်ဆင်ခြင်နိုင်မှုတွေလည်း မြင့်လာမယ်။ ဗုဒ္ဓတရားကို နှစ်နှစ်ကာကာ လက်ခံလာတာပေါ့။ မြတ်ဗုဒ္ဓတောင် ဆာလောင်ငတ်မွတ်နေတဲ့ နွားကျောင်းသားကို ထမင်းကျွေးပြီးမှ တရားဟောတာလေ။ ၃၈ ဖြာ မင်္ဂလာတရားတော်မှာလည်း လောကီကြီးပွားရေး လောကုတ္တရာကြီးပွားရေးအတုန်ပါပါတယ်"ဟု ဦးတိဿက မိန့်ပါသည်။

ဆရာတော် ဦးတိဿသည် လူတို့ထံမှ အလှူခံယူနေသည်သာမဟုတ်၊ လူတို့အား အကြီးအကျယ် ပြန်လည်လှူဒါန်းနေသူလည်း ဖြစ်ပါသည်။

* * * * *

။ ၂ ။

၁၉၇၀ ပြည့်လွန်နှစ်များက ဖြစ်သည်ဟု ဆိုပါသည်။ လူ

မျိုးရေးဆန်သော အစိုးရ၏ မငြိမ်မသက်မှုများ ဖြစ်ပွားခဲ့၏။ ရန်ကုန်ရှိ စာသင်တိုက်တစ်ခုအနီးတွင် (တ)လူမျိုးတစ်စု နေထိုင်ခဲ့ကြရာ သူတို့နေအိမ်များကို ဖျက်စီးလုယက်၍ အသက်ကို ရန်ရှာအံ့ဟု ဝိုင်းလာကြကုန်၏။ စာသင်တိုက်၏ ပဓာနနာယကဆရာတော်နှင့် နာယကအချို့သည် ထိုနေရာသို့သွား၍ လူတို့အား ဆုံးမ၏။ (တ) လူမျိုးများကို ကျောင်း၌ ခိုလှုံခွင့်ပေး၏။ သူတို့အိမ်များကို လုံခြုံအောင် စီမံပေး၏။ သီလ၊ သမာဓိ၊ ပညာ ကြီးမား၍ မေတ္တာစိတ် အားကြီးသော သံဃာတော်များ၏ အဆုံးအမကို လူတို့နာခံခဲ့ကြ၏။

အခြားဒေသများတွင် အခြေအနေဆိုးရွားခဲ့သော်လည်း ထိုစာသင်တိုက်အနီးရှိ (တ)လူမျိုးများမှာ ခလုပ်မထိ၊ ဘေးမငြိခဲ့ပေ။ အမျိုးသမီးကြီးတစ်ဦးက ဤသို့ဆိုပါ၏။

"ငါတို့ရဲ့ အသက်အိုးအိမ်၊ စည်းစိမ်ဥစ္စာတွေကို ဒီသံဃာတော်ဒီရှင်မြတ်တွေက ကယ်ခဲ့တယ်။ ပြောရရင် သူတို့ပေးတဲ့ စည်းစိမ်ဥစ္စာတွေပဲ ရှိပါတော့တယ်။ ငွေ ၁၀၀၀ ပျောက်သွားတာကို ပြန်ရှာပေးနိုင်သူဟာ ကိုယ့်ကို ငွေ ၁၀၀၀ လာပေးတဲ့သူနဲ့ အတူတူပဲပေါ့"

(မှတ်ချက်။ ။ ၂၀၁၃ မိတ္ထီလာပငြိမ်မသက်မှုတွင်လည်း ဗုဒ္ဓဘာသာ

မိတ်ဆွေစာပေ



ဆရာတော်တစ်ပါးက အစ္စလန် ရှစ်ရာကျော်အား ကယ်တင်ခဲ့ကြောင်း သိရ၏။ လားရှိုးမြို့ အဓိကရုဏ်းတွင်လည်း မန်ဆူရှမ်းကျောင်းတွင် ဘာသာခြားများကို ခိုလှုံစေ၏)

* * * * *

၊ ၃ ၊

ပေါက်တောရွာမှာ လုပ်ငန်းကိုင်ငန်းကောင်း၍၊ စီးပွားရေး တောင့်တင်း၏။ ရွာသားများမှာ အပင်ပန်းခံ၍ ကြိုးစားမှုလည်း ရှိကြ၏။ သို့ရာတွင် လူနေမှု အဆင့်အတန်းမှာ ပြောပလောက်အောင် တိုးတက်မလာခဲ့ပေ။ ဒုံရင်းဒုံရင်းသာ ဖြစ်နေလေတော့၏။ ဤသည်ကို သတိထားမိသူမှာ ရွာဦးကျောင်း ဘုန်းကြီးဦးမာဂဝဖြစ်သည်။ ရွာသားများမှာ ချဲထီ လောင်းကစားတာနှင့် အမှုအခင်း တရားတဘောင်တွေမှာ ငွေတွေမြုန်းတီးနေကြောင်း သိရှိသွား၏။

ဦးမာဂဝ၏ သာသနာပြုလှေ့လာချက်အရ တစ်နှစ်တာအတွင်း အမှုအခင်းကြောင့် လေလွင့်ငွေမှာ သိန်း ခြောက်ဆယ်ကျော်၏။ ချဲထီလောင်းကစားတာကိုတော့ တိတိကျကျမသိရ။ သို့သော် နည်းနည်းနောနောငွေကြေးမဟုတ်မှန်းတော့ သေချာ

သည်။ ငွေကြေးလေလွင့်ခြင်းသည် ရုပ်ပိုင်းဆိုင်ရာ ဆုံးရှုံးမှုဖြစ်သည်။

ထိုဆုံးရှုံးမှုများထက် ပိုဆိုးသည်မှာ စိတ်ပိုင်းဆိုင်ရာ ဆုံးရှုံးမှုဖြစ်သည်။ စိတ်ပိုင်းဆိုင်ရာ ဆုံးရှုံးမှုများကို ရပ်တန့်သွားအောင် ဦးမာဂဝအကွက်ချစီစဉ်သည်။

သေရည်သောက်စား၊ လမ်းသွားခါမှဲ့၊ ရှင့်သဘင်၊ ပျော်ရွှင်အန်လောင်း၊ မကောင်းမိတ်ဖွဲ၊ ပျင်းရိခြင်းကား၊ ယိုယွင်းဥစ္စာပျက်ကြောင်းတည်းဟု မြတ်ဗုဒ္ဓက သိင်္ဂါလောဝါဒသုတ်တွင် ဟော၏။

ထိုတစ်ချက်ချင်း၏ ဆိုးကျိုးများကို သက်သေသာဓကများ၊ ကျမ်းကိုးကျမ်းကားများ၊ လက်တွေ့ဖြစ်ရပ်များဖြင့် စိတ်ရှည်လက်ရှည် ဟောပြသည်။သို့သော် အစပိုင်း၌ မလွယ်သေး။

စာရေးတံမဲဆိုတာတော့ ရဟန်းလောက၌ ရှိသည်။ ရှေးဘဝက လှူခဲ့ခြင်းမျိုးရှိမှ ပေါက်နိုင်သောအရာဖြစ်သည်။ ထိုဆိုတာလည်း၊ ဘာထီဖြစ်ဖြစ် လောင်းကစားခြင်းအမျိုးအစား၌ အကျုံးဝင်သည်။ ထီပေါက်နိုင်သော ရာခိုင်နှုန်းမှာလည်း အလွန်နည်းပါး၏။ ထီပေါက်ရန် ကံပါသူသည် တစ်စောင်ထဲ၊ တစ်ကွက်ထဲထိုးရုံဖြင့် ပေါက်တတ်၏။ ကံပါမလာသူသည် စောင်ရေဘယ်





လောက်ထိုးထိုး မပေါက်တတ်ပါ။ အတိတ်ကံကြောင်းသာ ထီပေါက်ခြင်းဖြစ်ရာ၊ အတိတ်ကုသိုလ်ကံကို ဘယ်လိုသိရမည်နည်း။ မြေကြီးထဲရှိ ရွှေအိုးကို ဖော်လိုသူသည် ဘယ်နေရာ၌ ရွှေအိုးကို မြှုပ်နှံခဲ့သလဲဟု သေချာရေရာစွာ မသိပါဘဲလျက် ရှမ်းသမ်းတူးဖော်လျှင် အရှုံးပင်တည်း။ မိမိသည် ထီပေါက်လောက်သော ကုသိုလ်ကံပါ။ မပါ မသိဘဲလျက် ငွေကြေးများစွာပုံအောလျက် ထီထိုးလျှင် အရှုံးပင်တည်း။ ဘိုးတော်တစ်ဦးသည် အစဉ်အတိုင်းပင် ချဲဂဏန်းအားလုံးကို မဲလိပ်လိပ်ကာ၊ ချဲရှုးတို့အားပေး၏။ ပေးတိုင်းပင် ဂဏန်းတစ်ခုခုကတော့ ပေါက်မြဲဖြစ်သည်။ ဘိုးတော်ကို လူတို့အထင်ကြီးကြ၏။ သူတို့အလိပ်ခံနေရမှန်း မသိကြရှာ။ ဦးမာဂဝက ဤသဘောသဘာဝတို့ကို နားဝင်အောင် ဟောပြောနေရ၏။ သဘောပေါက်သူ အနည်းအကျဉ်း ရှိလာ၏။

ဒေါသကြီးသူ၊ မာနကြီးသူ၊ အညှိုးထားသူတို့မှာ ထစ်ကနဲဆိုရင် ရိုက်ကြ နှက်ချရန်ဖြစ်ကြ၏။ စိတ်ရှည်သည်းခံခြင်းတရား၏ ကောင်းမြတ်ပုံမှာ သက်သေသာဓကများစွာရှိသည်။ ဘုရားဟောဒေသနာတွင် ထင်ရှား၏။ ပဋိပက္ခဖြစ်မှု၊ ရုံးရောက်ဂါတ်ရောက်ဖြစ်မှုများကြောင့် မိမိတို့ အပန်းတကြီးရှာဖွေစုဆောင်းထားကြသော ငွေကြေးဥစ္စာတို့မှာ ဘာကျေးဇူးမျှ မပြုခဲ့ဖူးသော

အခြားသူများထံ ရောက်ရှိသွား၏။ ပေးတာပင် အောက်ကျခံပေးနေကြရ၏။ အဘယ်မျှနစ်နာကြလေသနည်း။ အချင်းချင်းညှိနှိုင်း၍ ကျေအေးသင့်တာ ကျေအေးဖို့ မကောင်းပါသလော။ ခွင့်လွှတ်ခြင်း၊ အလျှော့ပေးခြင်းကြောင့် မိမိသူတစ်ပါးနှစ်ဦးသား၏ အကျိုးစီးပွားကို ဆောင်နိုင်ကြောင်း၊ ဘုရားတည် ဥပုသ်စောင့်တာထက်ပင် တစ်ခါတစ်ရံအကျိုးကျေးဇူးကြီးမားကြောင်း ဦးမာဂဝက စိတ်ရှည်ရှည်ဖြင့် သွန်သင်ဆုံးမ၏။ အချို့က သဘောပေါက်လာသည်။

သီလ၊ သမာဓိ ကြီးမားသော ဦးမာဂဝကို ကြည်ညိုလေးစားသဖြင့် လိုက်နာသူတစ်စတစ်စ များလာ၏။ ယခုဆိုလျှင် အမှုအခင်းများ၊ ချဲထီ လောင်းကစားမှုများ အတော်နည်းသွား၏။ အခြားတစ်ဖက်တွင် ရွာ၌ တိုက်အိမ်များ၊ လမ်းကောင်းများ၊ တက္ကသိုလ်ကျောင်းသားများ တိုးပွားလာ၏။ ပြောရလျှင် ပြောင်ပြောင်ရောင်ရောင်ဖြစ်လာ၏။

ရွာသားတို့ ကျကျန်ရစ်ခဲ့သော ငွေထုပ်များကို ဦးမာဂဝက သတိပေးကာ ပြန်ကောက်စေခဲ့ခြင်းပင် ဖြစ်ပါသည်။ ငွေထုပ်ပေးသော ဦးမာဂဝပင်တည်း။

* * * * *





၊ ၄ ၊

၁၉၈၆ ခုနှစ်လောက်တွင် ရန်ကုန်၌ စာသင်တိုက်တစ်ခုအနီးရှိ ရပ်ကွက်ကို မီးလောင်ရာ၊ စာသင်သံဃာများက ပစ္စည်းအထုပ်အပိုးများကို ယူဆောင်သိမ်းဆည်းပေးခြင်း၊ မီးငြိမ်းသတ်ပေးခြင်းဖြင့် လူတို့၏ စည်းစိမ်ဥစ္စာများစွာကို ကာကွယ်ပေးခဲ့ကြဖူးပါသည်။ ရပ်ကွက်က သိရှိကြည်ညိုသော သံဃာများလည်းဖြစ်၊ အသွင်သဏ္ဍာန်လည်း သီးခြားဖြစ်သဖြင့် ကယ်တင်မှုများကို စနစ်တကျဆောင်ရွက်နိုင်ခဲ့ကြခြင်းဖြစ်သည်။ ဤသည်မှာလည်း လူတို့အား စည်းစိမ်ရွှေငွေများ ပေးလှူခြင်းသဘောပင်ဖြစ်၏။

* * * *

၊ ၅ ၊

စာရေးသူ မောင်ဆလိုင်းရွှေလင်းသည် အင်းစိန်၊ ရွာမစာသင်တိုက် ပဓာနနာယကဆရာတော် ဦးတိလောကာဘိဝံသအား ကြည်ညိုပူဇော်သူဖြစ်ပါသည်။ ဆရာတော်သည် ရွာမစာသင်တိုက်ကို စတင်ထူထောင်စဉ်က၊ အလုံအောင်မင်္ဂလာတိုက်သစ် ဆရာတော် ဦးတေဇိန္ဒာဘိဝံသထံ လာရောက်၍ အကြံဉာဏ်ယူခဲ့ကြောင်း ကိုယ်တိုင်ရေးစာမူတွင် ဖတ်ရသောအခါ စာရေးသူသတိထားမိ

သွား၏။ အောင်မင်္ဂလာစာသင်တိုက် နာယကတစ်ပါးဖြစ်သူ ဦးတိလောက၏ ညဝါပို့ချချက်ဇယားများကို နည်းမှီအသုံးချခဲ့ကြောင်းလည်း ရွာမဆရာတော်က ပြောပြခဲ့၏။ ကျေးဇူးရှိသူတို့အား မထိန်မချန်ဖွင့်ဟ ဖော်ထုတ်ခဲ့ခြင်းဖြစ်သည်။ စာရေးသူသည် အောင်မင်္ဂလာစာသင်တိုက်မှာ ခြောက်နှစ်နေ၍ ၁၀ တန်းအောင်ခဲ့သူဖြစ်၏။ ရွာမဆရာတော်၏ ပရဟိတလုပ်ငန်းတော်ကြီးအတွက် အနစ်နာခံ၊ သည်းခံခဲ့ရပုံများကိုလည်း ကြည်ညိုဖွယ်၊ သံဝေဂရဖွယ်၊ ထိတ်လန့်အံ့ဩဖွယ်ကြားသိခဲ့ရသဖြင့် ဆရာတော်၏ သတ္တိ၊ ဗျတ္တိများကို ဦးခိုက်ပူဇော်နေသူလည်း ဖြစ်သည်။

ဆရာတော်ကို ကိုယ်တိုင်သွားဖူးရာ(စာရေးဆရာ အချင်းချင်းဖြစ်၍လည်း ထင်ပါသည်) အလွန်လိုက်လှဲဖော်ရွေစွာ ဧည့်ခံပြောဆိုပါသည်။ ဘာ ဟိတ် ဟန် မှလည်း မရှိပါ။ တပည့်ရင်း၊ လူရင်းလို ပွင့်ပွင့်လင်းလင်းမိန့်ကြားပါသည်။ ကျောင်းတိုက်သံဃာများအား (လျှပ်စစ်အန္တရာယ် ကင်းဝေးရေးဟောပြောပွဲ)ကို ဟောပြောစေ၍ ဉာဏ်ပူဇော်ခ ကျပ် ငါးသောင်းချီးမြှင့်ရာ၊ စာရေးသူက လက်ခံပါသည်။ ထို့နောက် သံဃာ့ဝေယျာဝစ္စအတွက် ပြန်လည် လှူဒါန်းခဲ့ပုံများကိုလည်း အမှတ်ရမိပါသည်။

ဘာသာခြားများသာမက ဗုဒ္ဓဘာသာအမည်ခံပုဂ္ဂိုလ်အချို့





သည် ရဟန်းသံဃာတော်များအပေါ် အထင်မှားနေကြပါသည်။ ရဟန်းသည် အယူသာရှိ၍ အပေးမရှိဟု ထင်ကြ၏။ မမှန်ပါ။ ရဟန်းအလုပ်ကို တကယ်လုပ်သော ရဟန်းသည် လူ့လောကတစ်ခုလုံးအား တန်ဖိုးအနဂ္ဃပေးဝေနေသူဖြစ်ပါသည်။ ဆရာတော် ဦးတိလောကာဘိဝံသသည်လည်း သက်တော် ၇၅ နှစ်ပြည့်သည်ထိ လောကသားတို့အား များစွာပေးလှူခဲ့ပြီး ဖြစ်ပါသည်။

ဆရာတော် ကျန်းမာရွှင်လန်းစွာ သက်တော်ရာကျော်ရှည်၍ ဆက်လက်ပေးလှူနိုင်ပါစေကြောင်း၊ ခြေတော်စုံဦးခိုက်၍ ဤစာဖြင့် ဆုတောင်းအပ်ပါသည်။ (ဆရာတော်၏ ပေးလှူမှုများကို သိမီသူနများက မှတ်တမ်းပြုကြပါလိမ့်မည်။)

သဇင်မဂ္ဂဇင်း ဒီဇင်ဘာ ၂၀၁၃

# ကောင်းစွာ အသုံးချဖို့ သတိရနိုင်ပါစေ

တစ်နေ့တွင် စာရေးသူ၏ ဓမ္မမိတ်ဆွေတစ်ဦးနှင့်တွေ့၍ ချင်းဗုဒ္ဓသာသနာပါလကအဖွဲ့၏ ရေရှည်လျှောက်လှမ်းရမည့် ကောင်းမြတ်သော ခရီးစဉ်အကြောင်းကို ဆွေးနွေးနေကြလေ၏။ ထိုမိတ်ဆွေက ဤသို့ဆို၏။ "ဒီအဖွဲ့မှာ ချင်းဗုဒ္ဓဘာသာဝင်တွေ သာမက ချင်းလူမျိုးများ ဗုဒ္ဓဘာသာ တည်တံ့ ထွန်းကားရေးနဲ့ ပတ်သက်လို့ ငွေအား၊ လူအား၊ အကြံဉာဏ်အား နဲ့ ပါဝင်ချင်သူ ဘယ်သူ့ကိုမဆို လက်ကမ်းကြိုဆိုတယ် ဆိုတာ အင်မတန်ဝမ်းသာစရာပဲ။ ဒါနဲ့ စကားမစပ်ဗျာ - ခင်ဗျားတို့ချင်း လူမျိုး မိန်းကလေးတစ်ယောက် အနုပညာနယ်ပယ်တစ်ခုမှာ လျှမ်းလျှမ်းတောက်အောင်မြင်နေတယ်ဆိုပါကလား၊ သူလည်း ဗုဒ္ဓဘာ





သာဝင်ပဲဆို။ သူ့ကို ချင်းပါလကအတွက် သွားမစည်းရုံးကြဘူး လား။ သူလည်း ပါဝင်ချင်ရှာမှာပေါ့။ သူမ အဖေက ဗမာ အမေ ကတော့ ချင်းစစ်စစ်မဟုတ်လား။

"သူမအကြောင်း မပြောပါရစေနဲ့"

"ဘာဖြစ်လို့ တုံးဗျ"

"ပြောလို့ မထူးဘူးထင်ပါရဲ့"

"ဘယ် မထူးဘူးရှိပါ့မလဲ။ ခင်ဗျားတို့တွေဟာ ရည်မှန်းချက်ကြီးရင် အမြော်အမြင်ရှိရမှာလေ။ သာမန်လူများစွာထက် သူ့လို ကျော်ကြားအောင်မြင်သူတစ်ယောက်က ပိုပြီးထိရောက်စွာ စွမ်းဆောင်ပေးနိုင်တာပေါ့။ ကျွန်မဟာ ချင်းပါလကအဖွဲ့ကြီးပေါ် ပေါက်လာတာကို ဝမ်းသာပါတယ်။ သာဓုခေါ်ပါတယ်လို့ တစ်ခွန်းပဲ ပြောပေးပါဦး။ ငွေအများကြီးလှူတာ အကျိုးရှိသလို၊ ဒီ[illegible]တ် အားဖြင့် ပါဝင်ပေးတာလည်း အကျိုးရှိတာပဲ။ ဟုတ်တယ်မဟုတ် လား"

"ဟုတ်ပါတယ်ဗျာ"

"ဟုတ်တယ်ဆိုရင်ရင် ဆက်သွယ်လေ။ ကိုယ့်ချင်းဗုဒ္ဓဘာသာဝင်တွေရဲ့ အင်အားကို ခင်ဗျားတို့စနစ်တကျ မရယူတတ်သေးဘဲ ဖြစ်နေတာကိုး။ ညံ့ပါ့ဗျာ"

"မိတ်ဆွေက ဒီလောက်တောင် စိတ်အားထက်သန်နေတော့လည်း ဒီကိစ္စပြောရတော့မှာပေ့ါ။ မိတ်ဆွေတွေးမိသလို ကျွန်တော်တို့လည်း တွေးမိတယ်ဗျ။ သူမဆီကိုလည်း ဘယ်မဆက်သွယ်ဘဲ ရှိပါ့မလဲ။ ဆက်သွယ်တာပေ့ါ"

"သူမက ငြင်းပယ်လိုက်လို့လား"

အဲဒီလိုလည်း မဟုတ်ပါဘူး။ ပြန်ပြီးတော့ကို အကြောင်းမပြန်ဘဲ ရေငုံနှုတ်ပိတ် အဆက်အသွယ်ဖြတ်သလိုမျိုးကြီး ဖြစ်နေတာပေ့ါနော်။

ဒီလိုဗျာ. . .

ကျွန်တော်တို့ ချင်းပါလကအဖွဲ့ကြီးကို ၁၂-၂-၂၀၁၂ ပြည်ထောင်စုနေ့တွင် ရွှေတိဂုံဘုရားအရှေ့မုခ်အနီးက ရှင်သာမဏေမွေ့ဗိမာန်မှာ အတည်ပြုဖွဲ့စည်းခဲ့တယ်။

အဲသလို မဖွဲ့စည်းမီ လေးနှစ်လောက်ကတည်းက ချင်းရဟန်းတော်အချို့နဲ့ ချင်းဗုဒ္ဓဘာသာဝင်အချို့ ဒီအဖွဲ့မျိုး ဖွဲ့စည်းသင့်ကြောင်း ဆွေးနွေးခဲ့ကြတယ်။ အဖွဲ့ရယ်လို့ မရှိသေးပေမယ့် ချင်းယဉ်ကျေးမှုဆိုင်ရာတွေကို မရှိသေးပေမယ့် ချင်းယဉ်ကျေးမှုဆိုင်ရာတွေကို ဆောင်ရွက်ရင်း သာသနာရေးကိစ္စလည်း အဆင်ပြေသလို ပြုနိုင်ခဲ့ကြတယ်။





၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၂၀ ချင်းအမျိုးသားနေ့မှာထင်ပါရဲ့။ ပေါက်ခေါင်းမြို့နယ်မှာရှိတဲ့ အရှိုချင်းရွာပေါင်း ၃၀ ကျော်က အဲဒီချင်းအမျိုးသားနေ့ကို ကျင်းပဖို့ စီစဉ်တယ်။ ရန်ပုံငွေလိုတာပေ့ါဗျာ။ အဲဒီတော့ ချင်းဆရာတော်ဦးကဝိန္ဒနဲ့ နာယက ဦးနန္ဒမာလာတို့ကို ဖြစ်မြောက်ရေးကော်မတီက လျှောက်ထားပြီး အကူအညီတောင်းတယ်။ ချင်းဆရာတော်တွေက ကျုပ်ကိုတာဝန်ပေးတယ်။ ခင်ဗျားပြောတဲ့ အနုပညာရှင်မလေးကို ဆက်သွယ်ဖို့ပေ့ါ။ ပေါက်ခေါင်းမြို့နယ်က ချင်းအများစုကလည်း ဗုဒ္ဓဘာသာ၊ အနုပညာရှင်မလေးကလည်း ဗုဒ္ဓဘာသာဆိုတော့ ချင်းအမျိုးသားနေ့အတွက် ချင်းယဉ်ကျေးမှုအတွက် အကွက်ဆိုက်တယ်လို့ ယူဆတာပေ့ါ။ အနုပညာရှင်မလေးရဲ့ဓာတ်ပုံကို ပိုစတာရိုက်ပြီး ပြန်ရောင်း၊ ရန်ပုံငွေရှာကြမယ်ဆိုတဲ့အစီအစဉ်ပေ့ါ။ အသစ်ရိုက်ပေးဖို့ မလိုပါဘူး။ ရှိပြီးသားထဲက အဟောင်းတစ်ခုခု ခွင့်ပြုရင်လည်း ရပါတယ်။

"ဒါကိုတောင် သူမက ငြင်းလွှတ်ရောလား"

"စိတ်ရှည်ရှည်သာ နားထောင်ပါမိတ်ဆွေ"

"ချင်းဆရာတော် နှစ်ပါးက တာဝန်ပေးတော့ လုပ်ချင်လှတာမဟုတ်ဘဲ လုပ်ရတော့တာပေ့ါ"

"ဘာကြောင့် မလုပ်ချင်ရတာတုံး"

"ကျုပ်က စာရေးဆရာပဲ။ အောက်ကျခံပြီး အဆင့်ဆင့် ဆက်သွယ်ချင်ပ့ါမလား။ ကျုပ်ရဲ့ကိုယ်ကျိုးစီးပွားလည်း မဟုတ်ဘဲနဲ့။ ဒါပေမဲ့ ဆရာတော်တွေရဲ့ အမိန့်ဩဝါဒကိုလည်း အလေးအမြတ်ပြုရာရောက်အောင် အမျိုး၊ ဘာသာ၊ သာသနာရေးအတွက်လည်း ဖြစ်အောင်ဆိုပြီး ဆက်သွယ်ရတော့တာပဲ။ လိပ်စာအမှန် ဖုန်းနံပါတ်အမှန်ရဖို့တောင် မလွယ်ဘူးဗျို့။ သုံးခါလောက်တောင် ကြိုးစားရတယ်။ ရှေ့ပိုင်းရတဲ့ဟာတွေက အဟောင်းတွေတဲ့ဗျ။ ဖြစ်ပုံက"

"နာမည်ကျော် အနုပညာရှင်ပဲ ဒီလောက်တော့ ရှိပေမပေ့ါ"

"ကဲ ထားပါဗျာ။ ဒီကိစ္စ ကျုပ်ကအကြောင်းအကျိုးပြည့်ပြည့်စုံစုံရေးပြီး ဆရာတော်တွေရဲ့ အစီအစဉ်နဲ့ စာသွားပို့တယ်။ ကိုယ်တိုင်သွားတာနော်။ အနုပညာရှင်မလေးရဲ့ တိုက်ခန်းမှာ မိန်းကလေးတစ်ယောက်က စာကိုယူထားတယ်။ စာထဲမှာ ပိုစတာအတွက် သုံးပြီးသား ရှိပြီးသားပုံတစ်ခုခုကို သုံးခွင့်ပေးဖို့ မေတ္တာရပ်ခံတာပါ။

ဘယ်မှာဘာကိစ္စအတွက် ဘယ်လိုအစီအစဉ်ရှိတယ်ဆို





တာလည်း သေသေချာချာဖော်ပြထားပါတယ်။ စာပေးခဲ့ပြီး အကြောင်းပြန်ပေးဖို့ မှာခဲ့ရတာပါ"

"နောက်တော့ အကြောင်းပြန်ရောလား"

"ဘာကိုမှ အကြောင်းမပြန်ပဲနေတာ ၁၅ ရက်ကျော်လောက်တောင် ကြာသွားတယ်ထင်ပ့ါ"

"ခင်ဗျားကရော ဖုန်းဆက်မမေးဘူးလား"

"ခဏ ခဏ လှမ်းမေးရတာပေ့ါ။ ဖုန်းကိုင်သူကလည်း အနုပညာရှင်မလေးမဟုတ်ဘူး။ ညီမဝမ်းကွဲလိုလို၊ အဒေါ်လိုလိုတွေပဲ။ ကာယကံရှင်မရှိဘူးပေ့ါ။ ပြောပေးထားပ့ါမယ်ပေ့ါ။ ဒါနဲ့ပဲ ပြီးပြီးသွားရော။ တစ်ခါမှာတော့ အနုပညာရှင်မလေးရဲ့ ဖခင်နဲ့ စကားပြောခွင့်ရတယ်။ ဖခင်ကိုယ်တိုင်ကလည်း သူ့သမီးမအားလပ်ကြောင်း အကြောင်းပြန်ပေးဖို့ပြောလိုက်မယ့်အကြောင်းနဲ့ ပြီးသွားတယ်"

"ဒါက ကြားလူတွေနဲ့ဆိုတော့ တိတိကျကျမသိရဘူးနေမှာပါ။ ကာယကံရှင်ကတော့ ကူညီချင်ရှာမှာပါ။ ကုသိုလ်ရေးပဲ"

"ကျုပ်ကလည်း သဲသဲကွဲကွဲတော့ သိအောင်လုပ်မှဖြစ်မယ်ဆိုပြီး တစ်နေ့တော့ သူ့ဖခင်နဲ့ဆက်သွယ်တယ်။ ချင်းဆရာတော်ဦးကဝိန္ဒကိုယ်တိုင် အိမ်ကိုကြွလာပြီး အကျိုးအကြောင်း မိန့်ကြား

ချင်တဲ့အကြောင်း ပြောလိုက်တယ်။ သူ့ဖခင်ကလည်း စကားပြော မွန်မွန်ရည်ရည်ပါပဲ။ သူ့ဖခင်ချိန်းတဲ့ နေ့ရက်အချိန်မှာပဲ ဆရာတော်နဲ့ အတူသွားကြတယ်။ သူ့ဖခင်က ဦးချကန်တော့ပြီး ရိုရိုသေသေပဲ ပြောဆိုလျှောက်ထားပါတယ်"

"ဘယ်လိုလျှောက်သတုံး"

"သူ့သမီးကို ပြောပြထားပါတယ်။ နောက်တော့ အကြောင်းပြန်ပါလိမ့်မယ်ပေါ့။ သူတို့ကလည်း ဒါပဲထပ်ခါတလဲလဲ ပြောနေတော့တာကိုး။ ဒီစကားကိုပဲ ရေလဲသုံးနေတော့တာ။

"ကျုပ်တော့ စိတ်တို"

"ဟိုး. . . ဟိုး ဆရာ။ စိတ်ရှည်၊ ဇွဲသန်၊ သည်းညည်းခံမှုရန်သာသနာလေ။ ခင်ဗျားပဲပြောတာ"

"ဆောရီး ဆောရီး"

"အဲဒါနဲ့ဆက်ပြောပါဦး"

"ဆက်ပြောစရာကို မလိုတော့ပါဘူး။ တစ်လခန့်စောင့်တာတောင် ဘာမှ အကြောင်းမပြန်လို့ သူတို့က ငြင်းလည်း မငြင်းရဲ။ လက်ခံလိုခြင်းလည်း မရှိကြောင်း သိရပါတယ်။ အဲဒါနဲ့ အဲဒီမှာပဲ နိဂုံးကမွတ် အဆုံးသတ်ခဲ့ရတာပါ"

"ဪ ဒီလိုလား။ ဒါကြောင့် ခင်ဗျားက မပြောချင်တာကိုး။ ဆရာတော်ကို ပင့်သွားတာတော့ အကောင်းဆုံးပဲ။ ခင်ဗျားက ကြားထဲက ပွဲစားလိုလို လုပ်တာမဟုတ်ကြောင်း ထင်ရှားပေါ်လွင်သွားတာပေါ့"

"ပြောလက်စနဲ့ ဆက်ပြောပါရစေ။ ချင်းဆရာတော်နှစ်ပါးက ကျုပ်ကိုပြန်ပြောတယ်"

"ဗုဒ္ဓဘာသာမဟုတ်တဲ့ ချင်းအနုပညာရှင်မလေးကို ဆက်သွယ်ပေးပါဦးတဲ့။ ကျုပ်ဆက်သွယ်လိုက်သော အမျိုးသားရေးပဲ ကူညီပေးရမှာပေါ့ဆိုပြီး ဓာတ်ပုံအရိုက်ခံတယ်။ ပိုစတာထုတ်ခွင့်ပေးလိုက်တယ်။ ကဲ ဘယ်နှယ်တုံး"

"အဲဒါပြောတာပေါ့ဗျာ။ ကျုပ်တို့ဗုဒ္ဓဘာသာဝင် အနုပညာအချို့ဟာ မိမိရဲ့အောင်မြင်မှုကို အကြောင်းပြုပြီး သာသနာမပြုတတ်တာ ညံ့ပေလို့ ပြောရမလိုဘဲ။ ဘာသာခြားတွေကတော့ ဒီနေရာမှာ ချီးကျူးစရာပါ။ တချို့က ဗုဒ္ဓဘာသာဖြစ်သွားတဲ့ စကားယဉ်ကျေးမှုနှင့် ဓလေ့တွေကို ပစ်ပယ်သွားကြတယ်လို့ စွပ်စွဲကြတယ်။ ဟိုဗုဒ္ဓဘာသာအနုပညာရှင်မလေးလို လူတွေကြောင့် ဒါမျိုးပြောခံရတယ်နဲ့ တူပါရဲ့"

"အဲဒါမဟုတ်ကြောင်း၊ ကျုပ်တို့က သက်သေပြနေတာလေ။ သားသမီးကျင့်ဝတ် ငါးပါးထဲမှာ မျိုးနွယ်ရဲ့ကောင်းမြတ်သော

အစဉ်အလာများကို စောင့်ထိန်းခြင်းဆိုတာပါပဲ။ မြတ်ဗုဒ္ဓက သိဂါလောဝါဒသုတ္တန်ထဲမှာ သေသေချာချာထည့်ဟောထားပါတယ်။ ကောင်းမြတ်သောအစဉ်အလာဆိုတာ မိဘဘိုးဘွားတွေ ပြုခဲ့တာ။ ကောင်းမှုကုသိုလ်တွေကို ဆက်ပြီးလုပ်ရမယ်။ အမျိုးတွေ နိမ့်ကျဆင်းရဲနေရင် စောင့်ရှောက်ကူညီရမယ်။ မင်္ဂလသုတ်မှာလည်း ပုတ္တဒါရဿသင်္ဂါဟောလို့ ပါတယ်လေ။ အပြစ်ကင်းတဲ့စကား၊ စာပေယဉ်ကျေးမှုတွေ ပျိုးထောင်ထိန်းသိမ်းရမယ်။ ချင်းဆရာတော်တွေကလည်း ဒါကို သိစေချင်တာပါပဲ"

"၂၀၀၈ ခုနှစ်လောက်က ကိစ္စကို ထားပါလေ။ ချင်းပါလကအဖွဲ့ကိုဖွဲ့ပြီးနောက်ပိုင်းကော ခင်ဗျားတို့ မဆက်သွယ်ဘူးလား"

"ကျုပ်ကတော့ ဘယ်ဆက်သွယ်ချင်ပါ့မလဲ"

"အဲဒီလို ပုဂ္ဂိုလ်ရေးအာဃာသတွေ မထားရဘူးလေ။ သာသနာပြုချင်တယ်ဆို"

"ပြောစကားလည်း ဆုံးအောင်နားထောင်ပါဦး ဆရာ။ သမားရယ်။ ချင်းပါလကဖွဲ့ပြီးနောက်ပိုင်းမှာ ဩဝါဒါစရိယဆရာတော်များနဲ့ အဖွဲ့ဥက္ကဋ္ဌတို့က ချင်းအနုပညာရှင်မလေးကို ဆက်သွယ်နိုင်းကြတယ်။ ဝါဆိုသင်္ကန်းကပ်ပွဲတို့ ဘာတို့လည်း လှူလှူတ်ပြီး သွားဖိတ်ခိုင်းပါတယ်။ မလာပါဘူး။ အဖွဲ့ဥက္ကဋ္ဌရဲ့အိမ်နဲ့ သူ





မအိမ်က မဝေးလှဘူး။ မြို့နယ်ကလည်း တစ်ခုတည်းမှာပဲလေ။

တစ်နေ့တော့ ချင်းရောင်ခြည်မျက်နှာဖုံးမှာ ချင်းအနုပညာရှင်မလေးရဲ့ပုံသုံးဖို့ ရလိုရငြား တောင်းကြည့်ကြစို့။ ပေးတာမပေးတာ သူ့တာဝန်။ သာသနာအတွက် တောင်းဖို့က တို့တာဝန်ဆိုပြီး ဖြစ်ကြပြန်ရော။ ကျုပ်ကလည်း အများဆန္ဒကို အကောင်အထည်ဖော်ပေးရတာပေါ့။ ကိုယ်တိုင်တော့ မသွားတော့ပါဘူး။

အကျိုးအကြောင်းကို စာနဲ့ရေးပြီး အဖွဲ့ဥက္ကဋ္ဌက လက်မှတ်ထိုးတယ်။ လူလွှတ်ပြီး စာပို့ခိုင်းတယ်။

"အကြောင်း မပြန်ဘူး မဟုတ်လား"

"မပြန်ပါဘူး။ မိတ်ဆွေကြီးတောင်မှန်းတတ်နေပြီ။ ခင်ဗျား မေးလွှန်းလို့သာ ဒါတွေပြောနေရတာ။ သူများမကောင်းကြောင်းပြောမိသလိုများ ဖြစ်နေမလား"

"လုပ်ရပ်တွေတူပေမယ့် စိတ်ဓာတ်မတူရင် အကျိုးပေးလည်း မတူပါဘူးဗျ။ လူ့ခန္ဓာကိုယ်အစိတ်အပိုင်းကို ဓားနဲ့ထိပါးတာချင်းတူသော်လည်း ခွဲစိတ်ဆရာဝန်ရဲ့ စိတ်ဓာတ်က လူ့အသက်ကယ်ဖို့ပဲ။ ဓားပြရဲ့စိတ်ဓာတ်က လူ့အသက်သတ်ဖို့ပဲ။ ခုလည်း သာသနာတော် ထွန်းကားရေးကိုသာ ဦးတည်ပြောကြားခြင်းဖြစ်တဲ့အတွက် ကုသိုလ်ရမှာပါ။ ကျုပ်တို့ရဲ့ ရည်ရွယ်ချက်ကလည်း

နာမည်ကျော်ပုဂ္ဂိုလ်တွေဟာ သူတို့ရဲ့ထင်ပေါ်ကျော်ကြားမှုဖြင့် သာသနာပြုစေချင်တဲ့ စေတနာပဲ မဟုတ်လား"

"ဟုတ်ပါတယ်။ ရှေးဘုန်းရှေးကံရှိမှ သာသနာပြုနိုင်တဲ့ အကြောင်း ပါဠိတော်ရှိပါတယ်။

**သာသနံ ပုညဝန္တဿ၊ ပုညဝန္တာဝ လဗ္ဘရေ။**

**နပွပုညာ ကရဟာစိ၊ ပဂ္ဂဏှိတု မဝိသယာ။**

ဘုန်းရှင်ကံရှင် ဘုရားရှင်၏ အံ့ဖွယ်ရှစ်ဖြာ သာသနာ သည် ရှေးဘုန်းရှေးကံရှိခဲ့သူတို့သာလျှင် ပစ္စယ ဓမ္မနှစ်ဝလုံလောက် ထောက်ပံ့ခြင်းငှာ ကောင်းစွာရနိုင်ပါ၏တဲ့။ ဘုန်းကံဆိုတာ ပုညကောင်းမှုဆိုတဲ့ပုဒ်က ဆင်းသက်လာတာ။ ငွေကြေးဥစ္စာချမ်းသာခြင်း၊ အာဏာရှိခြင်း၊ ထင်ပေါ်ကျော်ကြားခြင်းဆိုတဲ့ ရှေးဘုန်းရှေးကံကြောင့် အဓိကဖြစ်လာတာပါ။ (ရှေးဘုန်းရှေးကံရှိသော်လည်း ပစ္စုပ္ပန်ကံက အားမစိုက်ပေးလျှင် အောင်မြင်သင့်သလောက် မအောင်မြင်နိုင်ပါ) ဝိသာခါကျောင်းအမကြီးအကြောင်း သတိရလာတယ်ဗျာ။ သူ့ယောက္ခမ(ယောက်ျားသူ)က သူ့ဘာသာသူပဲ ထမင်းစားနေတာ။ အလှူခံရဟန်းကို မလှူဘူးတဲ့။ ဝိသာခါက ယောက္ခမဟာ(အစားဟောင်း)ကိုပဲ စားနေတာလို့ ပြောလိုက်သတဲ့။ အစာဟောင်းဆိုတာ မစင်လို့လည်း အဓိပ္ပာယ်ရတယ်။ ယောက္ခမ





စိတ်ဆိုးတာပါ။ ဝိသာခါဆိုလိုတာက ဘဝဟောင်းက ကုသိုလ်ကြောင့် ရအပ်တဲ့ အစာဟောင်းလို့ ဆိုလိုတယ်။ ယခုဘဝမှာ ကုသိုလ် အသင်အဖြစ် လှူဒါန်းခြင်းမပြုဘူးလို့ ဆိုလိုတာ။

အလားတူပါပဲ ဥစ္စာကြွယ်ဝခြင်း၊ အာဏာရှိခြင်း၊ ထင်ပေါ်ကျော်ကြားခြင်းတွေဟာ ရှေးဘုန်းရှေးကံတွေကြောင့် အဓိကအားဖြင့် ရလာတာပါ။ ဒါကို အသုံးချပြီး ကုသိုလ်ကောင်းမှုတွေ လုပ်ရမယ်လေ။ ကုသိုလ်မလုပ်ရင် ရှေးဘုန်းရှေးကံတွေ ကုန်ခမ်းသွားတော့ ဒုက္ခမရောက်ပေဘူးလား။

"ဘုရားတည် ထီးတင် ဒီကုသိုလ်တွေလည်း အချို့က လုပ်နေကြတာပဲ မဟုတ်လား"

"ဟုတ်ပါတယ်။ လှူတဲ့အခါ ထင်ပေါ်ကျော်ဇောလိုခြင်း၊ အခွင့်အရေးတစ်စုံတစ်ရာ မျှော်ကိုးခြင်း၊ သဒ္ဓါတရားအစစ်အမှန်ကြောင့် မဟုတ်ဘဲ ယတြာဆရာက ယတြာချေခိုင်းတဲ့အတွက် လုပ်ခြင်းဆိုတာကတော့ အကျိုးပေးညံ့မှာပေါ့။ မျိုးစေ့က အမှော် အဖျင်းများရင် သန်းစွမ်းတဲ့အပင် နည်းလိမ့်မယ်ဗျ"

"ဟုတ်ပါတယ်။ ဟိုအနုပညာရှင်မလေးသည်လည်း ရှေးဘုန်းရှေးကံကောင်းခြင်းကြောင့်လည်းကောင်း၊ ပစ္စုပ္ပန်ကံကို အားထုတ်ခြင်းကြောင့်လည်းကောင်း ရရှိခံစားနေရတဲ့ ထင်ပေါ်ကျော်

ကြားခြင်း၊ ငွေကြေးချမ်းသာခြင်းကို ကောင်းမြတ်သော ရင်းနှီးမြှုပ်နှံမှုအဖြစ် အမျိုး၊ ဘာသာ၊ သာသနာတော်အတွက် အသုံးချဖို့ သတိရနိုင်ပါစေလို့ အာသီသပြုလိုက်ရပါတယ်ဗျာ"

"ခင်ဗျားတို့ ချင်းပါလကအဖွဲ့ကလည်း ကိုယ်ပြောတိုင်း လက်မခံရကောင်းလားဆိုပြီး စိတ်မဆိုးကြဘဲ(အကုသိုလ် အဖြစ် မခံကြဘဲ) သာသနာပြုစိတ်ဓာတ် မားမားမတ်မတ်ဖြင့် မေတ္တာတရားရှေ့ထားကာ အမှန်ကိုသိမြင့်ကျင့်ကြံလာစေဖို့ စွမ်းဆောင်နိုင်ကပါစေဗျာ. . ."

ချင်းရောင်ခြည်၊ ဩဂုတ် ၂၀၁၃



# ဗဟုယဉ်ကျေးမှု ထွန်းကားသော ချင်းလူ့အဖွဲ့အစည်းတည်ဆောက်ရေး

ချင်းမျိုးနွယ်စုအားလုံးသည် မူလက နတ်ဘာသာကိုသာ ကိုးကွယ်ခဲ့ကြသူများ ဖြစ်ပါသည်။ နောက်ပိုင်းတွင် အချို့က ဗုဒ္ဓဘာသာကို ကိုးကွယ်လာကြပြီး၊ အချို့က ခရစ်ယာန်ဘာသာကို ကိုးကွယ်လာကြပါသည်။ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်ရှိပါတယ်။ လူ့သဘာဝအရ မိမိတို့ကိုးကွယ်ယုံကြည်သော ဘာသာကို၊ မယုံကြည်သေးသူများအား ဟောပြကာ ကိုးကွယ်ယုံကြည်စေလိုသော စေတနာများ ရှိလာကြသည်။ ထိုအခါ မိမိတို့ဘာသာက သာ မှန်ကြောင်း၊ ကောင်းကြောင်း သိသာထင်ရှားစေရန် နှိုင်းယှဉ်ခြင်း၊ သက်သေခံခြင်း၊ ဥပမာပေးခြင်းများဖြင့် စည်းရုံးကြပါသည် ထိုသို့စည်းရုံးရာတွင် ရိုးသားသော နည်းလမ်းများအသုံးပြုခြင်း ရှိသလို လူမှုရေး၊ လူမျိုးရေး၊ စီးပွားရေးကိစ္စများဖြင့် ရောနှောမွှေနှောက်၍ လိုသလိုဆွဲကာ စည်းရုံးခြင်းများလည်း ရှိပါသည်၊

ထိုအခါ မိရိုးဖလာအရ ကိုးကွယ်ခြင်း၊ ယုံကြည်သောကြောင့် ကိုးကွယ်ခြင်းနှင့် အကျိုးစီးပွား တစ်စုံတစ်ရာကြောင့် ကိုးကွယ်ခြင်းဟူ၍ သုံးမျိုးရှိလာပါသည်။ ထိုသုံးမျိုးတွင် မိမိသည် မည်သည့်အမျိုးအစားထဲ၌ ပါဝင်ကြောင်း ကိုယ်တိုင်ပင် သုံးသပ်သိရှိနိုင်ပါသည်။ ထိုသုံးမျိုးအပြင် အခြားသော အချက်များလည်း ရှိကောင်းရှိပါလိမ့်မည်။

မြို့နယ်တစ်ခုနှစ်တစ်ခုသည် ကိုးကွယ်ရာဘာသာမတူညီခြင်းမျိုးရှိတတ်သည်။ မြို့နယ်တစ်ခုအတွင်း၌ပင် ဟိုဘက်ဒေသနှင့် သည်ဘက်ဒေသတို့ ကိုးကွယ်ရာ မတူညီတတ်ကြပါ။ ရွာ၊ မျိုးနွယ်စု၊ ဆွေမျိုးစု၊ မိသားစုအတွင်း၌ပင် ကိုးကွယ်ရာ မတူညီမှုမျိုးတွေ့လာရသည်။ ညီက ဗုဒ္ဓဘာသာကိုးကွယ်ပြီး အစ်ကိုက ခရစ်ယာန်ကိုးကွယ်ခြင်း၊ ဇနီးက ခရစ်ယာန်ကိုးကွယ်ပြီး ခင်ပွန်းက ဗုဒ္ဓဘာသာကိုးကွယ်ခြင်းမျိုးလည်း ရှိလာသည်။ အချင်းချင်းဆွေးနွေးငြင်းခုန်မှုမျိုးလည်း ဖြစ်ပေါ်တတ်ရာ ဤကိစ္စကို အမြင် နှစ်မျိုးဖြင့် မြင်လာကြသည်။

(၁) ဘာသာရေးပဋိပက္ခများ ဖြစ်ပေါ်စေနိုင်သော အကြောင်းတရားဟု အချို့က အဆိုးမြင် မြင်ကြသည်။

(၂) Multi Culture ဟုဆိုသော ဗဟုယဉ်ကျေးမှုဖြင့် မတူညီကွဲပြားသူများ ညီညီညွတ်ညွတ်နေထိုင်စေနိုင်သော အကြောင်းတရားဟု အချို့က အကောင်းမြင် မြင်ကြသည်။



ချင်းလူငယ်တစ်ဦးက ထိုအမြင် နှစ်မျိုးတွင် မည်သည့်အမြင်ရှိပါသနည်းဟု စာရေးသူကို မေးဖူးသည်။ စာရေးသူက ထိုနှစ်မျိုးစလုံးမရှိပါဟု ဖြေလိုက်ရာ အံ့ဩသွား၏။ စာရေးသူ၏ အမြင်ကို ပြောပြရာ သူသဘောကျသွားသည်။ စာရေးသူအမြင်မှာ အမြင်ကျဉ်း၊ သဘောထားသေးသိမ်သူများ၊ များလာလျှင် ဘာသာရေးပဋိပက္ခများ ဖြစ်ပေါ်လာနိုင်ပြီး၊ အမြင်ကျယ်၊ သဘောထားကြီးသူများ များလာလျှင် ဗဟုယဉ်ကျေးမှုထွန်းကားသော ချင်းလူ့အဖွဲ့အစည်းဖြစ်ပေါ်လာမည်ဟု မြင်သောအမြင်ဖြစ်သည်။

ဗုဒ္ဓဘာသာဝင်များတွင် အမြ ကျဉ်း၊ သဘော ားသေးသိမ်သူများ ရှိနိုင်သလို၊ အမြင်ကျယ်၊ သဘောထားကြီးသူများလည်း ရှိနိုင်သည်သာ ဖြစ်သည်။ ခရစ်ယာန်ဘာသာဝင်များတွင် အမြင်ကျဉ်း သဘောထားသေးသိမ်သူများ ရှိနိုင်သလို၊ အမြင်ကျယ် သဘောထားကြီးသူများလည်း ရှိနိုင်သည်သာဖြစ်သည်။

ချင်းလူငယ်တစ်ဦးက ပြဿနာတွေ မဖြစ်ရလေအောင် ချင်းအားလုံး ဟိုတုန်းကလို နတ်ဘာသာပဲ တစ်ညီတစ်ညွတ်တည်း ပြန်ပြီး ကိုးကွယ်ကြရင် မကောင်းဘူးလားဟု ပြော၏။

တရုတ်တွေ၊ ဂျပန်တွေထဲမှာ နတ်ကိုးကွယ်သူတွေလည်း တိုးတက်ထွန်းကားကြီးပွားနေကြတာပဲ မဟုတ်လားဟု ဆက်၍ပြောသေး၏။ စာရေးသူက ချင်းတို့ရဲ့ နတ်ဘာသာအယူအဆမှာ လူမှုဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားခြင်းမျိုး အဘယ်မျှလောက် ပါရှိခဲ့သည်ကို လေ့လာရမည်ဖြစ်ကြောင်း၊ တရုတ်၊ ဂျပန်တို့၏ နတ်ဘာသာက လူမှုဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားခြင်းမျိုး ရှိနိုင်ခဲ့သော်လည်း မြှုပြင်နိုင်ခဲ့သည်ဟု သိရကြောင်း၊ ချင်းတို့ကလည်း ထိုသို့မြှုပြင်နိုင်ပါ့မလားဟု စဉ်းစားသင့်ကြောင်း၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် အယူအမြင်စင်ကြယ်ရေးတို့မှာ အပြန်အလှန် အထောက်အကူဖြစ်ကြကြောင်း၊ ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှားရှိချိန်က မိန်းမများကို လူရာမသွင်းသော အိန္ဒိယလူ့အဖွဲ့အစည်းတွင် ဘိက္ခုနီ(အမျိုးသမီးရဟန်း)များ ဝတ်ခွင့်ပြုခဲ့ကြောင်း၊ နွားကျောင်းသားငယ် တစ်ဦး ဆာလောင်စွာ ဘုရားကျောင်းသို့ ရောက်လာခဲ့ရာ ထမင်းကျွေးစေပြီးမှ တရားဟောခဲ့ကြောင်း၊ ထမင်းဝပြီးမှ တရားနာရာ သမာဓိရ၍ မဂ်ဖိုလ်ချမ်းသာကို ခံစားရကြောင်း ပြောခဲ့၏။

ချင်းခရစ်ယာန်မဗွဆရာတစ်ဦးက ဤသို့ရင်ဖွင့်၏။ "ကျုပ်တို့နယ်ဘက်က ကလေးတွေကို စားဝတ်နေရေးတာဝန်ယူပြီး ကျောင်းထားပေးမယ်၊ စာသင်ပေးမယ်ဆိုပြီး ရန်ကုန်ကိုခေါ်လာ





ခဲ့တယ်။ ရန်ကုန်ရောက်တော့ အတင်းအကျပ်ပဲ သီလရှင်ဝတ်ခိုင်းတယ်။ ကိုရင်ဝတ်ခိုင်းတယ်။ ချင်းမလေးအချို့ထွက်ပြေးလာပြီး ပြောမှ ပေါ်ကုန်တယ်။ နိုင်ငံခြားအသံလွှင့်ဌာနကလည်း အဲဒီကိစ္စ လွှင့်ခဲ့တယ်။ သူတို့က ဗုဒ္ဓဘာသာပြန့်ပွားစေချင်ရင် ဟိုတုန်းက တည်းက ပညာရေး၊ ကျန်းမာရေး၊ လူမှုဖွံ့ဖြိုးရေးတွေမှာ မြှင့်တင်ပေးမယ်။ အသိဉာဏ်ဖွင့်ပေးမယ်ဆိုရင် ကျွန်တော်တို့ကို ဗုဒ္ဓဘာသာထဲ မဝင်ပါနဲ့ဆိုရင်တောင် ဝင်ကြမှာပဲ"

အမြော်အမြင်နည်း၍ သာသနာပြုရာ၌ ကျွမ်းကျင်ရာလိမ္မာခြင်းမရှိသော ဗုဒ္ဓဘာသာဝင်များက ၁၉၉၀ ပြည့်လွန်နှစ်များတွင် ကျူးလွန်ခဲ့သော မှားယွင်းချက်များ ဖြစ်ပါသည်။ ချင်းဗုဒ္ဓဘာသာဝင် အမျိုးသမီးတစ်ဦး၏ ရင်ဖွင့်လွှာကို ဖတ်ကြည့်ပါ။

"ကျွန်မ ၁၉၈၀ ပြည့်နှစ်ဝန်းကျင်လောက်က ရန်ကုန်တက္ကသိုလ်ကို ရောက်ခဲ့တယ်။ ဘာသာခြားချင်းတွေက ကျွန်မနဲ့တွေ့ရင် ဘယ် Church (ဘုရားရှိခိုးကျောင်း)တက်သလဲလို့ချည်းပဲမေးကြတယ်။ ကျွန်မတို့ရွာမှာ ရာခိုင်နှုန်း ၇၀ က ဗုဒ္ဓဘာသာတွေပါ။ သူတို့မေးတော့ အဆင့်ကျော်နေတယ်။ ဘယ်ဘာသာဝင်လဲလို့ အရင်မေးရမှာ။ ခရစ်ယာန်ဘာသာဝင်ပါလို့ဖြေမှ ဘယ် Church တက်သလဲ ဆက်မေးသင့်တယ်။ ကျွန်မ နာကျင့်ခံစားခဲ့

ရတယ်။ ကျွန်မ ဗုဒ္ဓဘာသာဝင်ပါလို့လည်း ဖြေလိုက်ရော စိမ်းကားခွဲခြားတဲ့အကြည့်နဲ့ကြည့်ပြီး "ချင်းဆိုရင် ခရစ်ယာန်ဖြစ်ရမှာလေ။ ဘယ့်နှယ်ကြောင့် ဗုဒ္ဓဘာသာဖြစ်ရတာလဲ"လို့ ပြောကြတယ်။ ဖော်မပြနိုင်လောက်အောင် ပိုပြီးနာကျင်ခံစားခဲ့ရတယ်။ သူတို့ပြောတာ မဟုတ်မှန်း သိပေမယ့် အကျိုးသင့် အကြောင်းသင့် မချေပတတ်ခဲ့ဘူး။ ချင်းကို ဗုဒ္ဓဘာသာ မကိုးကွယ်ရဘူးလို့ ဘယ်သူပြော်သလဲလို့ စိတ်တိုတိုနဲ့ ရန်တွေ့ခဲ့တယ်။ အပြောခံရတာများလွန်းလို့၊ တစ်ခါတစ်လေ ရန်တွေချင်စိတ်တောင် မရှိတော့ဘူး။ သူတို့ကလည်း ဗုဒ္ဓဘာသာဝင်ဆိုတာနဲ့ အခေါ် အပြောမလုပ်ချင်လောက်အောင် စိမ်းကားသွားကြတယ်။ အဲဒါက ကျွန်မတို့ တက္ကသိုလ်ကျောင်းသူ ဘဝမှာပေါ့။

ခြောက်နှစ်လောက် နောက်ကျပြီး တက္ကသိုလ်ရောက်လာတဲ့ ညီမလေးတွေ၊ မောင်လေးတွေခေတ်ကျတော့ သူတို့က နာကျင်ခံခက်အောင် ပြောနေကြသေးပေမယ့် အခေါ် အပြော အပေါင်းအသင်းလုပ်ကြပါတယ်။ ခုချိန်မှာတော့ ဒါမျိုးတွေမရှိတော့သလောက်ဖြစ်သွားပေမယ့် တူလေးကို ချင်းမှန်ရင် ခရစ်ယာန်ဖြစ်ရမယ်ဆိုပြီး ကလေးအချင်းချင်းပြောသတဲ့။ တူလေးကလည်း မင်းပြောတာမှားတယ်။ ချင်းစစ်ရင် ဗုဒ္ဓဘာသာဖြစ်ရမယ်လို့ ပြန်ပြောတယ်။





ချင်းညီကို အချင်းချင်းတွေပဲ။ ဘာသာရေးကြောင့် စိတ်ဝမ်းမကွဲသင့်ဘူး။

၂၀၀၀ ပြည့်လွန်နှစ်များက ထုတ်ဝေခဲ့သော ချင်းတက္ကသိုလ်ကျောင်းသား နှစ်လည်မဂ္ဂဇင်းတစ်ခုတွင် ဆလိုင်း NS က အောက်ပါအတိုင်း ရေးသားခဲ့၏။ (သူသည် အရေးအသား၊ အပြောအပြောကောင်း၏) ခင်မင်းနှစ်လိုဖွယ် မျိုးချစ်ပုဂ္ဂိုလ်ဟုဆိုကြ၏။ တရားသူကြီးဟောင်း၊ ဥပဒေပညာရှင်ရှေ့နေတစ်ဦးလည်းဖြစ်သည်။ သူလိုလူက ဤသို့ရေးခဲ့၏)

(ဗုဒ္ဓဘာသာဝင် ချင်းလူမျိုးများသည် မြန်မာဓလေ့ထုံးတမ်းဥပဒေနှင့်သာ သက်ဆိုင်သူများဖြစ်ကြ၍ ဗုဒ္ဓဘာသာဝင်မဟုတ်သူ ချင်းလူမျိုးများသည် ချင်းဓလေ့ထုံးတမ်းဥပဒေကို လက်တွေ့လိုက်နာကျင့်သုံးရန် လိုအပ်ပါသည်)

ဗုဒ္ဓဘာသာဝင်ချင်းလူမျိုးများအား ချင်းဓလေ့ထုံးတမ်းဥပဒေနှင့် သေခန်းပြတ် ကင်းရှင်းသွားစေရန်၊ မပတ်သက်စေရန် မောင်းထုတ်လိုက်သော အရေးအသားလားဟု ထင်မှတ်စရာဖြစ်နေသည်။

ခရစ်ယာန်ဘာသာဝင်များသာ ချင်းဓလေ့ထုံးတမ်းများကို မြတ်နိုးထိန်းသိမ်းကြမည်မဟုတ်။ ဗုဒ္ဓဘာသာဝင် ချင်းများသည်

လည်း ချင်းဓလေ့ထုံးတမ်းများကို မြတ်နိုးထိန်းသိမ်းခဲ့ကြသည်သာ ဖြစ်ပါသည်။ အချို့ကိစ္စများတွင် ယဉ်ကျေးမှုဓလေ့များကို ပို၍ပင် ထိန်းသိမ်းခဲ့ကြသည်။

ဥပမာအားဖြင့် ချင်းဗုဒ္ဓဘာသာဝင်ကျေးရွာများတွင် နတ်ကိုးကွယ်မှုဆိုင်ရာ အဆောင်အယောင်အလေ့အထများကို ယနေ့တိုင် လေ့လာတွေ့ရှိနိုင်ပါသည်။ မြောက်ပိုင်းရှိ ညီအစ်ကို တစ်ဦးက (ကျွန်တော်တို့နယ်မှာ လူမှုဖွံ့ဖြိုးရေးနဲ့ ခရစ်ယာန်ထွန်းကားရေးကို အလေးပေးလွန်းတော့၊ နတ်တိုင်တွေ နတ်အဆောင်အယောင်တွေ အကုန်လုံးဖျက်ဆီးလွှင့်ပစ်ခဲ့ကြတယ်။ ကြည့်စရာ လေ့လာစရာ အရမ်းနည်းသွားပြီ။ တောင်ပိုင်းက ညီအစ်ကိုတွေ လောက် မရှိတော့ဘူး)ဟု ဆို၏။

ဆရာ NS က မြန်မာ့ဓလေ့ထုံးတမ်းဥပဒေသည် ချင်းဓလေ့ထုံးတမ်းဥပဒေကို မတရားသဖြင့် လွှမ်းမိုးပစ်သည်ဟုသာ အတိအလင်းရေးသင့်ပါသည်။ ဥပဒေဟူသည်လူတွေက သတ်မှတ်ထားခြင်းဖြစ်၍ မတရားသော ဥပဒေကို တရားမျှတအောင် ပြုပြင်ဖို့သာ အလေးအနက် တောင်းဆိုရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ခေတ်နှင့်မညီသော တရားမျှတမှုမရှိသော ဥပဒေများ စွာရှိနေရာ၊ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေသည်လည်း တစ်ခုအပါ

မိတ်ဆွေစာပေ



အဝင်ဖြစ်နိုင်သည်။ ဥပဒေက တရားမျှတမှု မရှိသဖြင့် ဗုဒ္ဓဘာသာဝင် ချင်းများကို ချင်းဓလေ့ထုံးတမ်းဥပဒေနှင့် လုံးဝမသက်ဆိုင်စေရန် မောင်းထုတ်လိုက်ခြင်းသည်၊ ညစ်ပေနေသောလက်ကို ဆေးကြောရမည့်အစား ခုတ်ဖြတ်လိုက်ခြင်းနှင့် တူသည်။

တစ်နည်းအားဖြင့် ချင်းဗုဒ္ဓဘာသာဝင်များသည် ချင်းဓလေ့များကို ထိန်းသိမ်းနိုင်ခြင်းမရှိဟု စွပ်စွဲပုတ်ခတ်ရာရောက်သည့်အပြင် ခရစ်ယာန်ထဲဝင်မှ ချင်းဓလေ့များကို လိုက်နာကျင့်သုံးနိုင်မည်ဖြစ်၍ ချင်းဓလေ့မြတ်နိုးသူတိုင်း ခရစ်ယာန်ထဲဝင်ကြပါဟု မလျော်မကန် ဆွယ်တရားဟောသကဲ့သို့ ဖြစ်နေသည်။ ထိုသို့သော အရေးအသားမျိုးသည် အမြင်ကျယ်၊ သဘောထားကြီးသူ ဗဟုယဉ်ကျေးမှုထွန်းကား စေလိုသူများအတွက် ဆူးငြောင့်ခလုတ် သဖွယ်ဖြစ်နိုင်သည်။

ချင်းပြည်နယ်ကို ခရစ်ယာန်ပြည်နယ်ဟု တိုးတိုးတစ်မျိုး ကျယ်ကျယ်တစ်ဖုံ ပြောဆိုကြွေးကြော်နေသူများလည်း ဗဟုယဉ်ကျေးမှုအတွက် သတိပြုစရာများဖြစ်သည်။

ချင်းရောင်ခြည်၊ မေ ၂၀၁၄

**ဆလိုင်းရွှေလင်း**

မိတ်ဆွေစာပေ